# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 23 April 2020 ၉၉၉၁


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID- 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID– 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၂၂

Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID– 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


- ❍ **နိုင်ငံတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံရေရှည်တည်တံ့ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစရာမလို**
- ❍ **ပြဿနာရှိမည်ဆိုပါက ရင်ဆိုင်ကျော်လွှားသွားကြရမည်**
- ❍ **အားလုံးသည် ပြည်သူများဖြစ်သည်ဆိုသည့် စိတ်ဓာတ်ထားရှိကြရမည်ဖြစ်**

## ကြေးမုံ ယနေ့ ဖတ်စရာ


**နိုင်ငံတော် အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅

**ကိုဗစ်-၁၉ ရောဂါ အိမ်မွေးတိရစ္ဆာန်များနှင့် ပိုင်ရှင်တို့အကြား သတိထားသင့်သော အကြောင်းအရာများ** ဆောင်းပါး စာမျက်နှာ » ၂၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ကောင်းကျိုးဆောင်သူများနှင့် ဖျက်ဆီးသူများ

လောကတွင် အကောင်းနှင့်အဆိုးတို့ ဒွန်တွဲနေသည်။ လောကလူသားများ၏ ကောင်းကျိုးများကို ဆောင်ရွက်နေကြသူများရှိသကဲ့သို့ ဖျက်ဆီးနေကြသူများကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် ရောဂါကပ်ဘေးကို အများပြည်သူတို့ ကြုံတွေ့ကြပြီး ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ယင်းဘေးဒုက္ခများအား နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအများ ဝိုင်းဝန်းဖြေရှင်းနေချိန်တွင် ပြည်သူများအား ဒုက္ခဆင်းရဲ ရောက်အောင် လုပ်ဆောင်ကြသူများကို ဝိုင်းဝန်းရှုတ်ချ တိုက်ဖျက်ကြရမည်ဖြစ်သည်။

ယခုအခါ တစ်ကမ္ဘာလုံးရှိ ပြည်သူများသည် ကပ်ရောဂါဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးကို ဦးစားပေးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြသည်။ နိုင်ငံတစ်ဝန်းလုံး၌ အစိုးရ၊ ပြည်သူ၊ စေတနာ့ဝန်ထမ်းများက အများပြည်သူအကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးနေချိန်တွင် ULA/AA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အဖျက်၊ အမှောင့်လုပ်ရပ်များ အဆက်မပြတ်လုပ်ဆောင်နေသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ကြားသိရသည်။

ထိုသို့ အဖျက်၊ အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဒုက္ခဆင်းရဲ ရောက်နေကြသည်။ စားနပ်ရိက္ခာပြတ်လပ်၍ အတိဒုက္ခရောက်လျက်ရှိသော ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ ပြည်သူများအတွက် ရိက္ခာဆန်များကို ဧပြီလ ၁၉ ရက်နေ့တွင် ဒေသအရောက်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းသိရသဖြင့် ဝမ်းမြောက်မိသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အဖျက်၊ အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သား အရာရှိ၊ စစ်သည်များအားလုံးတို့က အသက်စွန့်၍ ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိရာ ၎င်းတို့ကို အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်စဉ်များကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရသည်။ ULA / AA အကြမ်းဖက်အုပ်စုသည် ယမန်နှစ် ဇွန်လ ၂၇ ရက်နေ့က ရခိုင်ပြည်နယ် မောင်တောဒေသအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်ကား ခြောက်စီးကို မိုင်းဖောက်ခွဲ၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ယခု ဧပြီလ ၂၀ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်မြို့သို့ ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကုလသမဂ္ဂတံဆိပ်ပါ မော်တော်ယာဉ်အား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း စိတ်မကောင်းဖွယ်ကြားသိရသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သော သေဆုံး၊ ဒဏ်ရာရသည့် အရပ်သားများ၊ မိသားစုဝင်များအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ စားဝတ်နေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်ဖက်အဖွဲ့အစည်းများက ငြိမ်းချမ်းရေးကို အလေးထားရေးရှုဆောင်ရွက်နေချိန်တွင် ULA / AA အကြမ်းဖက်အုပ်စု၏ ယခုကဲ့သို့ အဖျက်လုပ်ရပ်များသည် လူသားမဆန်သည့် ကျူးလွန်မှုများဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် အများပြည်သူတို့ ကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲအခက်အခဲများမှ လွတ်မြောက်နိုင်အောင် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးကြသူများအား အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးကြရမည်ဖြစ်သလို ဒုက္ခဆင်းရဲရောက်နေကြသူ ပြည်သူများ၏ ကောင်းကျိုးစီးပွားများအား ပျက်စီးရာပျက်စီးကြောင်းပြုလုပ်ကြသည့် အဖျက်သမားများအား ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေး အတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၂၉ | ၃၀၄,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၄,၁၆၄ | ၁၅,၀၉၇,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁ | ၈,၃၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၁၁ | ၂၃၁,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၇ | ၁၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၂

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၄၅/၄၇၀ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၄၀/၅၀၀ | ကျပ် | ၄၉၅/၅၆၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၁၀/၃၅၀ | ကျပ် | ၃၅၀/၃၉၀ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၄၈၀ | ကျပ် | ၄၇၅/၅၀၅ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၀/၄၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၀၀/၄၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၆၀/၂၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၀.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၂၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၄၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၈၁၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၈.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၈၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၂.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉.၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID– 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

- **အလုပ်သမားအသိုက်အဝန်းများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပေးစေလို**
- **ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအနေဖြင့် ကျန်းမာရေးဂရုစိုက်ခြင်းကို ပထမဆုံး ဂရုစိုက်ဆောင်ရွက်ကြရမည်**
- **အလုပ်သမားများ၏ ဝမ်းစာရေး၊ ကျွမ်းကျင်မှုများမြှင့်တင်ရေး၊ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရန် လိုအပ်သည့်အတွက် COVID- 19 ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များကို COVID- 19 အလွန်ကာလများအထိ ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်**

❂ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ညီညီညွတ်ညွတ်လုပ်ဆောင်**

ထို့နောက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က COVID– 19 ကာလ အလုပ်ရှင်၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်သားများကျွမ်းကျင်မှုမြှင့်တင်ရေး၊ COVID– 19 ဆိုင်ရာထုတ်ပြန်ချက်၊ ညွှန်ကြားချက်များ လိုက်နာမှုရှိစေရေးနှင့် ဥပဒေချိုးဖောက်သူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြည်သစ်ညွန့်ဝေ(ခ) ဦးမောင်မောင်က COVID– 19 ကာလ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားများ COVID– 19 ဆိုင်ရာကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရေး၊ COVID– 19 ကာလ အကျပ်အတည်းများနှင့် လူမှုစီးပွားရေးပြဿနာများ၊ COVID– 19 ကြောင့် အလုပ်မှ ရပ်ဆိုင်းခံရခြင်း၊ ယာယီရပ်ဆိုင်းခံရခြင်း၊ အလုပ်ပိတ်သိမ်းသွားခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားကြသည့် အလုပ်သမားများအား ပံ့ပိုးကူညီနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်ရှင်၊ အလုပ်သမားများနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကျင်းပ၍ အခက်အခဲဖြေရှင်းဆောင်ရွက်မှုများ၊ Coronavirus Disease 2019 ( COVID– 19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Coronavirus Disease 2019 (COVID– 19) ဆိုင်ရာ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ၊ ထုတ်ပြန်ချက်များကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ သိရှိလိုက်နာဆောင်ရွက်ရေးနှင့် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထုတ်ပြန်သည့် ညွှန်ကြားချက်များကို ပိုမိုရှင်းလင်းတိကျရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ တရားဥပဒေသည် လူ့အသိုင်းအဝိုင်းတည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ အလုပ်သမားနှင့် အလုပ်ရှင်လက်တွဲ၍ မိမိနိုင်ငံ၊ မိမိအသိုင်းအဝိုင်းတိုးတက်မှုအတွက် ဆောင်ရွက်နိုင်သည့် အစိတ်အပိုင်းဖြစ်သည်ဟု ရှုမြင်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေကိုချိုးဖောက်လျှင် ဥပဒေအရ အရေးယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အလုပ်သမား၊ အလုပ်ရှင်နှင့် ပတ်ဝန်းကျင်လုံခြုံရေးအတွက်ဖြစ်ပါကြောင်း၊ တရားဥပဒေကို တိကျစွာ လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံ၏စီးပွားရေးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကို လိုအပ်ပါက ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေဖြစ်ရန် ဖန်တီးပေးကြရမည် ဖြစ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့နိုင်ငံအတွက် အကျိုးပြုမည့်သူများဖြစ်ရန် လိုအပ်ပါကြောင်း၊ နှစ်ဖက်စလုံး အကျိုးအမြတ်ရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း၊ အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးကို အလေးထားသည့် အလုပ်ရှင်များ ဖြစ်စေလိုပါကြောင်း၊ နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုး၊ အလုပ်သမားများ၏အကျိုးအတွက် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင် ညီညီညွတ်ညွတ် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

**အားလုံးပူးပေါင်းဆောင်ရွက်**

Coronavirus Disease 2019 ( COVID– 19 ) ဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် ညွှန်ကြားချက်များကို မလိုက်နာသည့် စက်ရုံများအား လိုက်နာစေရန် ချက်ချင်းစုံစမ်းပြီး စည်းမျဉ်း စည်းကမ်းဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ရုံများနှင့်ပတ်သက်၍ COVID– 19 ဆိုင်ရာ လုပ်ငန်းစဉ်များ စစ်ဆေးပြီးပါက စစ်ဆေးပြီးကြောင်း၊ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း လက်မှတ်ထုတ်ပေးခြင်းသည် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ တစ်ကြိမ်တစ်ခါစစ်ဆေးရုံဖြင့် မပြီးပါကြောင်း၊ COVID– 19 ရောဂါကို ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်သည်အထိ၊ ပုံမှန်လည်ပတ်နိုင်သည်အထိ စစ်ဆေးသွားကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးသည် တစ်နိုင်ငံလုံး၏ ကျန်းမာရေးပင်ဖြစ်ပါကြောင်း၊ အားလုံးကို ခြုံငုံ၍ ကြည့်ရပါကြောင်း၊ အလုပ်သမားများ၊ ပြည်သူများ၏ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

စက်ရုံတစ်ခုနှင့်တစ်ခုသည် အနေအထားများ မတူညီနိုင်ပါကြောင်း၊ စစ်ဆေးသည့်အခါ လက်ခံနိုင်သည့် အတိုင်းအတာများကို လက်ခံရမည် ဖြစ်ပါကြောင်း၊ အလုပ်သမားများအား ကျန်းမာရေးအသိပညာပေးကြရမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်း စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် နိုင်ငံ၏အကျိုးကိုသာ အဓိကထားကြည့်မည်ဆိုပါက အလုပ်သမားများ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ကြားတွင် ကွာခြားမှုရှိရန် အကြောင်းမရှိပါကြောင်း၊ မိမိတို့သည် ဦးတည်ချက် တူညီကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံရေရှည်တည်တံ့ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစရာမလိုပါကြောင်း၊ ပြဿနာရှိမည်ဆိုပါက ရင်ဆိုင်ကျော်လွှားသွားကြရမည် ဖြစ်ပါကြောင်း၊ အားလုံးသည် ပြည်သူများဖြစ်သည်ဆိုသည့် စိတ်ဓာတ်ထားရှိကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ လိုအပ်ချက်များအား ဆွေးနွေးပေးကြသည်ကို သေချာစွာမှတ်သားပြီး ချက်ချင်းဖြေရှင်းပေးနိုင်မည့် ကိစ္စရပ်များကို ချက်ချင်းဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း၊ အချိန်ယူရမည့် ကိစ္စရပ်များအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်သည်ကို သည်းခံပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုဆိုလျှင် မိမိတို့နိုင်ငံတွင် COVID– 19 ရောဂါပိုးဝင်လူနာတစ်ဦးကို တွေ့ရှိသည်မှာ ဧပြီ ၂၃ ရက်က ၁ လ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားမှုသည် ရန်ကုန်တွင် အဓိကအများဆုံး ဖြစ်ပွားနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နယ်စပ်မှ ပြန်လည်ဝင်ရောက်လာသူများ၏ ကျန်းမာရေးကိုလည်း အထူးစိုးရိမ်ရပါကြောင်း၊ အဆိုပါကိစ္စရပ်များအတွက် နိုင်ငံတော်မှ အဆင်သင့်ဆောင်ရွက်ထားပါကြောင်း၊ အလုပ်သမားအသိုက်အဝန်းများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအနေဖြင့် ကျန်းမာရေးဂရုစိုက်ခြင်းကို ပထမဆုံး ဂရုစိုက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါအလုပ်သမားများ၏ ဝမ်းစာရေး၊ ကျွမ်းကျင်မှုများမြှင့်တင်ရေး၊ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရန် လိုအပ်သည့်အတွက် COVID– 19 ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလေ့အကျင့်များကို COVID– 19 အလွန်ကာလများအထိ ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်လုပ်ငန်းရှင်များအကြား Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုနှုန်း မြင့်တက်လာပါက အရန်ရိက္ခာဝယ်ယူရေးကိစ္စကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၃၈ ဘီလီယံ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း၊ အရေးပေါ်ရိက္ခာအဖြစ် အဓိကကျသည့် ဆန်နှင့် ဆီကို ဝယ်ယူရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်ရှိသည့် ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များအနေဖြင့်လည်း လိုအပ်သည့် အကြံပြုချက်များရရှိရန်အတွက် တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ အခြေခံလူတန်းစားများသို့ ကုန်စည်ဖြန့်ဖြူးရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုလျော့နည်းစေရေး၊ ကုန်စည်စီးဆင်းရာလမ်းကြောင်းတစ်လျှောက် အဆင်ပြေချောမွေ့စေရေး၊ အရန်ရိက္ခာဝယ်ယူစုဆောင်းရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်များကိုလည်း ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အရန်ရိက္ခာဝယ်ယူမည့်ကိစ္စရပ်များ၊ ဝယ်ယူမည့်ဈေးနှုန်းနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ ထားရှိသိုလှောင်မည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်စပါးကုန်သည်များအသင်း၊ ကထိန်တော်အသင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းအခက်အခဲများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး MPT ငွေဖြည့်ကတ်၊ အလှူငွေနှင့် စားသောက်ကုန်များလှူဒါန်းမှု လက်ခံရယူ



**ပုသိမ် မေ ၂၂**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် MPT ငွေဖြည့်ကတ်၊ အလှူငွေနှင့် စားသောက်ကုန်များလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာ ဒေါ်ဆွေမာက အလှူငွေကျပ် သုံးသိန်း တန်ဖိုးရှိ MPT တစ်ထောင်တန် ငွေဖြည့်ကတ် ၁၅၀ နှင့် သုံးထောင်တန် ငွေဖြည့်ကတ် ၅၀၊ ဦးမြင့်ဌေး (ကောင်းမြတ်နိုင်ကုမ္ပဏီ) က ဒေါ်လာ ၂၀၀၀ နှင့် အလှူငွေကျပ် ၅၁၀၂၄၆၀ တန်ဖိုးရှိ ဆား ၂၈၃၄၇ ပိဿာတို့အား ပေးအပ်လှူဒါန်းရာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အပိုဆောင်း အာမခံအကာအကွယ်ကို အခမဲ့ထောက်ပံ့ပေးအပ်သွားမည်

**ရန်ကုန် မေ ၂၂**

ပရူဒန်ရှယ်မြန်မာ(Prudential Myanmar) အာမခံကုမ္ပဏီက လက်ရှိဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေအရ ၎င်း၏ အာမခံဝန်ဆောင်မှု ရယူထားသူများအားလုံးကို ဗိုင်းရပ်စ်မှတစ်ဆင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရန် ကိုဗစ်-၁၉ ဆိုင်ရာ အပိုဆောင်း အာမခံအကာအကွယ်ကို အခမဲ့ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း အဆိုပါအာမခံကုမ္ပဏီမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ အခမဲ့ အာမခံအကာအကွယ် အစီအစဉ်တွင် ပရူဒန်ရှယ်မြန်မာ၏ အသက်အာမခံဝန်ဆောင်မှုရယူထားသူ မည်သူမဆို ကိုဗစ်-၁၉ ရောဂါ မတော်တဆ ကူးစက်ခံရသည်ဖြစ်စေ၊ ကူးစက်ခံရမှုကြောင့် အသက်ဆုံးရှုံးသည်ဖြစ်စေ ပရူဒန်ရှယ်မြန်မာက ထပ်ဆောင်းအကျိုးခံစားခွင့်ကို တစ်ပေါင်းတည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အကျိုးခံစားခွင့်ရရှိမည်**

ယင်းအပိုဆောင်း အာမခံအကာအကွယ် အစီအစဉ်ကို အသက်အာမခံ ရယူထားသူ မည်သူမဆို အလိုအလျောက် ရရှိမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၁ ရက်မတိုင်မီ (သို့မဟုတ်) နောက်ဆုံးထား၍ အသက်အာမခံ အတည်ပြုရယူထားသူဖြစ်ရမည်ဖြစ်ပြီး ယခု ကိုဗစ်-၁၉ ရောဂါ အာမခံကာကွယ်မှု အထူးအစီအစဉ်ကို အာမခံ စတင်အသက်ဝင်သည့်နေ့မှ ရက်ပေါင်း ၉၀ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ပရူဒန်ရှယ်မြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ အကျိုးခံစားရာတွင် အာမခံထားသူသည် ကိုဗစ်-၁၉ ရောဂါ၏ ရောဂါလက္ခဏာကို တွေ့ရှိကြောင်း စစ်ဆေးအတည်ပြုခဲ့ပါက အာမခံထားငွေ၏ ၁၀ ရာခိုင်နှုန်းကို ထုတ်ပေးမည်ဖြစ်ပြီး အများဆုံး ငါးသိန်းအထိ လည်းကောင်း၊ ယင်းအပြင် အာမခံထားသူသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုဖြစ်ပေါ်ခဲ့ပါက အာမခံထားငွေ၏ ထပ်ဆောင်း ၁၀၀ ရာခိုင်နှုန်းကို ထုတ်ပေးမည်ဖြစ်ပြီး အများဆုံး သိန်း ၅၀ အထိလည်းကောင်း အကျိုးခံစားခွင့်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပရူဒန်ရှယ်မြန်မာသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကပေးအပ်သည့် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သော အသက်အာမခံလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် လုပ်ငန်းလိုင်စင်ကို လက်ခံရရှိခဲ့ပြီး ပရူဒန်ရှယ်မြန်မာအနေဖြင့် အာမခံ အကာအကွယ်အမျိုးအစားများကို ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**



## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၵပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြင်ဆင်ထားမှုနှင့် ကျည်ထိဒဏ်ရာရပြည်သူများအား သွားရောက်ကြည့်ရှုထောက်ပံ့

**စစ်တွေ မေ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေ ၄ နာရီတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြင်ဆင်ထားရှိမှုနှင့် ကျည်ထိဒဏ်ရာရပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး အဝင်ဝတွင် ရွှေရောင်မေတ္တာဖောင်ဒေးရှင်း လူမှုကူညီရေးအသင်းက ဆေးရုံကြီးသို့ လာရောက်ကြသူများအား ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်ပြီး အသိပညာပေးခြင်း၊ လက်ဆေးပြီး ဆေးရုံအတွင်းသို့ ဝင်ရောက်စေခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဆေးရုံအတွင်းသို့ ဝင်ရောက်ရန် အသိပညာပေးခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် သီးသန့်လူနာဆောင်(Confirmed Case) အမျိုးသားအမျိုးသမီးလူနာ ၄၀ အတွက် ပြင်ဆင်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေဆေးရုံကြီး၌ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များမှ ဒဏ်ရာရလူနာများနှင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်းအာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်သို့ ပို့ဆောင်ရန် သွားရောက်စဉ် ထိခိုက်ဒဏ်ရာရရှိသူ ကျန်းမာရေးကြီးကြပ်(၂)တို့အား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ သံသယလူနာပို့ဆောင်သည့် လမ်းကြောင်းနှင့် သာမန်လူနာများပို့ဆောင်သည့် လမ်းကြောင်းများ ခွဲခြားထားပြီး သီးသန့်လူနာဆောင်မှာ အပေါ်ထပ်၊ အောက်ထပ်နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

အောက်ထပ်တွင် လူနာ ၂၀ နှင့် အပေါ်ထပ်တွင် ၂၀ ကုသနိုင်ရန် နေရာပြင်ဆင်ထားပြီး အောက်ထပ်တွင် ဖြစ်နိုင်ခြေများသည့် သံသယလူနာများကို ခတ်ခွဲအဖြေများ ပို့ပြီးမှ ပိုးတွေ့လူနာများကို အပေါ်ထပ်တွင် ထားမည်ဖြစ်သည်။

ယင်းအဆောင်တွင် ဆရာဝန်၊ ဆရာမများအတွက် တာဝန်ကျအခန်းများကို သီးသန့်ထားမည်ဖြစ်ပြီး တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်မည့်အခန်း၊ ချွတ်မည့်အခန်းများကိုလည်းပြင်ဆင်ထားသည်။ ထို့အပြင် လူနာနှင့်တာဝန်ကျသည့် ဝန်ထမ်းများ အခန်းခွဲထားကာ လူနာများနှင့် ဆရာဝန်၊ ဆရာမများ ထိတွေ့မှု မရှိနိုင်အောင် ပြင်ဆင်ထားသည်။

စစ်တွေဆေးရုံကြီးတွင် လက်ရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅၀၀၊ အောက်ဆီဂျင်ဆလင်ဒါဖြည့်ပြီးသား အလုံး ၁၀၀၊ အောက်ဆီဂျင်ပေးစက် ၁၅ လုံးဖြင့် အသင့်စီစဉ်ထားပြီး ကိုဗစ်လူနာများ ရောဂါပြင်းပြင်းထန်ထန်ဖြစ်လာလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကပေးသည့် စက်တစ်လုံးနှင့် အလှူရှင်များက လှူဒါန်းထားသော စက်နှစ်လုံး စုစုပေါင်းအသက်ရှူစက် သုံးလုံးရှိသည်။

**သီးသန့်စောင့်ကြည့်ရန် စီစဉ်ထား**

ထိုစက်များကို အပေါ်ထပ်၊ အောက်ထပ် ရွှေ့ပြောင်းနိုင်အောင်စီစဉ်ထားပြီး ဆရာဝန်၊ ဆရာမများအတွက် စောင့်ကြပ်ကြည့်ရှုရမည့် အခြေအနေရောက်လာပါက ဝန်ထမ်း၂၀ ခန့်အတွက် ယခင်မျက်စိဆောင်အဟောင်းတွင် သီးသန့်စောင့်ကြည့်ရန် စီစဉ်ထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် အသင့်အနေအထားတွင် ဖြစ်နိုင်ရန် Fever corner နှင့် သီးသန့်ခန်းများတွင် ဆရာဝန် ခြောက်ယောက်၊ ဆရာမ ၁၅ ယောက်နှင့် သန့်ရှင်းရေးဝန်ထမ်း လေးယောက် တာဝန်ချထားကာ ဆရာဝန်၊ ဆရာမ ၂၅ ယောက်ခန့်ကို အလှည့်ကျတာဝန်ချထားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်ထံမှ သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



❒ **မိုင်းယောင်း**

မကြာခဏရှူတစ်ယောက်နဲ့တစ်ယောက်အနည်းဆုံးခြောက်ပေခွာနေ၊ ချောင်းဆိုးရင် တစ်ရှူး၊ လက်ကိုင်ပဝါ၊ တံတောင်ဆစ်ကွေးနဲ့ ကာပြီးဆိုး၊ အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထား၊ အလင်းရောင်ရှိပြီး လေဝင်လေထွက် ကောင်းရာမှာနေ၊ အိပ်ရေးဝအောင်အိပ်၊ နေပူစပ်ခါးရှောင်၊ ကိုယ်ခံအားလျော့နည်းစေတဲ့အပြုအမူရှောင်၊ ဆေးလိပ်၊ အရက်ရှောင်၊ ညှော်နံ့ အပုပ်နံ့ရှောင်စသည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရများနှင့် ရိုးရာဆေးနည်းတစ်ခုခုဖြင့် “ကိုဗစ်-၁၉ ရောဂါကာကွယ်ပါ” အကြောင်းကို အသိပညာပေးခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဦးဝေဇော်နှင့် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များက ဗလမင်းထင်လမ်းမကြီးပေါ်တွင် သွားလာနေသည့် ဒေသခံပြည်သူများအား ရောဂါကြိုတင်ကာကွယ်ရေး ရှောင်ရန်/ဆောင်ရန်အချက်များ ပါဝင်သော “ကိုဗစ်-၁၉ ရောဂါတိုင်းရင်းဆေးနည်းဖြင့် ကာကွယ်ပါ” လက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်သန့်ဆေးရည်နှင့် အရက်ပြန်ထုတ်လုပ်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၂၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်သန့်ဆေးရည်နှင့် အရက်ပြန်ထုတ်လုပ်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အဆိုပါ ပစ္စည်းထုတ်လုပ်သည့်စက်ရုံများသို့ မေ ၂၀ ရက် ညနေပိုင်းတွင် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်(ဈ)ရပ်ကွက်ရှိ Designer Water ရေသန့်စက်ရုံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်သန့်ဆေးရည်ထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်း အရက်ဆီ(Ethanol) အသုံးပြုမှုအား စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်ရှိ ကျားမင်းကြီး အရက်ချက်စက်ရုံမှ အရက်ပြန်ယာယီထုတ်လုပ်နေမှုအခြေအနေများအား သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရန် ရေသန့်စက်ရုံတစ်ရုံ၊ ရွှေမြင်းပျံနှင့် ကျားမင်းကြီး အရက်ချက်စက်ရုံနှစ်ရုံတို့မှ လက်သန့်ဆေးရည်နှင့် အရက်ပြန်များကို ယာယီပြောင်းလဲထုတ်လုပ်လျက်ရှိရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# နီတိ

## ကောင်းမြတ်နွယ်(စင်ကာပူ)

**လောကနီတိနဲ့ ယဉ်ကျေးသိမ်မွေ့ပြီး လောကဝတ်ကျေပွန်သူတွေဖြစ်လာနိုင်ပါတယ်။ ပြည်သူ့နီတိဖြင့် နိုင်ငံ့တာဝန်ကျေပွန်သော နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ ပြည်သူ့နီတိသင်တာဟာ ပြည်သူတွေ "ယဉ်ကျေးမှုပျောက်ပြီး တာဝန်မဲ့သွားမှာစိုးလို့" ဖြစ်ပါတယ်။ နှလုံးသားနုနယ်တဲ့ ရွံ့နဲ့တူတဲ့ ကျောင်းသားငယ်တွေကို လုပတဲ့အိုးကလေးအဖြစ် ပုံသွန်းထုရာမှာ လောကနီတိ၊ ပြည်သူ့နီတိမှတစ်ပါး အခြားမရှိပါ။**

(ယမန်နေ့မှ အဆက်)

သူတော်ကောင်းကဏ္ဍ အခန်း(၂)မှာ ဂါထာပေါင်း ၂၇ ဂါထာ ပါဝင်ပါတယ်။

ဂါထာ ၄၈ မှာ အမိယုတ်လျှင် နို့တ်သရမ်း၊ အဖယုတ်လျှင် ကိုယ်အမူအရာကြမ်းတမ်း၊ အမိရော အဖရော ယုတ်ညံ့လျှင် ကိုယ်နှုတ်မူရာ နှစ်ပါးစလုံး ကြမ်းတမ်းကြောင်း ပြဆိုထားပါတယ်။

အခန်း(၃) လူမိုက်လူယုတ်မာကဏ္ဍဂါထာ ၇၂ မှာ လိုချင်တပ်မက်သူကို တံစိုးလက်ဆောင်ပေးခြင်းဖြင့် ယူရာ၏။ မာနခက်ထန်သူကို အောက်ကျို့လက်အုပ်ချီ၍ ယူရာ၏။ သူမိုက်ကို အလိုလိုက်အကြိုက်ဆောင်၍ ယူရာ၏။ ပညာရှိကို အဟုတ်အမှန်ဆို၍ ယူရာ၏ ...လို့ ပြဆိုပါတယ်။ ဂါထာပေါင်း ကိုးဂါထာရှိပါတယ်။

ကဏ္ဍ(၄) မိတ်ဆွေကဏ္ဍမှာ ၁၅ ဂါထာ ပါဝင်ပြီး ဂါထာနံပါတ် (၈၇) ... နှုတ်ချိုလျှင် အဆွေခင်ပွန်းများ၏။ ကြမ်းကြုတ်သူသည် အဆွေခင်ပွန်းနည်း၏... လို့ ပြဆိုထားတာကို ထုတ်နုတ်ပြချင်ပါတယ်။

ကဏ္ဍ(၅) အမျိုးသမီးကဏ္ဍမှာ ၁၇ ဂါထာပါရှိပြီး ဂါထာနံပါတ် (၉၆) က ထင်ရှားပါတယ်။ လမရှိသောည သည် မတင့်တယ်။ လှိုင်းတံပိုးမရှိသော သမုဒ္ဒရာသည် မတင့်တယ်။ ဟင်္သာကင်းသော ရေကန်သည် မတင့်တယ်။ လင်မရှိသော မိန်းမသည် မတင့်တယ် ဆိုတာပါ။ လူတိုင်းနီးပါး ကြားဖူးကြပါတယ်။

ကဏ္ဍ(၆) မင်းအားပြဆိုသောအခန်းမှာ ဂါထာပေါင်း ၁၄ ဂါထာ ပါပါတယ်။ ဂါထာ နံပါတ် (၁၁၂) မှာ မင်းနာယကဂုဏ် ခြောက်ပါးအဖြစ် လူသိများပါတယ်။

ထကြွလုံ့လရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ သနားကရုဏာထားတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ ဝေဖန်ပေးကမ်းခြင်းနဲ့ ထောက်ရှုမြော်မြင်တတ်ခြင်းတို့ဖြစ်ပါတယ်။

"ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု ကြီးသူနာယကတရားတည်း" လို့ အာဂုံရွတ်ခဲ့ကြရပါတယ်။

အထွေထွေကဏ္ဍဖြစ်တဲ့ နောက်ဆုံးကဏ္ဍ(၇)မှာ ဂါထာပေါင်း ၁၁ ဂါထာ ရှိပါတယ်။ ဂါထာနံပါတ် (၁၂၀) မှာ သေသောက်ကြူးသူ၊ အခါမဟုတ် သွားလာတတ်သူ၊ ပွဲလမ်းသဘင် ပျော်ရွှင်သွားလာတတ်သူ၊ လောင်းကစားတတ်သူ၊ မကောင်းသောမိတ်ဆွေရှိသူ၊ ပျင်းရိနှောင့်နှေးတတ်သူတို့ စည်းစိမ်ဥစ္စာမချမ်းသာဟု ပြဆိုထားပါတယ်။

ကဏ္ဍ(၇)ခုမှ အကြိုက်ဆုံးဂါထာတစ်ခုကိုသာ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပြီး အသေးစိတ်အေးဆေးစွာလေ့လာလျှင် အကျိုးများတဲ့အတွက် အတွေးအခေါ် အလိမ္မာ ဉာဏ်တက်စ တိုင်းပြည်အညွန့်အဖူး နိုင်ငံ့ခေါင်းဆောင်လောင်းတွေကို သင်ကြားလမ်းပြပေးကြရပါမယ်။

ပြည်သူ့နီတိကတော့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီရဲ့ လိုက်နာကျင့်ကြံရမယ့် တာဝန်တွေဖြစ်ပါတယ်။ သာမန်နိုင်ငံသားတစ်ဦးချင်းရဲ့ကဏ္ဍက အာဏာရှင်အစိုးရ၊ ကွန်မြူနစ်အစိုးရနဲ့ ဆိုရှယ်လစ်အစိုးရတို့ရဲ့ အုပ်ချုပ်မှုအောက်မှာ မမြင်သာသော်လည်း ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေတဲ့ အစိုးရလက်အောက်မှာ အလွန်အရေးကြီးပါတယ်။

ပြည်သူပြည်သား တစ်ဦးတစ်ယောက်ချင်းစီမှာ ကောင်းမွန်တဲ့ အတွေးအခေါ်၊ ရိုးဖြောင့်မှန်ကန်တဲ့ အပြုအမူ၊ တက်ကြွနိုးကြားတဲ့ လုပ်ဆောင်ချက်၊ မှန်ကန်တဲ့ ရွေးချယ်မှုတွေရှိဖို့ လိုအပ်တဲ့အတွက် ဖြစ်ပါတယ်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု (Clean Government – Good Governance) ကို လိုချင်ရင် သန့်ရှင်းသော ပြည်သူပြည်သား၊ ကောင်းမွန်သော ပြည်သူပြည်သားတွေ (Clean Citizen – Good Citizen) ဖြစ်ဖို့ လိုအပ်လို့ပါ။ ဘာကြောင့်လဲဆိုတော့ ပြည်သူက အစိုးရကို ကိုယ်ပိုင်ဉာဏ်နဲ့ ရွေးချယ်တယ်။ အစိုးရက ပြည်သူထဲက လူကောင်းတစ်ယောက်၊ ဉာဏ်ပညာရှိတဲ့ သူတစ်ယောက် ဖြစ်လို့ပါပဲ။

ကျွန်တော်တို့ မူလတန်းကျောင်းသားဘဝ ၁၉၆၀ ပြည့်နှစ် ကာလတွေမှာ လောကသာရပျို့၊ လောကနီတိ၊ ပြည်သူ့နီတိတွေကို အချိုးကျကျသင်ပြပေးတာ ခံရရုံမျှမက ဗုဒ္ဓဘာသာစာမေးပွဲ၊ မင်္ဂလာစာမေးပွဲတွေကို ကျောင်းက ကျင်းပပေးတယ်။ နှစ်ပတ်လည်ဆုပေးပွဲမှာ စာရိတ္တဆုဆိုတာ ပေးသေးတယ်။ ကျောင်းသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ အနိုင်မကျင့်ခြင်း၊ မဟုတ်တာလုပ်တာကို ဆရာအား တိုင်ကြားခြင်း၊ ကူညီမှုတွေပေးခြင်းစတဲ့ စာရိတ္တကောင်းရှိသူတွေကို ပေးတာလို့သိရပေမယ့် ကျွန်တော်ကတော့ ကောက်ရတဲ့ ဖောင်တိန်တစ်ချောင်းကို ရုံးခန်းသွားအပ်လိုက်တဲ့အတွက် စာရိတ္တကောင်းလက်မှတ်ရဖူးတာဖြစ်ပါတယ်။

ယခု ကျွန်တော်နိုင်ငံခြားမှာ နှစ်ပေါင်းအတော်ကြာနေခဲ့ရတော့ တချို့နီတိတွေဟာ မြန်မာလူမျိုးတွေအတွက် သိပ်များလွန်းနေတယ်လို့ ယူဆမိတာတွေ ရှိပါတယ်။ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရာမှာ အစဉ်မပြေပါ။

လူကြီးမိဘ၊ အလုပ်ရှင်၊ သူဌေးတွေရှေ့မှာ ခါးကိုကိုင်းညွတ်သွားမိခြင်း၊ လက်နှစ်ဖက်နဲ့ ပေးမိယူမိခြင်းတို့က နိုင်ငံခြားသားတွေရဲ့ ဆက်ဆံရာမှာ ထူးခြားအံ့သြစရာဖြစ်နေတယ်။ မြန်မာနီတိမှာတော့ လူကြီးသူမတွေရှေ့က မလွဲမကင်းသာ ဖြတ်လျှောက်သွားရရင် "ကန်တော့" လို့ပြောပြီး ခါးကိုကိုင်းညွတ်သွားရပါတယ်။ မြန်မာ့အသိုင်းအဝိုင်းထဲမှာ ဆီလျော်ပါတယ်။

ကျွန်တော်တို့မြို့ကလေးက ကျဉ်းတယ်။ တစ်ခါတစ်ရံ စက်ဘီးစီးသွားတဲ့အခါ လမ်းမှာဆရာတွေ့ရင် စက်ဘီးပေါ်က ဆင်းပြီးရပ်နေပါတယ်။ ဆရာနဲ့ဝေးမှ ဆက်သွားကြပါတယ်။ ဘုန်းတော်ကြီး မူလတန်းကျောင်းမှာနေစဉ်ကတော့ ဆရာတွေ ကျောင်းပေါက်ဝကိုရောက်တဲ့အခါ ဆရာ့ဖိနပ်ကို သိမ်းယူထားပြီး ဆရာပြန်တဲ့အခါ ကျောင်းပေါက်ဝ အုတ်တံတားလေးမှာ ဆရာရှေ့က သွားချပေးလေ့ရှိကြပါတယ်။ ကျေနပ်စရာ။

ဆရာသမားတွေပြောတာ မှန်မှန်မှားမှား စောဒက မတက်ရဲပါဘူး။ မှားနေတယ်လို့လည်း မပြောရဲပါဘူး။ အဲဒီအလေ့အကျင့်ကတော့ ယနေ့ခေတ် စီမံအုပ်ချုပ်မှုတွေနဲ့ အံမဝင်ဖြစ်နေပါပြီ။ ကိုယ့်ရဲ့ ခံယူချက်နဲ့ မှားတယ်ထင်ရင် ရဲရဲ ပြန်ပြောရဲတဲ့ အခြေအနေဆီ ဦးတည်နေလို့ပါ။ သဘောမတူရင်၊ မှားနေရင် ကျွန်တော့်ယူဆချက်၊ ကျွန်တော့် အတွေ့အကြုံက ဒီလိုပါ ဝေမျှချင်ပါတယ်လို့ အယဉ်ကျေးဆုံးဆန့်ကျင်ပြောဆိုဖို့ပါပဲ။ ဒီထက် နည်းနည်းပိုပြီး ပြတ်ပြတ်သားသား ပြောနိုင်ပါသေးတယ်။

နောက်တစ်ခုကတော့ ... လူကြီးသူမ၊ အထက်လူကြီးတွေကို ဖုန်းဆက်မပြောရဲသေးတဲ့ ယဉ်ကျေးမှု၊ ပွင့်ပွင့်လင်းလင်း မပြောရဲတဲ့ အလေ့အထပါ။ စင်ကာပူလိုနေရာမှာ အချိန်ကုန်သက်သာအောင် ဖုန်းနဲ့အကြောင်းကြား၊ မက်ဆေ့ပို့၊ အီးမေးလ်ပို့တာ မရှိမသေလုပ်ရာမကျတဲ့ စီမံလုပ်ဆောင်မှုအလေ့အထ ဖြစ်နေပါပြီ။ ဒါပေမဲ့ မြန်မာ့ယဉ်ကျေးမှုလက်ကိုင်ထားတဲ့ ကလေးတွေက တယ်လီဖုန်းနဲ့ ဆက်ပြောတာ မလေးစားရာရောက်မှာစိုးလို့ဆိုပြီး ကိုယ်တိုင်ကိုယ်ကျ ဒုက္ခခံပြီး လာတွေ့တာမျိုးတွေ၊ ကြိုချိန်းမထားလို့ မတွေ့ရဘဲ ပြန်သွားရတာမျိုးတွေ ရှိပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ လူမှုဆက်ဆံရေးဆီ ပြောင်းဖို့တော့ လိုနေပါပြီ။

ပြည်သူ့နီတိကတော့ အလွှာအသီးသီးက တာဝန်ယူမှု၊ တာဝန်ခံမှု၊ အရေးပါမှု၊ မပါမှုတွေ၊ မတူညီကြတဲ့ ပြည်သူ့အလွှာတစ်ခုချင်းစီအတွက် နီတိတွေ ကွဲပြားနေနိုင်ပါတယ်။

"ပြည်သူ့နီတိ" စာအုပ်ကို ကျောင်းသုံးစာအုပ်အဖြစ် မြန်မာနိုင်ငံတော် ဆရာအတတ်သင် သိပ္ပံကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘဖေ ဘီအေဘီအက်စ်က ရေးသားပြီး မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက ၁၉၅၃ ခုနှစ် ဇူလိုင်လမှာ ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ပါတယ်။ ဆရာကြီးက ပြည်သူ့နီတိရဲ့ အဓိပ္ပာယ်နဲ့ အခြေခံသဘောတရားကို ဖော်ပြထားပါတယ်။

ပြည်သူ့နီတိဟာ ပေါင်းသင်းဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သမိုင်း၊ ပထဝီ၊ ဥပဒေ၊ ဘာသာရေး၊ စိတ်ပညာ စသည်တို့နဲ့ အလွန်နီးစပ် တွဲဆက်လျက်ရှိပါတယ်။

သို့သော်လည်း ပြည်သူ့နီတိနဲ့ နိုင်ငံရေးပညာရေးတို့မှာ ကွဲပြားတဲ့အချက်တွေရှိပါတယ်။ ပြည်သူ့နီတိက ပြည်သူ ပြည်သားတွေရဲ့ ပြဿနာနဲ့သာ သက်ဆိုင်ပြီး နိုင်ငံရေးနယ်ပယ်ကတော့ ပိုမိုကျယ်ဝန်းပါတယ်။

ပြည်သူ့နီတိအကြောင်းအရာတွေဟာ ပြည်သူပြည်သားတွေ နေ့စဉ်နဲ့အမျှ နေထိုင်သွားလာ လုပ်ကိုင်ဆောင်ရွက်ချက်တွေဖြစ်တဲ့အတွက် နိုင်ငံရေးအကြောင်းအရာတွေထက် ပိုမိုကိုယ်ထိလက်ရောက် လုပ်ကိုင်ရတဲ့ ကိစ္စတွေ ဖြစ်နေပြန်ပါတယ်။

ပြည်သူ့နီတိဖြင့် ပြည်သူ ပြည်သားကောင်းတွေ ဖြစ်လာအောင် လေ့ကျင့်ပေးရပါတယ်။ ပြည်သူ့နီတိအရေးကြီးပုံက အလွန်ထင်ရှားပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံရေးတွေထဲမှာ ဒီမိုကရေစီသည်သာ အကောင်းဆုံးပါ။ ဒီမိုကရေစီနိုင်ငံရေးရဲ့ အောင်မြင်မှုဟာ ပြည်သူ ပြည်သားတွေရဲ့ အသိတရားနဲ့ အလုပ်တရားတွေအပေါ်မှာ တည်မှီလျက်ရှိပါတယ်။

တိုင်းသူပြည်သားတွေဟာ စနစ်တကျ လေ့ကျင့်ထားသူတွေဖြစ်ပြီး ဉာဏ်ပညာအမြော်အမြင်နဲ့ပြည့်စုံကာ တာဝန်သိမှု၊ တာဝန်ယူမှု၌ ထိပ်တန်းရောက်နေမှသာလျှင် ဒီမိုကရေစီရဲ့ အကောင်းဆုံးသော အကျိုးအာနိသင်ကို ခံစားရမှာ ဖြစ်ပါတယ်။

ပြည်သူ့နီတိက လောကနီတိနဲ့တော့ ဆက်နွှယ်နေတာ ငြင်းမရပါ။ မိဘကျင့်ဝတ်က လောကနီတိမှာရှိပြီးဖြစ်ပါတယ်။ "မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်စေ၊ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ" ဆိုတာ လူတိုင်းသိပါတယ်။ လောကနီတိပါ အမိယုတ်က နှုတ်သရမ်း၊ အဖယုတ်က ကိုယ်အမူအရာ ကြမ်းတမ်းမယ်ဆိုတာ ထပ်ဆင်ခြင်မယ်။ ပြည်သူ့နီတိလာ အရက်မသောက်ဘူး။ မူးယစ်ဆေးဝါးမသုံးဘူး၊ အပျော်အပါးမလိုက်စားဘူး။ လောင်းကစားမလုပ်ဘူး။ အိမ်ထောင်ပြိုကွဲအောင်မလုပ်ဘူး... စတာတွေ ပေါင်းလိုက်ရင် မိဘနီတိ ပြီးပြည့်စုံပြီ။

### ဆရာ့နီတိ

"အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပမချန် ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"

ကျောင်းမှာ အပြီးတတ်အောင် သင်ပေးမယ်။ အိမ်မှာ ကျူရှင်မပေးဘူး။ အမှတ်ကောင်းဖို့ အင်ဒိုနီးရှား ပါတိတ်ပေးစရာမလိုဘူး စသည့် လောကနီတိတွေ ပေါင်းလိုက်ရင် ဆရာ့နီတိ ပြည့်စုံသလောက်ပါ။

### ဘတ်စ်ကားယာဉ်မောင်းနီတိ

ဘတ်စ်ကားယာဉ်မောင်းအတွက် လောကနီတိဂါထာမရှိသေးပါ။ လောကနီတိအနေနဲ့ ခရီးသည်တွေကို ကြင်နာသနား လေးစားစွာဆက်ဆံခြင်း၊ လမ်းစည်းကမ်းကို လိုက်နာခြင်း၊ လူကူးမျဉ်းဝါကျားမှာ ကူးနေသူကို ရပ်မပေးတဲ့အပြင် သေချင်လို့လားလို့ ရိုင်းပျစွာ ပြောဆိုပြမူခြင်းမျိုးကို ရှောင်ကြဉ်ခြင်း၊ ခါးပိုက်နှိုက်တွေနဲ့ ပူးပေါင်းကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကျော်တက်လုမောင်းခြင်း၊ လူနာတင်ကား၊ မီးသတ်ကားတွေကို ဂရုမစိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း စတဲ့ နီတိတွေအပြင် ကားပေါ်မှ တံတွေး၊ ကွမ်းတံတွေးထွေးချခြင်းတွေ မပြုရန် လိုက်နာရပါမယ်။

### စပယ်ယာနီတိ

ဘတ်စ်ကားစပယ်ယာနီတိအတွက်လည်း လောကနီတိဂါထာ မရှိသေးပါ။ ဘတ်စ်ကားခရီးသည်တွေကို စိတ်အနှောင့်အယှက်အပေးဆုံးလူက ဘတ်စ်ကားစပယ်ယာပဲ ဖြစ်ပါတယ်။ လုမောင်းခိုင်းမယ်။ လမ်းဆုံမှာ ကားရပ်ပြီး လူတင်မယ်။ မိန်းကလေးတွေကို ဇွတ်ဆွဲတင်မယ်။ သက်ကြီးရွယ်အိုတွေကို အတင်းဆွဲချမယ်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ မိုက်မိုက်ရိုင်းရိုင်း ပြောဆိုမယ်။ ငွေပြန်အမ်းဖို့ မေ့ပြမယ်ဆိုတဲ့ ပြည်သူ့နီတိမဲ့မှုကို သင်ပေးရပါမယ်။

### လမ်းသွားလမ်းလာနီတိ

လမ်းသွားလမ်းလာခရီးသွားတို့အတွက် ပြည်သူ့နီတိ ရှိဖို့လိုပါတယ်။ သတိလက်လွတ်ကြုံသလို လမ်းဖြတ်ကူးခြင်း၊ အမှိုက်ချခြင်း၊ တံတွေးချွဲသလိပ်တို့ ထွေးချခြင်း၊ အော်ဟစ်ဆူညံရန်ဖြစ်ခြင်း စသည်တို့မလုပ်ရပါဘူး။ အားနည်းသူကို ကူညီမှုပေးရပါသေးတယ်။

### ခရီးသည်နီတိ

မီးရထားနဲ့ဘတ်စ်ကားစီး ခရီးသည်တို့အတွက် ပြည်သူ့နီတိက ပိုများမလားပါပဲ။ ကားထဲ၊ ရထားထဲမှာ အစားအစာ မစားရပါဘူး။ နံစော်တဲ့ ဒူးရင်းသီး၊ ငါးပိ၊ ကြက်သွန်တို့ ယူလာလို့မရပါဘူး။ ထီး စတဲ့ ထိုးထိုးထောင်ထောင်တွေ အောက်ဆိုက်သယ်ဆောင်လာရမယ်။ ဆေးလိပ်သောက်ခြင်း၊ တံတွေး၊ ကွမ်းတံတွေးထွေးခြင်း၊ ထိုင်ခုံ၊ ဆိုဖာတို့ကို ရေးခြစ်ဖောက်ထွင်း ကျိုးပျက်အောင်ပြုလုပ်ခြင်း လုံးဝရှောင်ကြဉ်ရပါမယ်။ ယာဉ်မောင်းတွေကို ဆဲဆိုခြင်း၊ ရန်ပြုခြင်း မပြုရပါဘူး။

### ဈေးသည်နီတိ

ဈေးသည်တွေဟာ လိုင်စင်ယူပြီး သတ်မှတ်ပေးတဲ့နေရာမှာ ရောင်းရပါမယ်။ (သတ်မှတ်ပေးသူကလည်း အကောင်းဆုံး စီစဉ်သတ်မှတ်ပေးရမည်) လမ်းပေါ် ဈေးမရောင်းရ။ ဈေးရောင်းပြီးရင်ဈေးသည်က အမှိုက်နဲ့ အညစ်အကြေးတွေ ရှင်းလင်းပေးခဲ့ရမယ်။ ဝယ်သူကို အနိုင်မကျင့်ရ...စတဲ့ နီတိများစွာ ရှိနေပြန်ပါတယ်။

ဈေးသည်ဝတ်ကတော့ ဟုတ်ပါပြီ။ စည်ပင်သာယာဝတ်ကရောလို့မေးလာရင် တကယ့်ကို မေးသင့်တဲ့ မေးခွန်းဖြစ်ပါတယ်။ တစ်ခေတ်တစ်ခါက စည်ပင်သာယာက ဈေးသည်တွေ ဈေးထဲဝင်မရောင်းဘဲ ဈေးအပြင်လမ်းမတန်းမှာ ဈေးဗန်းခင်းတာကို ကျေနပ်နေပါတယ်။ ဈေးကောက် ကောက်စားတယ်။ ဈေးဝင်းထဲက လူတွေက လစဉ်ဆိုင်ခွန်ဆောင်ရပြီး ဝယ်သူက ဈေးထဲမှာရွှံ့ဗွက်တွေနဲ့မို့ မဝင်ဘူး။ ဈေးရုံအသစ်၊ ဆိုင်တန်းအသစ်တွေ ပြန်ဆောက်ပြီး စားပေါက်ကထွင်သေးတယ်။ အဲဒီဥပမာမြင်ရတော့ ဈေးသည်နီတိ၊ ဈေးအုပ်ချုပ်သူနီတိတွေ မြင်သာပြီမဟုတ်လား။ လူတိုင်းလူတိုင်း ပြည်သူတိုင်းမှာ ဆိုင်ရာဆိုင်ရာ ပြည်သူ့နီတိတွေရှိနေတယ်။ အဲဒါတွေ လုံမှဖြစ်ပါမယ်။

### နိုင်ငံ့ဝန်ထမ်းနီတိ

နိုင်ငံ့ဝန်ထမ်းတွေ ပိုအရေးကြီးတာပေါ့။ ထိုင်းမှာဆို အစိုးရဝန်ထမ်းတွေအားလုံး ပြုံးနေရတယ်။ စင်ကာပူနိုင်ငံမှာဆိုရင် ကုမ္ပဏီထောင်မလား၊ ရင်းနှီးမြှုပ်နှံမှုလုပ်မလား သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ညီရင် သတ်မှတ်ထားတဲ့ရက်အတွင်းမှာ ရသွားတယ်။ အာဏာရှိတဲ့ ရဲတွေ၊ လူဝင်မှုကြီးကြပ်ရေးတွေ၊ အကောက်ခွန်ဝန်ထမ်းတွေပင် အနိုင်အထက်ပြုခြင်း၊ ရိုင်းပျခြင်းမရှိဘဲ လုပ်စရာရှိတာကို စည်းဘောင်အတွင်းက မြန်မြန်ဆန်ဆန် လုပ်ပေးတယ်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

မြန်မာပြည်သူ့ဝန်ထမ်းတွေကြားမှာ မပြုံးမရယ် ခံစားချက်မပါတဲ့မျက်နှာနဲ့ လုပ်နေမယ်။ လာဘ်မထိုး မချင်း နှောင့်နှေးနေမယ်။ မရရင် ကသိကအောက် ဖြစ်အောင် လုပ်မယ်ဆိုတာတွေ ဖြစ်ခဲ့ဖူးတယ်။

ဒါ့ကြောင့် အစိုးရဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ပြည်သူ့နီတိကို လိုက်နာသင့်တယ်။ လူတန်းစေ့ဖို့ လုံလောက်တဲ့လစာ၊ ခိုင်မာတဲ့ရာထူးတွေ အစိုးရဘက်က ဖန်တီးပေးရမယ့်အပြင် သက်ဆိုင်ရာ ရာထူးအတွက် လုံလောက်တဲ့ ပညာအရည်အချင်း၊ အရည်အချင်း ကောင်းတွေ၊ အတွေးအခေါ်ကောင်းတွေရှိစေခြင်း၊ ဝန်ဆောင်မှုကောင်းတွေပေးစေခြင်း၊ စနစ်ကောင်းတွေကို ဦးဆောင်တည်ဆောက်ပေးစေနိုင်ခြင်း၊ အများအကျိုး ဆောင်စေခြင်းစတဲ့ စိတ်ဓာတ်ကောင်းတွေတည်ဆောက် ပေးရမှာ ဖြစ်ပါတယ်။

အဲဒါတွေက နိုင်ငံ့ဦးဆောင် အစိုးရမင်းတွေအတွက် နီတိဖြစ်လာပါတယ်။

### အထပ်မြင့်အိမ်ရာ

ဟိုးအစပိုင်းက မိမိတို့နေထိုင်ရာ လူနေမှုဘဝ (Life Style) ဟာ ကျေးလက်တောရွာသဘာဝမျိုး ဖြစ်ပါတယ်။ ခြံနဲ့၊ ဝင်းနဲ့၊ သစ်ပင်ပန်းမန်နဲ့။ ဒါပေမယ့် တိုးတက်ပြောင်းလဲလာတဲ့ကမ္ဘာကြီးက တောင်းဆိုလာတော့ အထပ်မြင့် အိမ်ရာတွေဖြစ်လာတယ်။ မြေနေရာကျဉ်းကျဉ်းလေးမှာ တစ်ယောက်ခေါင်းပေါ် တစ်ယောက်ဆင့်ပြီး နေရတဲ့ အဆင့်မြင့် အထပ်မြင့် အိမ်ရာတွေမှာနေလာရတော့ ပြည်သူ့နီတိတွေ ပြောင်းလာပြန်တယ်။ အပေါ်ထပ်နဲ့ အောက်ထပ်ဇာတ်လမ်းဖြစ်လာတော့ အပေါ်ထပ်က ရေတ်သီးထောင်းတာကအစ အပြင်းအထန်ထုထောင်းလို့ မရဘူး။ အပေါ်ထပ်က အဝတ်ရေစိုလှမ်းလို့မရဘူး။ အိမ်ရှေ့လူသွားစင်္ကြံမှာ ပန်းအိုး၊ စက်ဘီး၊ စက္ကူပုံး စတာတွေ ပိတ်ဆို့ထားလို့မရဘူး။ အပေါ်ကနေ ပစ္စည်းတွေ ပစ်မချရဘူး။ အောက်ထပ်ကနေ ဆေးလိပ်မသောက်ရဘူး။ မီးနဲ့ ဆေးလိပ်တို အပေါ်ကပစ်မချရဘူး။ ကြောင်မမွေးရ၊ ခွေးငယ်လေးသာ မွေးရမယ်။ ခွေးမွေးလိုင်စင်လုပ်ရမယ်။ ခြင်၊ ပိုးဟပ်၊ အိမ်မြှောင်တွေ မပေါက်ပွားအောင် ထိန်းချုပ်ရမယ်။ ည ၁၀ နာရီကျော်ရင် မဆူညံရ၊ ရန်မဖြစ်ရ စတဲ့ မြားမြောင်လှစွာသော ပြည်သူ့နီတိတွေက အထပ်မြင့်အိမ်ရာတွေအတွက် ဆန်းသစ်လာပါတယ်။

### ဆင်ခြင်တုံတရားနီတိ

ပြည်သူပြည်သားတွေ အခြေခံပညာတတ်မြောက်စေခြင်းကလည်း ပြည်သူ့နီတိတစ်ရပ်ပါပဲ။ ပြည်သူတွေမှာ ပညာရှိမှသာလျှင် အတွေးအခေါ် အမြော်အမြင်ကောင်းမယ်။ ဦးဆောင်သူ အစိုးရက မည်မျှပင်အတွေးအခေါ် အယူအဆ ဉာဏ်ပညာအမြော်အမြင်ရှိပါစေ၊ ပြည်သူပြည်သားတွေ ဆင်ခြင်တုံတရားမရှိရင် ပြည်သူ့အသည်းကြားက မဲပြားတွေနဲ့ ရွေးချယ်ရတဲ့ အစိုးရကောင်းကို ဘယ်လိုရွေးချယ်နိုင်စွမ်းရှိပါ့မလဲ။ ပြည်သူပြည်သားတို့ လုပ်ပိုင်ခွင့် အပြည့်အဝရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်အတွက် ကြီးစွာသော အန္တရာယ်ဖြစ်လာပါလိမ့်မယ်။

### မဲဆန္ဒရှင်နီတိ

ရွေးချယ်တင်မြှောက်ပွဲမှာ ပြည်သူ ပြည်သား အရည်အချင်းပြည့်မီသူတိုင်းက မဲပေးရခြင်းသည်လည်း ပြည်သူ့နီတိ ဖြစ်လာပါတယ်။ တိုင်းပြည်နဲ့လူမျိုးအပေါ် ကောင်းရာကောင်းကျိုး သယ်ပိုးပေးမယ့် အစိုးရကောင်းကို ရွေးချယ်ပေးခြင်းဟာ ပြည်သူ့တာဝန် ပြည်သူ့နီတိပဲ ဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးထားတဲ့ အစိုးရက တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးမဆောင်ရွက်နိုင်ရင်လည်း ကိုယ့်မဲတစ်ပြားနဲ့ ဖြုတ်ချပေးခြင်းက ပြည်သူ့နီတိပါပဲ။ မိမိမှာ အစိုးရအဖွဲ့ဝင်ဖြစ်ထိုက်တဲ့ အရည်အချင်းရှိရင် ပါဝင်အရွေးချယ်ခံကာ နိုင်ငံ့အကျိုးဆောင်ရွက်ပေးခြင်းကလည်း ပြည်သူ့နီတိပဲ ဖြစ်ပါတယ်။

### အခွန်ထမ်းနီတိ

အခွန်ပေးဆောင်ခြင်းဖြင့် မိမိရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရကိုထောက်ပံ့မယ်။ အစိုးရက ရရှိတဲ့ အခွန်ဘဏ္ဍာတွေကို ရှင်းလင်းမြင်သာ ဘတ်ဂျက်ထားပြီး နိုင်ငံ့ကောင်းကျိုးအတွက် သုံးပြမယ်။ အစိုးရရဲ့ စီမံခန့်ခွဲမှုနဲ့ နိုင်ငံချမ်းသာမယ်။ လူမျိုးဂုဏ်သိက္ခာမြင့်တက်မယ်။ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှမယ်။ ဒါတွေအားလုံးဟာ ဆက်နွယ်နေတဲ့ ကိုယ်စီကိုယ်စီ ပြည်သူ့နီတိဖြစ်လာပါတယ်။

### အဖွဲ့အစည်းနီတိ

အများနှင့်ပူးပေါင်းလုပ်ဆောင်ကြတဲ့ လူတိုင်းထားရမယ့် ရှောင်ရန် "မ" လေးလုံးမှာလည်း မှတ်သားထိုက်တဲ့ ပြည်သူ့နီတိတစ်ရပ်ပဲ ဖြစ်ပါတယ်။

- မယုံမကြည်
- မလိုမုန်းထား
- မရိုးမဖြောင့်
- မမြင့်မြတ်သဘောထား

"မ" လေးလုံး ပိုင်ဆိုင်သူဟာ အဖွဲ့အစည်းအများနဲ့ လုပ်ကိုင်ရာမှာ အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် ယုံကြည်အားထားမှုရှိခြင်း၊ ချစ်ခင်လေးစားမှုထားခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနဲ့ သဘောထားမြင့်မြတ်မှန်ကန်မှုရှိခြင်းဆိုတာ "အဖွဲ့အစည်းနီတိ" ဖြစ်လာပါတယ်။

### ကူးစက်ရောဂါနီတိ

ခေတ်ပေါ်အရေးပေါ် ပြည်သူ့နီတိတွေကိုလည်း မသိလို့မဖြစ်ပါ။

ရောဂါဝေဒနာဖြစ်ပွားနေသူက သူတစ်ပါးကို မကူးစက်အောင် အဆောတလျင် ဆေးကုသမှုခံယူခြင်း၊ နှာခေါင်းစည်းတပ်ခြင်းဖြင့် မိမိရောဂါ သူတစ်ပါးကို မကူးစက်စေခြင်း၊ ဝေဒနာခံစားရသူက သူတစ်ပါးကို မကူးစက်အောင် ခွဲခြားနေထိုင်ခြင်း၊ နှာချေချောင်းဆိုးလျှင် လက်ကိုင်ပဝါ သို့မဟုတ် တစ်ရှူးကာ၍သုံးပြီး ပလတ်စတစ်အိတ်ထဲထည့်ကာ စွန့်ပစ်ခြင်း၊ အစားအစာတွေကို သီးသန့်ခွဲယူစားသောက်ခြင်း၊ မိမိစားနေတဲ့ဇွန်းနဲ့ တခြားလူတွေစားနေတဲ့ဟင်းခွက်ထဲမှ ခပ်မစားခြင်း၊ မိမိ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အပြင်မှပြန်လာလျှင် ရေချိုးခြင်း၊ ဆပ်ပြာနှင့် အဆင့်ခုနစ်ဆင့် လက်ဆေးခြင်း ပြုရပါမယ်။

အလွန်များပြားလှတဲ့ လုပ်ဆောင်ရန် နီတိတွေဖြစ်သော်ငြားလည်း တစ်မျိုးသားလုံး ကျန်းမာရေးအတွက် မလွဲမသွေ လိုက်နာရပါမယ်။ မလုပ်တတ်လျှင်၊ နားမလည်လျှင် ကျန်းမာရေးအသိအမြင်ရှိသူ ကျန်းမာရေးဝန်ထမ်းတွေကို ချဉ်းကပ်ရပါမယ်။

လူ့အလွှာတစ်လွှာချင်းစီရဲ့ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေ၊ နီတိတွေကို တစ်လွှာချင်း ထောက်ပြပြုစုထားနိုင်ရင် ကောင်းပါတယ်။

ယနေ့ခေတ် လူငယ်တွေကြားမှာ ပုံမှန် အချင်းချင်းပြောဆိုနေတာတွေမှာတောင် အတိုင်းအထွာ၊ အဆဲအဆိုလေးတွေနဲ့ ဖြစ်နေပါတယ်။

အဲဒါတွေကို ဘာမှမဖြစ်သလို ရင်းနှီးတဲ့အသွင်တောင်ဆောင်သလို ပြောနေကြလို့ပါပဲ။

"နှုတ်ချို သျှိုတစ်ပါး၊ နှုတ်ကောင်းတော့ပြည်စိုး" ဆိုတာ လူငယ်တွေကို ဝေမျှကြပါ။ သူတို့နားထောင်နေတဲ့ နိုင်ငံခြားက ဟစ်ဟော့ပ်တွေ၊ ရက်ပ်သီချင်းတွေ၊ မိုက်မိုက်ရိုင်းရိုင်း အဆဲတွေ စွက်နေတော့ ဆဲမှအောင်မြင်မယ် ထင်နေကြမှာ စိုးရပါတယ်။

နီတိပုံပြင်လေးတစ်ပုဒ်မှာ နွားသတ်ပြီး အမဲသားရောင်းနေတဲ့ သားသတ်သမားကို ဘေးကထိုင်ကြည့်နေတဲ့ သူကမေးတာကို သားသတ်သမားက ပြန်ဖြေတာ ရှိပါတယ်။

"ဦးကြီးက ဝယ်သူတချို့ကို အသည်းနှလုံး ကလီစာနဲ့ အသားကောင်းပေးပါတယ်။ လူတချို့ကို အရွတ်အရိအရွဲနဲ့ အသားတချို့ပေးပါတယ်။ လူတချို့ကိုကျတော့ မကောင်းတဲ့အသားနဲ့ အရိုးတွေပေးပါတယ်။ အဲဒါဘာကြောင့်ပါလဲ"

သားသတ်သမားကြီး ပြန်ဖြေတာက အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။

"တချို့လူတွေက အလွန်ယဉ်ကျေးပါတယ်။ အဘခင်ဗျာ အမဲသားအနည်းငယ်မျှရောင်းပါလို့ ပြောတယ်။ အဲဒီလူကို နှလုံးသည်းပွတ်နှင့်တင်စားပြီး အသည်းနှလုံး၊ ကလီစာနဲ့ အသားကောင်းတွေ ပေးပါတယ်။ ဦးကြီး အမဲသားလိုချင်ပါတယ်ဆိုတဲ့လူကို အသားကောင်း အမွှန်အမြတ်တွေ ပေးပါတယ်။ ဆွေမျိုးရင်းချာနဲ့ တင်စားလို့ ဖြစ်ပါတယ်။ သားသတ်သမားကြီး ကျုပ်ကို အမဲသားရောင်းပါလို့ ရင့်ရင့်သီးသီး ရိုင်းပျသူကို ယုတ်ညံ့မှုနဲ့ တင်စားပြီး အရွတ်အရွဲ အရိုးတွေ ပေးပါတယ်"ဟု ဖြေကြားပါတယ်။ "ရောင်းသူဝယ်သူအသံတူ" ဆိုတဲ့ စကားပုံဆန်ဆန်ဖြစ်ပါတယ်။

လောကနီတိနဲ့ ယဉ်ကျေးသိမ်မွေ့ပြီး လောကဝတ်ကျေပွန်သူတွေဖြစ်လာနိုင်ပါတယ်။ ပြည်သူ့နီတိဖြင့် နိုင်ငံ့တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်လာနိုင်ပါတယ်။ ပြည်သူ့နီတိသင်တာဟာ ပြည်သူတွေ "ယဉ်ကျေးမှုပျောက်ပြီး တာဝန်မဲ့သွားမှာစိုးလို့" ဖြစ်ပါတယ်။ နှလုံးသားနုနယ်တဲ့ ရွှံ့နဲ့တူတဲ့ ကျောင်းသားငယ်တွေကို လှပတဲ့အိုးကလေးအဖြစ် ပုံသွန်းထုရာမှာ လောကနီတိ၊ ပြည်သူ့နီတိမှတစ်ပါး အခြားမရှိပါ။

နီတိရှိသော ပြည်သူ့သားကောင်းတွေက သာယာဝပြော သောကကင်းတဲ့ ဒီမိုကရေစီနိုင်ငံတော် ပင်မကြီးမှ ဒီမိုကရေစီအသီးအပွင့်တွေကို စားသုံးကာ ကမ္ဘာ့အလယ် ထည်ဝါနိုင်ကြပါစေကြောင်း။ ။

## ပွင့်ဖြူမြို့နယ်ရှိ ယာယီပျံကျဈေး၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ပွင့်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ပြည်သူများ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ယနေ့နံနက် ၆နာရီခွဲက ပြည်သူ့အားကစားကွင်းအတွင်း ယာယီပျံကျဈေးအဖြစ် ဖွင့်လှစ်ရောင်းချနေသော ဈေးသူဈေးသားများနှင့် ဈေးဝယ် လာ ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်း



များ အခမဲ့ဖြန့်ဝေပေးရာတွင် ပွင့်ဖြူမြို့နယ် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အသင်းအဖွဲ့ဝင်များက မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း ဖွင့်လှစ်ရောင်းချနေသော ယာယီပျံကျဈေးသည်များနှင့် ဈေးဝယ်လာပြည်သူများကို တွေ့ဆုံ၍ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအား ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို အလေးထား လိုက်နာကြရန် ပညာပေးဆွေးနွေးဟောပြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ပေးခြင်းများပြုလုပ်ပေးကာ နှာခေါင်းစည်း မပါသော ဈေးဝယ်လာပြည်သူများနှင့် ဈေးသူဈေးသားများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကောလင်းမြို့နယ်ရှိ ပျံကျဈေးများ၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကောလင်း မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ ပျံကျဈေးများ၌ ဈေးသည်များနှင့် ဈေးဝယ်များကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေလျက်ရှိပါကြောင်း၊ နှာခေါင်းစည်းများကို ပြည်သူ့အားကစားခန်းမတွင် လူငယ်စေတနာ့ဝန်ထမ်းများဖြင့် ချုပ်လုပ်လျက်ရှိပါကြောင်း ကသာခရိုင် လူငယ်ရေးရာကော်မတီမှ ဦးကျော်ဇင်သန့်က ပြောကြားသည်။

"နေ့စဉ်သုံးနှာခေါင်းစည်းများကို တစ်ရက်လျှင် ၃၀၀ နှင့် ၄၀၀ ကြား ချုပ်လုပ်လျက်ရှိပါကြောင်း၊ နှာခေါင်းစည်းများကို တစ်နေကုန်ချုပ်လုပ်ခြင်းမဟုတ်ဘဲ တစ်နာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ လုပ်အားဒါန ပေးသည့် လူငယ်စေတနာ့ဝန်ထမ်းများဖြင့် နေ့စဉ်ချုပ်ပါကြောင်း၊ ရရှိလာသော နှာခေါင်းစည်းများကို ပိုးသတ်ပြီးမှ ပါကင်ထုပ်ပါကြောင်း၊ ပျံကျဈေးများတွင် နှာခေါင်းစည်းများကို နံနက် ၈ နာရီမှစတင်၍ အခမဲ့ဖြန့်ဝေလျက်ရှိပါကြောင်း၊ ယနေ့ စတုတ္ထနေ့တွင် ကောလင်းမြို့နယ်အတွင်းရှိ ပျံကျဈေးများတွင် နှာခေါင်းစည်း ၁၀၀၀ ကျော် ဖြန့်ဝေပေးပြီးဖြစ်ပါကြောင်း" လူငယ်ရေးရာကော်မတီမှ ဦးကျော်ဇင်သန့်က ပြောပြသည်။

**မွေးကြူဇင်**



## ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေး လူဝင်၊ လူထွက်များသောဌာနများ၌ ပိုးသတ်ဆေးဖျန်း

**သုံးခွ မေ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများနှင့် ထိစပ်မှုများသော ဌာနဆိုင်ရာရုံးများ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် လူဝင်၊ လူထွက်များသော ရုံးဌာနဖြစ်သည့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လာရောက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျန်ဌာနဆိုင်ရာရုံးများသို့လည်း ဆက်လက်၍ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် မေ ၂၂**
မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင်) အကြား လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို တစ်ပြေးညီတိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေးလုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာ ဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ပြည်သူသည်သာအဓိက ပြည်သူ့အားနဲ့တိုက်ထုတ်ကြ

**ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ**
**နှစ်ထောင့်ဆယ့်ကိုး ဒီဇင်ဘာ၊ သည်ရောဂါစပျိုး၊**
**ရောဂါဆိုးကမ္ဘာတစ်ခွင်၊ မြန်စွာပင်ပျံ့နှံ့လို့တိုး၊**
**တို့တစ်တွေစုပေါင်းကာ၊ သည်ရောဂါနှိမ်ချိုး၊**
**ပြည်တွင်းမှာထပ်မတိုးဖို့၊ ကာကွယ်စို့ နှိုးဆော်၊**
**လူထူသော ရှောင်ရှားပါကွဲ့၊ အကြိမ်များများ လက်ဆေးကြနော်၊**
**ကျန်းမာ၍ ပျော်လိုလျှင်၊ လူတိုင်းပင် နှာခေါင်းအုပ်လို့၊**
**ထုတ်ပြန်သည့် ညွှန်ကြားလွှာ၊ တိကျလိုက်နာ၊**
**ဘုံရန်သူ သည်ရောဂါကို၊ ညီညာစွာတိုက်ထုတ်စို့လေး။**

**ပန်းချီသန်းမြင့်ညိမ်း(ပုသိမ်)**

# ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ အာမခံအလုပ်သမားတစ်ဦး သေဆုံးခြင်းအတွက် ငွေကြေးအကျိုးခံစားခွင့် ၅၈ သိန်းကျော် ပေးအပ်

**နေပြည်တော် မေ ၂၂**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ဝင် အာမခံအလုပ်သမားတစ်ဦး အလုပ်ချိန်အတွင်း ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၈၈၀၀၀၀ အား သေဆုံးသူ၏ ကျန်ရစ်သူမိသားစုဝင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် လူမှုဖူလုံရေးအဖွဲ့မှ နေပြည်တော်ကောင်စီနယ်မြေတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်နှင့်အဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်နှင့် လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် သေဆုံးသူ၏ မိသားစုဝင်များထံ ယခုကဲ့သို့ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"ထိခိုက်မှုဖြစ်တာက နှစ်ဦးပါ။ တစ်ဦးက သေဆုံး၊ တစ်ဦးက ခြေထောက်ကျိုးသွားပြီး ဆေးကုသမှုခံယူနေပါတယ်။ သေဆုံးသွားတဲ့ အာမခံအလုပ်သမား ဦးအာကာကျော်ဟာ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်မှာရှိတဲ့ ဂျေဘီကပ်ပီတယ်(လ်) မြန်မာကုမ္ပဏီသို့အသွား လမ်းမှာ ဆိုင်ကယ်မတော်တဆမှုဖြစ်ပြီး ဆုံးသွားတဲ့အတွက် လုပ်ငန်းခွင်ပြင်ပထိခိုက်မှုဟု သတ်မှတ်ပါတယ်။ သူဟာ ထည့်ဝင်ကြေးကို နှစ်လပဲ ပေးသွင်းရသေးတဲ့အတွက် လုပ်ခရဲ့ အဆ ၃၀ ရရှိမှာဖြစ်ပါတယ်။ အဲဒါကြောင့် သူ့ရဲ့ လစာ ငွေကျပ် ၁၉၆၀၀၀ ရဲ့ အဆ ၃၀ ဖြစ်တဲ့ ကျပ် ၅၈၈၀၀၀၀ ကို ကျန်ရစ်သူမိသားစုဝင်များအား လာရောက်ပေးခြင်းပဲဖြစ်ပါတယ်။ အာမခံအလုပ်သမား နာရေးအတွက် ငွေကြေးအကျိုးခံစားခွင့် ရောဆိုရင် ငွေကျပ်သိန်း ၆၀ ကျော်ခန့် ပေးအပ်ပြီးသွားပါပြီ။

"ခြေထောက်ကျိုးသွားတဲ့ ဦးငြိမ်းချမ်းကိုလည်း ယာယီမသန်စွမ်းဖြစ်မှုဟု သတ်မှတ်ပြီး ပေးဆောင်ထားတဲ့ လစာငွေရဲ့ ၇၀ ရာခိုင်နှုန်းနဲ့ ခွင့်ရက်တွေကို တွက်ချက်ပြီးတော့ ၁၂၇ ရက်အတွက် ငွေကျပ် ငါးသိန်းကျော်ခန့်ကို ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ ကိုယ်အင်္ဂါတွေက ပြန်မကောင်းနိုင်တော့ဘူး ဆိုရင် ယာယီမသန်စွမ်းကနေ အမြဲတမ်းမသန်စွမ်းဖြစ်မှုဟု ပြောင်းလဲသတ်မှတ်ကာ ငွေကြေးအကျိုးခံစားခွင့်တွေ ဆက်လက်ပေးအပ်သွားပါမယ်" ဟု ဒေါ်ခိုင်ခိုင်အောင်က ပြောသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့်၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အာမခံအလုပ်သမား ၁၂ ဦး အလုပ်ချိန်အတွင်း သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုဝင်များ ငွေကြေးအကျိုးခံစားခွင့်အနေဖြင့် ငွေကျပ် သိန်း ၇၀၀ ကျော်ခန့်ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခင်က လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမှုတွဲတစ်ခုတည်ဆောက်မည်ဆိုလျှင် သက်သေစာရွက်စာတမ်း အများအပြားတောင်းခံမှုရှိသည့်အတွက် ထိခိုက်နစ်နာသူ အာမခံအလုပ်သမားများရရှိမည့် ငွေကြေးအကျိုးခံစားခွင့် ကြန့်ကြာနေမှုများရှိကြောင်း၊ ယခုအခါတွင် အာမခံအလုပ်သမားများ လက်ဝယ်သို့ အလျင်အမြန်ရောက်ရှိရေး မလိုအပ်သည့် စာရွက်စာတမ်းများ တောင်းခံမှုမရှိသည့်အပြင် ဖြေလျှော့မှုအများအပြား လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုလိုအချိန်တွင် ထည့်ဝင်ကြေးများ ဖြေလျှော့ပေးမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်များ ခွင့်ရရှိရေး၊ ဆေးကုသခွင့်များရရှိရေး၊ အလုပ်လက်မဲ့ဖြစ်နေသည့် အလုပ်သမားများအတွက် နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ကြေးမုံ)**





# ခရမ်းကျောင်းဆရာတော်က မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်မှ အိမ်ထောင်စု ၃၀၀ အား ဆန်၊ ဆီများ ထောက်ပံ့

**ရန်ကုန် မေ ၂၂**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်ရှိ ပြည်သူများအား ယနေ့ ညနေပိုင်းက အာသာဝတီ ပရိယတ္တိသာသနာ့ဗိမာန်၌ ခရမ်းကျောင်းဆရာတော် ဦးမေဓာဝီက ဆန်၊ ဆီ၊ ဆားနှင့် ကြက်သွန်နီများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ ထောက်ပံ့ပေးအပ်မှုတွင် ဆရာတော်တစ်ဦးတည်းက မတည်ခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်တစ်စုလျှင် ဆန် ငါးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သားနှင့် ဆား တစ်ထုပ်နှုန်းဖြင့် အိမ်ထောင်စုပေါင်း ၃၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီးတန်ဖိုးအားဖြင့် ငွေကျပ် သိန်း ၃၀ ရှိကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်အတွင်း အိမ်ထောင်စုပေါင်း ၁၈၀၀ ရှိပြီး အများစုမှာ လက်လုပ်လက်စားများဖြစ်ကြပြီး ဆရာတော်အနေဖြင့် ၎င်းမိသားစုများအား ထပ်မံထောက်ပံ့ပေးနိုင်ရန် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# တွံတေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှ

**တွံတေး မေ ၂၂**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျတပ်ရေး၊ လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးနည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ၊ အသိပညာပေးပိုစတာများကို ယနေ့နံနက်ပိုင်းက မြို့မဈေးနှင့် လမ်းဆုံလမ်းခွများ၌ ကပ်ခြင်း၊ ဝေငှပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့တွင်း အဓိကလမ်းဆုံဖြစ်သော ကျောက်တိုင်လမ်းဆုံနှင့် စည်ပင်သာယာမြို့မဈေးရှေ့တို့တွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာအောင်၊ မြို့နယ်ကျန်းမာရေးအဆင့်(၁) ဦးလှစိုး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ ပြည်သူများကို နှာခေါင်းစည်းများ စနစ်တကျတပ်ရေး၊ လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးနည်းနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးပြီး အသုံးပြုပုံများ အသိပညာပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ယာဉ်လိုင်းများကို စက်သုံးဆီထောက်ပံ့နိုင်ရေး ပြည်ထောင်စုအစိုးရထံ တင်ပြထား

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ဝိုင်ဘီအက်စ် ခရီးသည်တင်ယာဉ်လိုင်းများကို စက်သုံးဆီ ထောက်ပံ့နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရထံသို့ တင်ပြထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ရန်ကုန်မြို့တွင်း ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေကို စက်သုံးဆီထောက်ပံ့ပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြထားပါတယ်။ သင်္ကြန်ရုံးပိတ်ရက်အတွင်းက ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ ယာဉ်လိုင်းတွေကို ပုံမှန်လေးထောင်ကျပ်ကောက်ခံတာကို အခုမကောက်တော့ပါဘူး။ နှာခေါင်းစည်းတွေ၊ လက်သန့်ဆေးရည်တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်" ဟု တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့တွင် သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပြီး ရုံးများ၊ ဈေးများ၊ အလုပ်ရုံများ စသည့်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်လျက်ရှိသော်လည်း အသွားအလာနည်းပါးခြင်းကြောင့် ယာဉ်လိုင်းများပြေးဆွဲရာတွင် အဆင်မပြေမှုများရှိပြီး နိုင်ငံတော်မှ စက်သုံးဆီထောက်ပံ့မှုမရှိပါက ယာဉ်လိုင်းများ ရေရှည်မလည်ပတ်နိုင်ဘဲ ခရီးသည်များ အခက်အခဲရှိလာနိုင်မည်ဖြစ်ကြောင်း Power Eleven Public ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာက ပြောသည်။



"YRTA က စက်သုံးဆီ ထောက်ပံ့ပေးတာက ရုံးပိတ်ရက်အတွင်းပဲ ထောက်ပံ့ပေးတာပါ။ ကျန်တဲ့ရက်တွေကတော့ ကိုယ့်ဘာသာဝယ်ထည့်ဆွဲတာပါ။ စီးပွားရေးအရဆိုရင်တော့ ထောက်ပံ့သည်ဖြစ်စေ၊ မထောက်ပံ့သည်ဖြစ်စေ ရှုံးနေတာပါ။ စက်သုံးဆီထောက်ပံ့နေတယ်ဆိုရင်တော့ operation cost ရတာပေ့ါ။ လုပ်ငန်းလည်ပတ်နေတယ်။ အမြတ်တော့ မရှိဘူး။ အခုက လုပ်ငန်းလည်ပတ်စရိတ်မရတော့ ပိုထိတာပေ့ါ။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့ ထောက်ပံ့ပေးစေချင်ပါတယ်။ ရေရှည်မလည်ပတ်နိုင်ဘူးဆိုရင် ခရီးသွားတွေအတွက် အခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Power Eleven Public ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်တင်ဝင်း(ခ)ကိုတရုတ်လေးက ပြောသည်။

လုပ်ငန်းခွင်အချို့ ပြန်လည်ဖွင့်လှစ်သော်လည်း စက်ရုံအချို့မှာ ပိတ်ထားမှုများရှိကြောင်း၊ ခရီးသွားများနည်းပါးပြီး နံနက်ပိုင်းတွင် သွားလာမှုများရှိသော်လည်း နေ့လယ်ပိုင်းနှင့်ညနေပိုင်းများတွင် ခရီးသည်လျော့နည်းသွားကြောင်း၊ တစ်နေ့လုံးအတိုင်းအတာဖြင့် ခရီးသည်စီးနင်းမှုဦးရေ ၇၀ နှင့် ၁၀၀ ကြားခန့်သာရှိကြောင်း ၎င်းက ပြောသည်။

"အခုဆိုရင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်တွေအတိုင်း မပြေးဆွဲနိုင်တဲ့ ယာဉ်တွေလည်းရှိပါတယ်။ အဓိကကတော့ ရေရှည်လည်ပတ်ဖို့ မလွယ်တဲ့အတွက် မပြေးဆွဲနိုင်တာပါ။ စက်သုံးဆီ ထောက်ပံ့မှုကလည်း မရှိဘူး။ ခရီးသွားကလည်း ဒီလိုပဲ ကျဆင်းနေမယ်ဆိုရင် အများဆုံးကိုယ့်အစီအစဉ်နဲ့ ကိုယ် ဆွဲနိုင်ရင် တစ်လပါပဲ။ အဲဒီတွက် လိုင်းတွေအားလုံး သတ်မှတ်ချက်နဲ့အညီ ပြေးဆွဲနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ထောက်ပံ့ပေးစေချင်ပါတယ်။ လောလောဆယ်တော့ ထောက်ပံ့မှုနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရကို တင်ပြထားတယ်ပြောပါတယ်။ ပြန်တော့မကျသေးပါဘူး" ဟု ဦးသက်တင်ဝင်းက ပြောသည်။

Power Eleven Public ကုမ္ပဏီလီမိတက်တွင် ဝိုင်ဘီအက်စ် ၂၁၊ ၃၉ နှင့် ၄၁ ယာဉ်လိုင်းသုံးလိုင်းပြေးဆွဲနေပြီး လက်ရှိတွင် ဝိုင်ဘီအက်စ် ၄၁ ယာဉ်လိုင်းကို ရပ်နားထားကာ ၂၁ နှင့် ၃၉ ယာဉ်လိုင်းနှစ်လိုင်းဖြင့်သာ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ တစ်နာရီခြားတစ်စီးနှုန်း ပြေးဆွဲလျက် ရှိရာ ခရီးသွားနည်းပါးမှုကြောင့် သတ်မှတ်ထိုင်ခုံများပင် မပြည့်ကြောင်း ယင်းကုမ္ပဏီမှ သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

# ကျောက်တံတားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ၃၈ လမ်း ပျံကျဈေးအား ပိတ်ထားပြီဖြစ်

**ရန်ကုန် ဧပြီ ၂၂**

ကျောက်တံတားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ၃၈ လမ်း ပျံကျဈေးအား ဧပြီ ၂၁ ရက်မှစတင်ကာ ပိတ်ထားကြောင်း သိရသည်။

**ချမ်းမြေ့ဈေးကိုပြောင်း**

"ဈေးသည်တွေက အရင်တုန်းက နံနက် ၆ နာရီကနေ ည ၉ နာရီအထိ ဈေးရောင်းကြပါတယ်။ ညနေ ၅ နာရီကနေ ည ၇ နာရီအထိ ဈေးဝယ်သူများပါတယ်။ ဈေးသည်တွေက နှာခေါင်းစည်းမတပ်တော့ ရပ်ကွက်နေပြည်သူတွေက တိုင်ကြားတာလည်းရှိတော့ ဧပြီ ၂၀ ရက်ကစပြီး နေ့တစ်ဝက်ပဲ ရောင်းပါဆိုပြီး ဧပြီ ၁၇ ရက်က စာထုတ်လိုက်တော့ ညပိုင်း ရောင်းချနေတဲ့ ဈေးသည်တွေက မကျေနပ်ကြပါဘူး။ အမှန်တော့ ဒီဈေးက တရားဝင်ဈေး မဟုတ်ဘူးလေ။ နားလည်မှုနဲ့ ပျံကျရောင်းနေကြတာပါ။ ဒီနေရာက ဘတ်စ်ကားဂိတ်နဲ့နီးပြီး ရုံးသွား၊ ရုံးပြန်တွေကဝယ်ယူကြတော့ ရောင်းကောင်းကြလို့ မခွာဘဲနေနေကြတာပါ။ ဆိပ်ကမ်းသာလမ်းက လမ်းသူလမ်းသားတွေဆို ဈေးရောင်းတာကို လုံးဝလက်မခံပါဘူး။ ရွှေ့မယ်ရွှေ့မယ်နဲ့ ဒီအချိန်အထိ ရောက်လာခဲ့တာပါ။ ဥပဒေအရကြည့်မယ်ဆိုရင် ဈေးအဖြစ် သတ်မှတ်ထားတဲ့နေရာ မဟုတ်ပါဘူး၊ ဈေးအဖြစ်သတ်မှတ်ထားရင် စည်ပင်က ဈေးစည်းကမ်းတွေနဲ့ စနစ်တကျ ရောင်းချတာပေ့ါ။ ခုက ကြုံသလို ရောင်းနေတော့ မြို့နယ်စည်ပင်က ခွဲပြီးတာဝန်ယူနေရပါတယ်။ ခုဆို ကိုဗစ်ဖြစ်တဲ့အချိန်မှာ ကားမှတ်တိုင်မှာလည်း လူတွေရှုပ်တာနဲ့ ချမ်းမြေ့ဈေးကိုပြောင်းဖို့ ဖြစ်သွားတာပါ" ဟု ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်က ပြောသည်။



၃၈ လမ်း ပျံကျဈေးပိတ်သိမ်းထားသည်ကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက တွေ့ရစဉ်။

၃၈ လမ်း ပျံကျဈေး၌ နံနက်ပိုင်းဈေးသည် ခန့်မှန်း ၁၉၇ ဦးနှင့် ညနေပိုင်းဈေးသည် ခန့်မှန်း ၁၅၀ ရှိကြောင်း၊ ဧပြီ ၂၁ ရက်မှစတင်၍ ဈေးရောင်းချခြင်းကို လုံးဝခွင့်မပြုတော့ဘဲ အဆိုပါ ၃၈ လမ်းနှင့် အနီးတစ်ဝိုက်ရှိ ဆိပ်ကမ်းသာလမ်းအပါအဝင် ဈေးသည်များ ဈေးရောင်းချခြင်းမရှိစေရေးအတွက်ကိုပါ တားဆီးရှင်းလင်းခြင်းကို ကျောက်တံတားမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းမကြီး အိုးအိမ်ရုံးဘေး ချမ်းမြေ့ဈေးလျှောက်လမ်း၌ နေရာအကွက်များ ဆွဲပေး၍ ည ၈ နာရီအထိ ဈေးရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

# စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု၌ ဆန်နှင့်ဆီများ ထောက်ပံ့

**စဉ့်ကူး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာမှ အိမ်ထောင်စုများ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက သက်ဆိုင်ရာကျေးရွာများအလိုက် ထက်ရည်လင်းကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ရှောက်ပင်ရိုးကျေးရွာအုပ်စုရှိ ကံတောင်ကျေးရွာမှ အိမ်ထောင်စု ၅၅၀၊ ထောက်ကြံ့ကျေးရွာမှ အိမ်ထောင်စု ၅၀၊ ကျည်တောက်ပေါက်ကျေးရွာမှ အိမ်ထောင်စု ၁၀၀၀၊ ငါးပြားပေးကျေးရွာမှ အိမ်ထောင်စု ၂၅၀၊ သရက်ချောင်းကျေးရွာမှ အိမ်ထောင်စု ၅၀ နှင့် နွယ်ရုံကျေးရွာမှ အိမ်ထောင်စု ၁၁၀၀ တို့ကို ငွေကျပ် ၃၆၁၅၀၀၀၀ တန်ဖိုးရှိ အိမ်ထောင်စု (၁)စုလျှင် ဆန်(၆)ပြည်နှင့် ဆီ(၁)ပိဿာ စုစုပေါင်း ဆန်အိတ်(၇၅၀)နှင့် ဆီပိဿာ၊ (၃၀၀၀)တို့ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ခွဲဝေပေးလှူနိုင်ရေးအတွက် ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာအလိုက် လိုက်လံပို့ဆောင်ပေးခဲ့သည်။

အလားတူ ထက်ရည်လင်းကုမ္ပဏီအုပ်စုအနေဖြင့် ဧပြီ ၂၀ ရက်ကလည်း စဉ့်ကူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းပေါင်း ၂၃၀ တို့သို့ ငွေကျပ်သိန်း ၇၀ ခန့်တန်ဖိုးရှိ ၂၄ ပြည်တစ်အိတ်ပါ ဆန် ၁၂၅ အိတ်နှင့် ဆီပိဿာ (၅၀၀)ကို လည်းကောင်း၊ လူမှုကူညီရေးအသင်းများသို့ အပူချိန်တိုင်းတာစက်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆက်လက်၍ နတ်တောင်ကျေးရွာအုပ်စုရှိ ဒိုးနွယ်၊ ဝါဆို၊ သရက်ပင်ဝိုင်း၊ နန့်ဟက်စသည့်ကျေးရွာများသို့လည်း ထပ်မံလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ ကျောဖုံးမှ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အသက်ရှူစက်ကိရိယာ ၁၅ စုံ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သို့ အသက်ရှူစက်ကိရိယာ ၅ စုံတို့ကို ထောက်ပံ့လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က "ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးဆောင်ရွက်ရာမှာ အသုံးပြုနိုင်ဖို့ တရုတ်နိုင်ငံအနေနဲ့ အသက်ရှူစက် အစုံ ၂၀ လှူဒါန်းတာပါ။ ကိုဗစ်-၁၉ ရောဂါကုသရေးအပိုင်းမှာ အရေးကြီးတဲ့ စက်ပစ္စည်းဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် လှူဒါန်းရခြင်းဖြစ်ပါတယ်။ ဆက်လက်လှူဒါန်းမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးအပိုင်းကို တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အခုလို ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့လှူဒါန်းသည့် အသက်ရှူစက်ကိရိယာ အစုံ ၂၀ ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးသိန်းခန့်ရှိပြီး ဆက်လက်လှူဒါန်းမည့် အသက်ရှူစက်ကိရိယာ ၁၅ စုံမှာလည်း မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးထံမှ သိရသည်။

အလားတူ ဧပြီ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့အား စေလွှတ်ပေးမှုနှင့်အတူ ဆေးဝါးကုသမှုဆိုင်ရာအထောက်အကူပြုပစ္စည်းများကိုလည်း ကူညီပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် တာဝန်ပြီးဆုံးသွားပြီဖြစ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ပံ့လှူဒါန်းမှုပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ထိုသို့မထွက်ခွာမီ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက Video Call ဖြင့် ကျေးဇူးတင်နှုတ်ဆက်စကား ပြောကြားခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ- လှမိုး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လေပြင်းများတိုက်ခတ်၍ နေအိမ်များပျက်စီး၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများစတင်ဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ်၌ နေအိမ်နှစ်လုံးပြိုကျပျက်စီးပြီး နေအိမ် ၁၃လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

အလားတူ ဧပြီ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၂၇ ခု၌ နေအိမ် ၁၅ လုံးနှင့် အခြားအဆောက်အအုံကိုးလုံး ပြိုကျပျက်စီးပြီး၊ နေအိမ် ၉၉၅ လုံး၊ ဘာသာရေးအဆောက်အအုံ၁၇ လုံး၊ စာသင်ကျောင်း ၁၄ခု၊ အခြားအဆောက်အအုံ ၂၆ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မိုးကြိုးထိမှန်၍ လူတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရခြင်း၊ မကွေးတိုင်းဒေသကြီး မြို့နယ်ငါးခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး၊ နေအိမ် ၂၁၃ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာနေရာများသို့ သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းဖိုး စုစုပေါင်းငွေကျပ် သိန်းသုံးရာကျော် ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြု နေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီး

## ပုလဲ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ ဧပြီ ၂၁ ရက် ညနေပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပုလဲမြို့ တောင်ပိုင်းရပ်ကွက် ဆင်မြတ်ရှင်ဘုရားဝင်း သိမ်ကျောင်းနားရှိ စေတီငယ်တစ်ဆူ ထီးတော်မြေခဲ့ပြီး ဌာနဆိုင်ရာ အဆောက်အအုံများနှင့် နေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ပုလဲမြို့နယ်ရှိရပ်ကွက်နှစ်ရပ်ကွက်နှင့်ကျေးရွာ ၁၁ ရွာရှိ စေတီပုထိုးတစ်ဆူ ထီးတော်မြေခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၀ လုံး၊ လူနေအိမ် ၈၉လုံး အမိုးလန် ပျက်စီးဆုံးရှုံးခဲ့ပြီးလူနှင့်တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။ မြင့်သိန်းစိုး(ပြန်/ဆက်)



## ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ဧပြီ ၂၁ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်များတွင် လူနေအိမ်အလုံး ၃၁၀ ၊ သာသနိကအဆောက်အအုံ ၁၀ လုံး၊ စာသင်ကျောင်း ရှစ်ကျောင်း၊ ကျေးရွာစာကြည့်တိုက်တစ်လုံး၊ ကျောင်းဆရာ ဆရာမနေအိမ်သုံးလုံးနှင့် ဘာသာရေး အဆောက်အအုံတစ်လုံး၊ စုစုပေါင်းအဆောက်အအုံ ၃၃၃ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

နိုင်လင်းထက်

## ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဧပြီ၂၁ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၂၀၊ ကျေးရွာပေါင်း ၃၅ ရွာတွင် နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်နှင့်ကျေးရွာများရှိ အိမ်ခြေ ၁၄၃ အိမ်၊ အိမ်ထောင်စု ၁၄၃ စုတို့၏ နေအိမ်အမိုးများ၊စာသင်ကျောင်းသုံးကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့်အခြား ရှစ်ခုတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ခါမ်းပါတ်

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့၌ ဧပြီ ၂၁ရက် ညနေပိုင်းက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၅)ရပ်ကွက်တွင် လူနေအိမ်၂၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ကျွန်းတော်ရေရှင်ကျေးရွာတွင် လူနေအိမ် ၄၄ လုံး အမိုးလန်ပျက်စီးကာနှစ်လုံးမှာ ပြိုကျပျက်စီးခဲ့သဖြင့် စုစုပေါင်းလူနေအိမ် ၆၇ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၅)ရပ်ကွက်ရှိခါမ်းပါတ်မြို့ဟောင်း ရှေးဟောင်းနန်းတွင်း ဘုရားသုံးဆူ တိဗုဒ္ဓမဥ္ဇူဆုတောင်းပြည့်စေတီများမှ စေတီတော်တစ်ဆူမှာ စိန်ဖူးတော်မြေခဲ့ပြီးကျန်တစ်ဆူမှာ ထီးတော်တိမ်းစောင်းခဲ့ကြောင်း အမှတ်(၅)ရပ်ကွက်ရှိဒေသခံတစ်ဦးက ပြောသည်။

ဇော်ဝင်းထွန်း

## ခန္တီး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စု ငါးစု၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ဟာလာစက်တစ်လုံး ပျက်စီးခဲ့ပြီး အလားတူ ဟုမ္မလင်းမြို့နယ်တွင် အိမ်ခြေ ၁၄၃ လုံး၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် ဟာလာစက်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

စနေမောင်(ခန္တီး)

## ဒီပဲယင်း

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ ဧပြီ ၂၂ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့်အင်ပင်ကျေးရွာ၊ ညောင်ကြီးကုန်း ကျေးရွာ၊ မူးခတွင်းကျေးရွာ၊ ပေါက်တေကျေးရွာ ၊ ဆပ်လူးကျေးရွာ၊ ပိတ်ချင်းတောကျေးရွာ၊ မှန်သာကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ညောင်လှကျေးရွာ၊ မရကန်ကျေးရွာနှင့် အင်ဘုတ်ကျေးရွာတို့တွင် စုစုပေါင်းလူနေအိမ်၂၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး တနယ်ကြီးကုန်း၊ သပြေကုန်း (အမက)တို့တွင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

သိန်းထွန်း(ဒီပဲယင်း)

## ဖောင်းပြင်

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ဧပြီ ၂၁ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်ပြီး မိုးကြိုးလျှပ်စီးများဖြစ်ပေါ်ခဲ့မှုကြောင့် လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ လူနေအိမ်များ၊ ကျန်းမာရေးဌာနနှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီးကာ လူနေအိမ်တစ်လုံး ပြိုလဲခဲ့ကြောင်း သိရသည်။

ယမန်နေ့ ညနေ ၃နာရီခွဲခန့်တွင် အောက်တောင်းကျေးရွာအုပ်စု ကံထူးချောင်ကျေးရွာမှ အမျိုးသမီး လေးဦးတို့မှာ တောထဲသို့ရောက်ရှိနေစဉ် လေပြင်းတိုက်ခတ်ပြီး မိုးကြိုးလျှပ်စီးကြောင့် မယုလှိုင်မှာ လဲကျသွားပြီး မမေသဉ္ဇာဝင်း၏ ခါးအောက်ပိုင်းတွင် မီးလောင်ဒဏ်ရာများရရှိခဲ့ရာ သင်္ဂါတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း မယုလှိုင်မှာ မိုးကြိုးလျှပ်စီးဒဏ်ရာကြောင့် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

### စိစစ်ဆောင်ရွက်လျက်ရှိ

ထို့အပြင် လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းပြင်မြို့နယ်အတွင်း ကျေးရွာအုပ်စုခုနစ်စုတွင် လူနေအိမ် ၄၄ လုံး အမိုးလန်ပျက်စီးခဲ့ပြီး နေအိမ် တစ်လုံး ပြိုလဲခဲ့သည်။ အလားတူ အင်ကြင်းမြိုင်ရပ်ကွက် အမက-၂ မူလွန်၊ အောင်မြေတည်ကျေးရွာ အလက(အင်းကွေ့)နှင့် ရွာတန်းရှည်ကျေးရွာ၊ ကျန်းမာရေးဌာနခွဲတို့တွင် အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးခဲ့မှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ် ဆောင်ရွက်လျက်ရှိပြီး ဆုံးရှုံးခဲ့မှုများအပေါ် ကူညီထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုထွန်း (ဖောင်းပြင်)



## မိုးညှင်း

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ဧပြီ ၂၁ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် မိုးညှင်းမြို့နှင့် နှစ်မိုင်ကျော်အကွာရှိ နန့်ပုတ်ကျေးရွာတွင် လူနေအိမ် ၁၃ လုံး အိမ်အမိုးများပျက်စီးခဲ့ပြီး မိုးညှင်းမြို့အတွင်း 200-KVA ထရန်စဖော်မာတစ်လုံး၊ 11-KV လိုင်း ဓာတ်မီးတိုင် ၃၅ တိုင်၊ 0.4-KV လိုင်း ဓာတ်မီးတိုင် ၁၈ တိုင်ပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မိုးညှင်းမြို့အနီးတစ်ဝိုက်ရှိ အခြားကျေးရွာများတွင်လည်း လျှပ်စစ်မီးတိုင်များ ပျက်စီးမှုရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက ပျက်စီးမှုစာရင်းများ ပြုစုနေကြောင်းနှင့် လတ်တလောပျက်စီးမှုမှာ 11-KV တိုင် ၅၀ နီးပါးနှင့် 0.4-KV တိုင် ၂၅ တိုင်ခန့်ရှိနိုင်ကြောင်း မိုညှင်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာလွင်ထံမှ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့်နေအိမ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ထောက်ပံ့ပေးနိုင်ရန်စီစဉ်လျက်ရှိပြီး လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရန်တို့ကို လျှပ်စစ်ဝန်ထမ်းများက စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## ဟုမ္မလင်း

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ဧပြီ ၂၁ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ဟုမ္မလင်းမြို့နယ်အတွင်း အိမ်ခြေ ၁၃၉လုံးနှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်း သွပ်မိုးလန်ခဲ့ပြီး စုစုပေါင်းသွပ်ချပ်ရေ ၂၈၇၉ ချပ် ဆုံးရှုံးခဲ့ကာ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

## ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ဧပြီ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုင်ခတ်မှုကြောင့် ဝက်လက်မြို့နယ် ရွှေဒါးကျေးရွာ၊ နှမ်းကြီးကုန်းကျေးရွာ၊ တကောင်းဒေါင့်ကျေးရွာ၊ ဖွတ်လှိုင်းကျေးရွာ၊ မောက္ကဒီးကျေးရွာ၊ လှတွေကျေးရွာ၊ ကျောက်ကုန်းကျေးရွာ၊ လှည်းဦးကြီးကျေးရွာ ရှစ်ရွာမှ လူနေအိမ်ခုနစ်လုံး ပြိုကျခဲ့ပြီး ၃၉ လုံးထိခိုက်ခဲ့ကာ စာသင်ကျောင်း နှစ်ကျောင်းနှင့် အခြားအဆောက်အဦ ကိုးလုံး ပြိုကျပျက်စီး၍ ရှစ်လုံးထိခိုက်ကာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ လေဘေးသင့်၍ နေအိမ်ပြိုကျ အိမ်ထောင်စု များအား ကျေးရွာရှိ ၎င်းတို့၏ဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# တောင်ကိုရီးယား စက်မှုလုပ်ငန်းများအတွက် ဒေါ်လာ ၃၂ ဘီလီယံတန်ဖိုးရှိ ကယ်ဆယ်ရေးအစီအစဉ် မွန်ဂျေအင်း ကြေညာ



**ဆိုးလ် မေ ၂၂**

သမ္မတ မွန်ဂျေအင်းက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် တောင်ကိုရီးယားနိုင်ငံ၏ အရေးပါသော စက်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံနှင့်ညီမျှသော ဝမ် ၄၀ ထရီလီယံ တန်ကြေးရှိ ကယ်ဆယ်ရေးအစီအစဉ်တစ်ရပ်ကို ယနေ့ ကြေညာလိုက်သည်။

အလုပ်အကိုင်ဈေးကွက်အပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ အကျိုးသက်ရောက်မှုမှ အကာအကွယ်ပေးရန် အသုံးစရိတ် ဝမ် ၁၀ ထရီလီယံ ပါဝင်သည့် အရန်အလုပ်အကိုင် အကာအကွယ်ပေးရေး အစီအစဉ်တစ်ရပ်ကိုလည်း သမ္မတ မွန်ဂျေအင်းက ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးခံခဲ့ရသည့် အရေးပါသော လုပ်ငန်းများတွင် လေကြောင်းပို့ဆောင်ရေး၊ ရေနံချက်လုပ်ငန်း၊ သင်္ဘောကျင်းနှင့် တိုင်းပြည်၏ အလုပ်အကိုင်ဖန်တီးမှုတွင် အဓိကကျောရိုးဖြစ်သည့် ကားထုတ်လုပ်မှုတို့ ပါဝင်သည်။ အရေးပါသော အခြေခံအဆောက်အဦစီမံကိန်းများ စတင်မည့် ကိုရီးယားပုံစံ သဘောတူညီချက်သစ်ကို တွန်းအားပေးဆောင်ရွက်ရန် သမ္မတ မွန်ဂျေအင်းက သူ၏စီးပွားရေး အကြံပေးအဖွဲ့သို့ ညွှန်ကြားခဲ့သည်။

"ဒီအချိန်က အကျပ်အတည်းတစ်ခု စတင်တဲ့အဆင့်ပဲ ရှိပါသေးတယ်" ဟု ကိုဗစ်-၁၉ ရောဂါ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးအကျိုးသက်ရောက်မှုဆိုင်ရာ အရေးပေါ်စီးပွားရေးကောင်စီ ပဉ္စမအကြိမ် အစည်းအဝေး၌ မွန်ဂျေအင်းက ပြောကြားသည်။ တောင်ကိုရီးယားအစိုးရက အရေးပေါ်ရန်ပုံငွေပံ့ပိုးမှုပမာဏကို ယခင်အစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ဝမ် ၁၀၀ ထရီလီယံမှ ဝမ် ၁၃၅ ထရီလီယံအထိ တိုးမြှင့်မည်ဟု ၎င်းက ပြောကြားသည်။ အစိုးရအနေဖြင့် အလုပ်အကိုင်ဖန်တီးရေးတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး ပြည်သူ ၅၀၀၀၀၀ အထူးသဖြင့် လူငယ်အများစုအတွက် အလုပ်အကိုင်များ ကမ်းလှမ်းမည်ဟု သူက ဆိုသည်။ "အလုပ်အကိုင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ မကြုံတွေ့ဖူးတဲ့ အခြေအနေမျိုး ဖြစ်လာနိုင်ပါတယ်" ဟု သူက ဆိုသည်။

လာမည့်သီတင်းပတ်မှစ၍ ဘဏ္ဍာရေးဝန်ကြီး ဟောင်နမ်ကီက အာရှတိုက်၏ စတုတ္ထမြောက်စီးပွားရေးအင်အားကြီး တောင်ကိုရီးယားနိုင်ငံအပေါ် ကိုရိုနာဗိုင်းရပ်စ်၏ ထိခိုက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်မည့် ထိပ်တန်းစီးပွားရေးဆိုင်ရာ မူဝါဒချမှတ်သူများ၏ အစည်းအဝေးတစ်ရပ်ကို သဘာပတိအဖြစ်ဆောင်ရွက်ရန် စီစဉ်ထားသည်။ **ကိုးကား-ယွန်ဟပ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

## နယူးယောက်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လျော့ကျ

**နယူးယောက် မေ ၂၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားသူအရေအတွက် လျော့ကျသွားသော်လည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် တာဝန်ရှိသူများက သတိထားဆောင်ရွက်နေဆဲပင်ဖြစ်သည်ဟု သိရသည်။

မတ် ၂၂ ရက်နေ့မှစတင်ပြီး ဒေသခံများအား သာမန်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ ပိတ်ပင်ထားသည်။ သို့သော် ရဲတပ်ဖွဲ့ဝင်များနှင့် စတိုးဆိုင်အလုပ်သမားများမှာ ထိုကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရရှိခဲ့သည်။ နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကီမို၏ အင်္ဂါနေ့တွင် ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက်တစ်ခုတွင် လူပေါင်း ၄၈၁ ဦးခန့်မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြင့် သေဆုံးခဲ့သောကြောင့် အမြင့်ဆုံး လူသေဆုံးနှုန်းကို ကျော်လွန်သွားကြောင်း သိရသည်။ လူအနည်းငယ်သာ ဆေးရုံတက်ခဲ့ပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူခဲ့သည်။ သို့သော် ဆေးဝန်ထမ်းများလျော့နည်းမှုနှင့် ဆေးဝါးပစ္စည်းများ မလုံလောက်မှုမှာ ရှိနေဆဲပင်ဖြစ်သည်။ ရက်သတ္တ လေးပတ်အတွင်း အလုပ်လက်မဲ့ဆိုင်ရာ အကျိုးခံစားခွင့် လျှောက်ထားမှုပေါင်း ၁ ဒသမ ၂ သန်းခန့်ရှိခဲ့သည်။

ပြည်နယ်တာဝန်ရှိသူများအနေဖြင့် ဆေးကျောင်းသားများနှင့် ဆရာဝန်များအား လာရောက်ကူညီရန်ပန်ကြားခဲ့သည်။ မေလ ၁၅ ရက်အထိ ချမှတ်ထားသော ခရီးသွားလာမှုပိတ်ပင်ထားခြင်းမှာ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုရှိနေဆဲပင်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-စိုးသူရ**




နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကီမို

## တိုကျိုကလေးဂေဟာရှိ ရင်ခွင်ပိုက်နှင့် လမ်းလျှောက်တတ်ခါစ ကလေးငယ် ရှစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**တိုကျို မေ ၂၂**

တိုကျို ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာရှိ ဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီးနောက် ရင်ခွင်ပိုက်နှင့် လမ်းလျှောက်တတ်ခါစ ကလေးငယ်ရှစ်ဦး ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း အဆိုပါဂေဟာကို စီမံခန့်ခွဲသည့်ဆေးရုံက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ကလေးငယ်များကို ဆေးရုံတင်ထားကြောင်း၊ ဗိုင်းရပ်စ်ပိုး ကူးစက်မခံရသည့် အခြားကလေးငယ် ၂၁ ဦးကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း ယင်းဂေဟာကို စီမံခန့်ခွဲသည့် တိုကျိုဆေးဆီခိုင် ဗဟိုဆေးရုံက ပြောကြားသည်။

အဆိုပါ ဂေဟာသည် မိဘမဲ့ကလေးများနှင့် နှိပ်စက်ညှဉ်းပန်းမှုနှင့် လျစ်လျူရှုမှုခံရခြင်းကြောင့် မိဘများထံမှ သီးခြားခွဲနေရသည့် ကလေးများအတွက် ဖွင့်လှစ်ထားသည့် ဂေဟာဖြစ်သည်။ ယင်းဂေဟာမှ ဝန်ထမ်းတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း မေ ၁၆ ရက်နေ့က စမ်းသပ်တွေ့ရှိခဲ့ရသဖြင့် ကလေးငယ်များအားလုံးကို ဗိုင်းရပ်စ်ပိုး ကူးစက်မှုရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ရကြောင်း အဆိုပါဆေးရုံက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

နေအိမ်တွင် သီးသန့်ခွဲခြား နေထိုင်လျက်ရှိသည့် ဝန်ထမ်း ၄၆ ဦးကိုလည်း ဗိုင်းရပ်စ်ပိုး ကူးစက်မှု ရှိမရှိ စမ်းသပ်စစ်ဆေးလျက်ရှိသည်။ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ကလေးငယ်များသည် အပြင်းအထန်ဖျားနာခြင်းမရှိကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြသည်။ ဂျပန်နိုင်ငံသည် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ရောဂါ အများအပြားကူးစက်မှုမရှိစေရန် ရှောင်လွှဲနိုင်ဆဲဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**



## အီရန်နိုင်ငံ၏ ပထမဆုံး စစ်ဘက်သုံးဂြိုဟ်တု အာကာသသို့ အောင်မြင်စွာလွှတ်တင်

**တီဟီရန် မေ ၂၂**

အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်သည် အီရန်နိုင်ငံ၏ ပထမဦးဆုံးစစ်ဘက်သုံး ဂြိုဟ်တုတစ်စင်းကို ယနေ့တွင် အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း အီရန်သတင်းအေဂျင်စီ (IRNA)က သတင်းဖော်ပြသည်။

အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်သည် Lingt 1 ဟု အမည်ပေးထားသော အဆိုပါဂြိုဟ်တုကို နိုင်ငံ၏ အလယ်ပိုင်း ကန္တာရဒေသမှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး မြေပြင်မှ အမြင့် ၄၂၅ ကီလိုမီတာအကွာရှိ ဂြိုဟ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အီရန်၏ ပထမဦးဆုံး စစ်ဘက်သုံး ဂြိုဟ်တုတစ်စင်းအား အာကာသပေါ်သို့ လွှတ်တင်နိုင်ခြင်းသည် အီရန်အတွက် ကြီးမားသောအောင်မြင်မှုတစ်ခု ဖြစ်လာမည်ဖြစ်သလို အီရန်နိုင်ငံ၏ အာကာသကဏ္ဍအတွက် ခေတ်သစ်တစ်ခုကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံသည် အိုမစ်အမည်ရှိ ၎င်း၏ ပထမဦးဆုံး ပြည်တွင်းဖြစ် ဂြိုဟ်တုကို ၂၀၀၉ ခုနှစ်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ထို့အပြင် အီရန်နိုင်ငံသည် ၎င်း၏ Kavoshgar-3 အမည်ရှိ အာကာသယာဉ်တစ်စင်းကို အသုံးပြုပြီး သက်ရှိသတ္တဝါများပါဝင်သော ပထမဦးဆုံး အာကာသယာဉ်တစ်စင်းကို ၂၀၁၀ ပြည့်နှစ်တွင် အာကာသသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အီရန်၏ အာကာသအစီအစဉ်သည် ဒုံးကျည်အစီအစဉ်အတွက် အထောက်အကူပြုရန် ရည်ရွယ်သည်ဟု အမေရိကန်က ပြစ်တင်ဝေဖန်လျက်ရှိသည်။ သို့သော် အီရန်နိုင်ငံကမူ ၎င်း၏ အာကာသအစီအစဉ်သည် အရပ်ဘက်နှင့် ငြိမ်းချမ်းရေးအတွက်သာ ရည်ရွယ်ခြင်းဖြစ်သည်ဟုဆိုကာ အမေရိကန်၏ ဝေဖန်မှုကို ပယ်ချလိုက်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**



## အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိ

**ဂျကာတာ မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၄၁၈ ဦးရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကိစ္စရပ်အားလုံးနှင့်ပတ်သက်၍ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက ယနေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အတည်ပြုပြောကြားခဲ့သည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာ ၁၉ ဦး ထပ်မံသေဆုံးခဲ့ရာ ယင်းရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၅၃ ဦး ရှိလာခဲ့ကြောင်း သိရသည်။ သို့သော် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာသွားသည့် ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင် ၇၁ ဦးအပါအဝင် လူနာ ၈၁၃ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း အာ့ခ်မက်ယူရီယံတိုက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ဟု သံသယရှိသူ စုစုပေါင်း ၁၇၇၅၄ ဦးရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကုလသမဂ္ဂက စားနပ်ရိက္ခာပြတ်တောက်မည်ဟု သတိပေးထားသဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်ဝင်ခွင့်ကို ထိန်းချုပ်ဟန့်တား



**ဝါရှင်တန် ဧပြီ ၂၂**
အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများရှိနေစဉ် အမေရိကန်အလုပ်သမားများကို အကာအကွယ်ပေးရန် ပြည်ဝင်ခွင့် ထိန်းချုပ်ဟန့်တားမှုကို ဧပြီ ၂၁ ရက်တွင် ကြေညာခဲ့သည်။

ထရမ့်က အမေရိကန်တွင် အမြဲတမ်းနေထိုင်ခွင့် တောင်းဆိုထားသူများအား အစိမ်းရောင်ကတ်ပြားများ ထုတ်ပေးရေးကိုလည်း ရက်ပေါင်း ၆၀ ရပ်ဆိုင်းကြောင်း ကြေညာခဲ့ခြင်းကြောင့် ခုခံနိုင်စွမ်းအားနည်းသည့် နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အငတ်ဘေး ဆိုက်နိုင်ကြောင်း ကုလသမဂ္ဂက သတိပေးခဲ့သည်။

"အမေရိကန်အလုပ်သမားတွေကို အကာအကွယ် ပေးဖို့ အမေရိကန်နိုင်ငံကို ဝင်ရောက်လာမယ့် ပြည်ဝင်ခွင့်တွေ ယာယီရပ်ဆိုင်းတာကို ထုတ်ပြန်ခြင်းဖြစ်ပါတယ်"ဟု ထရမ့်က ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၀၀၀၀ ကျော်၊ သေဆုံးသူ ၄၅၀၀၀ နီးပါးနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ဒဏ် အဆိုးရွားဆုံးခံနေရသည့် အမေရိကန်နိုင်ငံရှိ အလုပ်သမားများကို အကာအကွယ်ပေးရန် နောက်ထပ်လူဝင်မှုနှင့် ဆက်စပ်သည့်ဆောင်ရွက်ချက်များကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များသည် နောက်ထပ် ကူးစက်မှုနှုန်းမြင့်မားလာမည်ကို စိုးရိမ်ပူပန်သဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်မားနေခြင်းကို တားဆီးကာကွယ် နိုင်ရန် သတ်မှတ်ထားသည့် အသွားအလာကန့်သတ်မှုများကို မည်သည့်အချိန်တွင် မည်သို့ ဖြေလျှော့ပေးမည်ဆိုသည်နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများကို တိုးမြှင့်လုပ်ဆောင်လျက် ရှိသည်။

လူဦးရေ ၂၂ သန်းခန့် အလုပ်အကိုင်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အမေရိကန်နိုင်ငံတွင် ပြည်ဝင်ခွင့်ထိန်းချုပ် ကန့်သတ်မှုဆိုင်ရာ စီရင်ဆုံးဖြတ်ခွင့်အမိန့်တစ်ရပ်ကို သမ္မတထရမ့်အနေဖြင့် ဧပြီ ၂၂ ရက်တွင် လက်မှတ်ရေးထိုး မည်ဖြစ်သည်။

"ကျွန်တော်တို့ဟာ ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးရဲ့ ချောက်ကမ်းပါးစွန်းပေါ်မှာ ရှိနေကြပါတယ်"ဟု ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်မှ ညွှန်ကြားရေးမှူး ဒေးဗစ်ဘေစလေက ဗီဒီယိုကွန်ဖရင့်တစ်ခုတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ငတ်မွတ်ခေါင်းပါးမှု ဘေးဆိုက်လာနိုင်ဖွယ်ရှိကြောင်း သတိပေးထားသည့် အတွက် ဆင်းရဲနွမ်းပါးမှုအများဆုံး၊ ခုခံနိုင်စွမ်းအားမရှိဆုံးနှင့် အိမ်ပစ်ရာပစ်ပြေးနေရသူများအတွက် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအထောက်အပံ့များ လုံလုံလောက်လောက် ရှိစေရန် ဂျီ-၂၀ စိုက်ပျိုးရေးဝန်ကြီးများက ကတိပြုထားခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- အလင်းသစ်**

# ဥရောပ၌ ကားကုမ္ပဏီများ လုပ်ငန်းများ ပြန်လည်စတင်

**ပါရီ ဧပြီ ၂၂**
ထိပ်တန်းကားထုတ်လုပ်ရေးကုမ္ပဏီများသည် ဥရောပရှိ ၎င်းတို့၏ စက်ရုံများ ပြန်လည်ဖွင့်ရန် ပြင်ဆင်လျက် ရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံမြောက်ပိုင်း ဗယ်လင်စီယန်းနက်စ် ဒေသရှိ တိုယိုတာကားထုတ်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းများသည် သီတင်းပတ် ငါးပတ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဧပြီ ၂၁ ရက်တွင် လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ခဲ့ကြသည်။

တိုယိုတာကားထုတ်လုပ်ရေးကုမ္ပဏီသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ဥရောပ၌ ထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အဆိုပါကားထုတ်လုပ်ရေးကုမ္ပဏီသည် လုပ်ငန်းခွင်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ်ရေးဆောင်ရွက်မှုအနေဖြင့် ဒေသဆိုင်ရာအလုပ်သမားသမဂ္ဂများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သဘောတူညီချက်များရယူခဲ့ကြကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် ၎င်းတို့၏ လုပ်ငန်းများကို ယခုတစ်ပတ်အတွင်း ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**တစ်ရက်လျှင် ကားအစီးရေ ၅၀ ထုတ်လုပ်မည်**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လုပ်ငန်းများ မရပ်နားမီက တစ်ရက်လျှင် ကားအစီးရေ ၁၁၀၀ ထုတ်လုပ်ခဲ့ပြီး ယခုအခါ ယင်းစက်ရုံသည် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ လုပ်ငန်းလုပ်ဆောင်မည်ဖြစ်ကာ တစ်ရက်လျှင် ကားအစီးရေ ၅၀ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်ရန် ထိုင်းကျန်းမာရေးဝန်ကြီး တိုက်တွန်း



**ဗန်ကောက် ဧပြီ ၂၂**
ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရန်အတွက် အမျိုးသားဆေးဝါးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းများအား တိုက်တွန်းထားကြောင်း ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီး အေနူတင်ချန်ဗီရာကာက ဧပြီ ၂၂ ရက်တွင် ပြောကြားသည်။

အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ချေးငွေအဖြစ် ထိုင်းဘတ်ငွေ ၁ ဒသမ ၉ ထရီလီယံကို ခွင့်ပြုထားပြီး ၎င်းခွင့်ပြုငွေများထဲမှ ဘတ်ငွေ ၄၅ ဘီလီယံကို ကိုရိုနာဗိုင်းရပ်စ် ကုသဆေးဆိုင်ရာ သုတေသနလုပ်ငန်းများအတွက် ခွင့်ပြုထားသည်။ ထိုင်းအမျိုးသားဆေးဝါးကော်မတီက ယခု စမ်းသပ်ထုတ်လုပ်မည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ပဋိဇီဝဆေးဝါးများ ထုတ်လုပ်နိုင်မှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို လူသားများနှင့် တိရစ္ဆာန်များဖြင့် လက်တွေ့စမ်းသပ်သွားမည်ဟု ပြောကြားသည်။

ယခု ဆေးဝါးများအား သုတေသနပြုလုပ်ခြင်းနှင့် စမ်းသပ်စဉ်ကာလအတွင်း ထိုင်းနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်နေသော တရုတ်နှင့် အမေရိကန် အပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုလက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရန်အတွက် ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံနှင့် ရောဂါထိန်းချုပ်ရေးဌာန၊ အမျိုးသားဆေးဝါးတက္ကသိုလ်၊ ထိုင်းကြက်ခြေနီအသင်း၊ မဟီဒေါတက္ကသိုလ်၊ ချူလာလောင်ကွန်းတက္ကသိုလ်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်နေသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ကျဆင်းသွားသော်လည်း ခပ်ခွာခွာနေထိုင်ခြင်း ကဲ့သို့သော ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်သွားမည်ဟု အေနူတင်က ပြောကြားသည်။

ထိုင်းနိုင်ငံ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးစင်တာ၏ ပြောကြားချက်အရ ဧပြီ ၂၂ ရက်တွင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅ ဦးရှိပြီး တစ်ဦး သေဆုံးကြောင်း သိရသည်။ ထိုင်းနိုင်ငံတွင် ဧပြီ ၂၂ ရက်အထိ အတည်ပြု ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူပေါင်း ၂၈၂၆ ဦးရှိပြီး ၄၂၅ ဦးမှာ ဆေးဝါးကုသမှု ခံယူလျက်ရှိ၍ ၂၃၅၂ ဦးမှာ ရောဂါပြန်လည်သက်သာလာကာ ဆေးရုံမှဆင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# အမေရိကန်အထက်လွှတ်တော်က အသေးစားလုပ်ငန်းများအတွက် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်ကို အတည်ပြု

**ဝါရှင်တန် ဧပြီ ၂၂**
ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေးသင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ဒေါ်လာ ဘီလီယံ ၄၈၀ ပမာဏရှိ စီးပွားရေးကယ်ဆယ်မှု အစီအစဉ်တစ်ရပ်ကို အမေရိကန် အထက်လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သည်။

ရီပက်ဘလီကန်နှင့် ဒီမိုကရက် တစ်ပါတီတို့က အစိုးရအဆိုပြုသော အစီအမံများကို ယမန်နေ့က သဘောတူညီခဲ့သည်။ မတ်လကုန်တွင် စတင်ခဲ့သည့် အမေရိကန်နိုင်ငံ သမိုင်းတွင် ပမာဏအများဆုံး စီးပွားရေး ကယ်ဆယ်မှု အစီအစဉ်ပြီးနောက် ယခုအစီအမံ ဖြစ်လာခြင်းဖြစ်သည်။

ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံတန် ကြေးရှိ စီမံချက်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပိတ်သိမ်းခဲ့ရသည့် အသေးစား လုပ်ငန်းများအတွက် ဒေါ်လာဘီလီယံ ၃၅၀ ခန့်ရှိ ချေးငွေအစီအစဉ်တစ်ခု ပါဝင်သည်။ Paycheck Protection Programme ခေါ် အဆိုပါစီမံချက်ရှိ ရန်ပုံငွေများမှာ နှစ်ပတ်အတွင်း ကုန်သွားခဲ့သည်။

အစီအစဉ်သစ်က ဒေါ်လာ ဘီလီယံ ၃၀၀ ကျော် ဖြည့်တင်းပေးရန် ခွဲဝေသတ်မှတ်သည်။ ဒီမိုကရက် အမတ်များ ကြိုးပမ်းခဲ့သည့် ငွေကြေး ပမာဏကို အသေးစားလုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်ရန် ပါရှိခဲ့သည်။ ဒေါ်လာ ဘီလီယံ ၁၀၀ ခန့်ကို ဆေးဘက်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်မှု ဆောင်ရွက်ရန် ခွဲဝေသတ်မှတ်သည်။ စတုတ္ထမြောက် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်ဖြစ်လာမည့် ဥပဒေကြမ်းကို သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးပြီးလျှင် အောက်လွှတ်တော်က အတည်ပြုမည်ဟု မျှော်မှန်းရသည်။ သမ္မတ ဒေါ်နယ်ထရမ့်က ပြည်သူ့ဆောက်လုပ်ရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးကို အားပေးသည့် အသုံးစရိတ်များ ပိုမိုသုံးစွဲရန် စိတ်ဝင်စားမှု ပြသခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**


ပုပ်ရဟန်းမင်းကြီး ဖရန်စစ်

## ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ညီလာခံ မကျင်းပမီ ဥရောပသမဂ္ဂ ညီညွတ်ရေးအတွက် ပုပ်ရဟန်းမင်းကြီး ဆုတောင်း

**ဗာတီကန်စီးတီး ဧပြီ ၂၂**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ၏ ရေရှည်အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန် ရည်ရွယ်သည့် အီးယူခေါင်းဆောင်များ၏ ဗီဒီယိုကွန်ဖရင့် မကျင်းပမီ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဥရောပသမဂ္ဂ ညီညွတ်ရေးအတွက် ဗုဒ္ဓဟူးနေ့က ဆုတောင်းခဲ့သည်။

ရက်သတ္တပတ် အတော်ကြာ အသွားအလာ ကန့်သတ်တားမြစ်မှုများမှ သန်းချီသည့် မိသားစုများ ပြန်လည်နာလန်ထူနိုင်အောင် ကူညီနိုင်မည့် ဘက်စုံကျယ်ပြန့်သည့် စီမံချက်တစ်ခု သဘောတူချမှတ်နိုင်ရန်အတွက် ဥရောပသမဂ္ဂမှ ခေါင်းဆောင် ၂၇ ဦးတို့သည် ကြာသပတေးနေ့၌ ထပ်မံဆောင်ရွက်ကြမည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးက ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသောကာလအတွင်း အမြင်မတူ ကွဲပြားခြားနားမှုများကို ဘေးဖယ်ထားကြရန် အီးယူခေါင်းဆောင်များကို တိုက်တွန်းခဲ့သည်။

"ဥရောပသမဂ္ဂကို တည်ထောင်ခဲ့သူတွေရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ညီရင်းအစ်ကိုပမာ ညီညွတ်မှုကိုရရှိဖို့ ဥရောပအတွက် ဆုတောင်းကြပါစို့" ဟု ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဗာတီကန်မြို့မှ တိုက်ရိုက်ထုတ်လွှင့်သည့် ဆုတောင်းမှုတွင် ပြောကြားသည်။

စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေး ရန်ပုံငွေပမာဏနှင့် ငွေကြေးထည့်ဝင်မှုများနှင့်ပတ်သက်၍ အီးယူခေါင်းဆောင်များသည် သဘောတူညီမှုမရနိုင်ဘဲ ဖြစ်နေသည်။ အတူတကွကြိုးပမ်းမှသာ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို မိမိတို့ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

## ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ်ဖြစ်ပွားလျှင် ပျက်စီးမှုပမာဏ ပိုမိုကြီးမားနိုင်ဟု အမေရိကန် ကျန်းမာရေးအကြီးအကဲ သတိပေး


**ဝါရှင်တန် ဧပြီ ၂၂**

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ဒုတိယအကြိမ်ဖြစ်ပွားလျှင် ရာသီတုပ်ကွေးနှင့် တိုက်ဆိုင်ဖွယ်ရှိရာ သေကျေပျက်စီးမှု ပိုမိုများပြားနိုင်ကြောင်း အမေရိကန် ထိပ်တန်းကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။ တုပ်ကွေးရာသီစတင်တော့မည်ဖြစ်ရာ လာမည့်လများအတွင်း ကြိုတင်ပြင်ဆင်ကြရန် ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးဗဟိုဌာန (CDC) ညွှန်ကြားရေးမှူး ရောဘတ်ရတ်ဖီးက အမေရိကန်ပြည်သူများသို့ ပန်ကြားခဲ့သည်။

"တုပ်ကွေးကပ်ရောဂါနဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တစ်ချိန်တည်းမှာ ကျွန်တော်တို့ ကြုံတွေ့ရနိုင်ပါတယ်"ဟု ယမန်နေ့က ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြခဲ့သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ၎င်းက ပြောကြားသည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၈၀၀၀၀၀ ကျော်နှင့် သေဆုံးသူ ၄၄၈၄၅ ဦးရှိရာ ကမ္ဘာပေါ်တွင် သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဟု ဂျွန်ဟော့ကင်း တက္ကသိုလ်၏ စာရင်းအရ သိရသည်။ အခြားနိုင်ငံများကဲ့သို့ အမေရိကန်နိုင်ငံတွင် သေဆုံးမှုများ မြင့်တက်လာစဉ် ကျန်းမာရေးဝန်ထမ်းများအတွက် အသက်ရှူအထောက်အကူပြုကိရိယာများ၊ အကာအကွယ်ဝတ်စုံများ လုံလောက်မှုမရှိခဲ့ပေ။

ပုံမှန်ဖြစ်နေကျ ရာသီတုပ်ကွေး ဖြစ်ပွားချိန်တွင် အမေရိကန်နိုင်ငံသို့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ရောက်ရှိလာခဲ့သည်ဟု ၎င်းက ပြောသည်။ ရာသီတုပ်ကွေးနှင့် ကိုရိုနာဗိုင်းရပ်စ် တစ်ပြိုင်နက်တည်း အမြင့်ဆုံးအဆင့် ဖြစ်ပွားလျှင် ကျန်းမာရေးစနစ်များအတွက် ကိုင်တွယ်ဖြေရှင်းရန် လွန်စွာခက်ခဲမည်ဟု သူက ဆိုသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**


ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေးဗဟိုဌာန(CDC) ညွှန်ကြားရေးမှူး ရောဘတ်ရတ်ဖီး

## ဥရောပနိုင်ငံအချို့ ခရီးသွားလာရေးပိတ်ပင်မှုများ ပြန်လည်ရုပ်သိမ်းရန် စီစဉ်

**အောင်ကျော်ကျော်**

ကမ္ဘာတစ်ဝန်းတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၅၇၁၈၈၀ ကျော်ရှိပြီး သေဆုံးသူ ၁၇၇၈၂၂ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးထိခိုက်ခံစားရသည့် တိုက်တစ်တိုက်ဖြစ်လာခဲ့သည်။ ဧပြီ ၂၁ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၁၀ နာရီအထိ စစ်တမ်းများအရ ဥရောပနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၄၈၄၆၉ ဦးရှိပြီး သေဆုံးသူ ၁၁၀၅၂၂ ဦးရှိကြောင်း ဥရောပရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ဥရောပနိုင်ငံအချို့တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျော့ကျလာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဥရောပနိုင်ငံအချို့က ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးအတွက် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ပြန်လည်ဖြေလျှော့ပေးရန် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**ခရီးသွားလာမှု ပိတ်ပင်ခြင်းများကို ဖြေလျှော့ပေး**

ဥရောပနိုင်ငံအစိုးရများက နိုင်ငံအတွင်း ချမှတ်ထားသော ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတစ်ခုဖြစ်သည့် ခရီးသွားလာမှုပိတ်ပင်ခြင်းများကို ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်သလို တစ်ဖက်ကလည်း ဗိုင်းရပ်စ်ကူးစက်ခြင်း ဆက်လက်မြင့်မားမှုမရှိစေရေးအတွက် စည်းမျဉ်းအချို့ကို ဆက်လက်ပြဋ္ဌာန်းထားမည်ဖြစ်သည်။

**ဆိုက်ပရပ်စ်နိုင်ငံ**

ဆိုက်ပရပ်စ်အစိုးရက ခရီးသွားလာမှုပိတ်ပင်ထားခြင်းကြောင့် ပြည်သူများ အလုပ်လက်မဲ့ဖြစ်ကာ နိုင်ငံအတွင်း စီးပွားရေးကျဆင်းမည်ကို စိုးရိမ်သဖြင့် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး စည်းမျဉ်း၊ စည်းကမ်းများကို ပြန်လည်ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိသည်။ သမ္မတ နီကိုစ် အာနာစတာစီရပ်စ်ဒီးစ်က ကုန်သည်ကြီးများ သမဂ္ဂအဖွဲ့၊ လုပ်ငန်းရှင်များအဖွဲ့၊ ဟိုတယ်ပိုင်ရှင်များ၊ ကန်ထရိုက်တာများ၊ မြေလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများ ဖြေလျှော့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

နိုင်ငံအတွင်း ညမထွက်ရအမိန့်အပါအဝင် အခြား တင်းကျပ်သော ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို မေ ၁ ရက်တွင် ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ဆိုက်ပရက်စ်အစိုးရက အတည်ပြုပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၄ ဦးရှိပြီး သေဆုံးသူ ၁၂ ဦးရှိသည်။

**နယ်သာလန်နိုင်ငံ**

နယ်သာလန်နိုင်ငံရှိ စာသင်ကျောင်းများကို ပြန်လည်ဖွင့်ပေးမည်ဖြစ်သည့်အပြင် နိုင်ငံအတွင်း ချမှတ်ထားသော ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး စည်းမျဉ်းများကို မေ ၁၁ ရက်တွင် အပြီးတိုင် ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်သည်ဟု နယ်သာလန်ဝန်ကြီးချုပ် မက်ခ်ရတ်တီက ဧပြီ ၂၁ ရက်တွင် ကြေညာခဲ့သည်။ နယ်သာလန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄၈၄၂ ဦးရှိပြီး သေဆုံးသူ ၄၀၅၄ ဦးရှိကြောင်း သိရသည်။

**သြစတြီးယားနိုင်ငံ**

အလားတူ သြစတြီးယားအစိုးရက နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးပိတ်ပင်မှုများကို မေ ၁ ရက်တွင် ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်သည့်အပြင် ဈေးဆိုင်အားလုံးကိုလည်း ပြန်လည်ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် စာသင်ကျောင်းများကို မေ ၄ ရက်မှ စတင်ဖွင့်ခွင့်ပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်းများကို မေ ၁၅ ရက်တွင် ပြန်လည်ခွင့်ပြုပေးမည်ဖြစ်သည်ဟု သြစတြီးယားဝန်ကြီးချုပ် ဆီဘာစရှင်း ကာ့ဇ်က ပြောကြားခဲ့သည်။ သို့သော် ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းနှင့် ဈေးဆိုင်များ၌ ပစ္စည်းများ ဝယ်ယူရာတွင် အလှည့်ကျစနစ်ဖြင့် ဝယ်ယူခြင်းစသည့် စည်းမျဉ်းများကို လိုက်နာကြရမည်ဖြစ်သည်။

ဧပြီ ၂၁ ရက် ဆေးမှတ်တမ်းများအရ သြစတြီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၉၂၅ ဦးရှိပြီး သေဆုံးသူ ၅၁၀ ဦးရှိကြောင်း သိရသည်။

**အီတလီနိုင်ငံ**

အီတလီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် မကြာသေးမီရက်များတွင် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ လျော့ကျလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံအတွင်း ချမှတ်ထားသော ဗိုင်းရပ်စ် ကာကွယ်ရေးစည်းမျဉ်းများကို တဖြည်းဖြည်း ပြန်လည် ဖြေလျှော့ပေးမည်ဖြစ်သည့်အပြင် မေ ၄ ရက်တွင် စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်စတင်ခွင့်ပေးမည်ဖြစ်သည်ဟု အီတလီဝန်ကြီးချုပ် ကွန်တီက ဆိုသည်။ ကျန်ရှိနေသေးသော စည်းမျဉ်းများကို အစိုးရအဖွဲ့က ထပ်မံဖြေလျှော့ပေးသွားမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ကွန်တီက ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အကြာက ကလေးပစ္စည်းရောင်းချသည့် စတိုးဆိုင်များနှင့် စာရေးကိရိယာဆိုင်များကို ပြန်လည်ရောင်းချခွင့်ပေးခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံတွင် ဧပြီ ၂၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၈၃၉၅၇ ဦးရှိပြီး သေဆုံးသူ ၂၄၆၄၈ ဦးရှိသည်။

**စပိန်နိုင်ငံ**

စပိန်နိုင်ငံတွင် ဧပြီ ၂၁ ရက်စစ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၀၈၃၈၉ ဦးရှိပြီး သေဆုံးသူ ၂၁၇၁၇ ဦးရှိကာ ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသည်။ နိုင်ငံအတွင်းရှိ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို မေ ၁၀ ရက်တွင် ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်သည်ဟု ဝန်ကြီးချုပ် ပီဒရို ဆန်းချက်စ်က ဆိုသည်။ ထို့ပြင် အသက် ၁၄ နှစ်အောက်ကလေးငယ်များကို ဧပြီ ၂၇ ရက်နောက်ပိုင်းတွင် နေအိမ်ပြင်ပသို့ ထွက်ခွင့်ပြုမည်ဖြစ်သည်။

သို့သော် ကလေးငယ်များအား နေအိမ်ပြင်ပသို့ ထွက်ခွင့်ပေးသော်လည်း ၎င်းတို့၏ မိဘအုပ်ထိန်းသူတစ်ဦးလိုက်ပါရမည်ဖြစ်ပြီး သတ်မှတ်ခွင့်ပြုထားသည့် နေရာအတွင်းရှိ ဈေးဝယ်စင်တာ သို့မဟုတ် ဆေးဆိုင်စသည့် နေရာများသို့သာ သွားလာခွင့်ပြုထားကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**

# တမူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသင်းအဖွဲ့အား အနှောင့်အယှက်ပြုသူ ထောင်သုံးလချ

**တမူး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမိတ်ကျေးရွာနေ ဒေါ်ခင်စန်းမူသည် မေ ၁၅ ရက်တွင် မန္တလေးမြို့မှ ခမိတ်ကျေးရွာသို့ ပြန်လည်ရောက်ရှိကာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ စောင့်ကြည့်ရေးအတွက် ခမိတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကန့်သတ်စောင့်ကြည့်မှုခံယူနေစဉ် မေ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အုတ်ဖိုကန်ဘောင်အကျဉ်းစခန်းမှ ပြန်လည်လွတ်မြောက်လာသော ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကျော်လင်းက ကန့်သတ်စောင့်ကြည့်နေရာအဖြစ် ဆောင်ရွက်နေသည့် အလကအတွင်းသို့ တာဝန်ရှိသူများထံ ခွင့်ပြုချက်မတောင်းခံဘဲ ဒေါ်ခင်စန်းမူ အခန်းအတွင်းသို့ အတင်းဝင်ရောက်၍ ဒေါ်ခင်စန်းမူအား ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ တာဝန်ထမ်းဆောင်နေသူများကို တာဝန်ဝတ္တရားနှောင့်ယှက်ခဲ့ကြောင်း ခမိတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့သည်။

**အပြီးသတ်အမိန့်ချမှတ်**

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်သတ်စောင့်ကြည့်နေရာကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လာသူ ဦးကျော်လင်း ခမိတ်ကျေးရွာနေသူအား တမူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁) ဦးတင့်လွင်က တရားလိုပြုလုပ်၍ တမူးမြို့နယ်တရားရုံးသို့ မေ ၂၀ ရက်က ဦးတိုက်လျှောက်ထားခဲ့ရာ တမူးမြို့နယ်တရားရုံးမှ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ(၁၈)အရ ဦးကျော်လင်းအား ထောင်ဒဏ်သုံးလကျခံစေရန် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

လှအောင်(ကသာ)

# ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂၃ ရက်(စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကမ္ဘာ့အလုပ်သမားနေ့ သမိုင်းကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားပြီး မိုဘိုင်းဖုန်းကို အကျိုးရှိရှိအသုံးချသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာနိုးနိုး၏ "တန်ဖိုးရှိသော ဖုန်းလေး" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ၊ ဗဟုသုတတိုးပွားစေရန်အလို့ငှာ အမေရိက မြွေပွေးအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အမေရိက မြွေပွေးအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ရန်နှင့် ရေချိုးရန်ပျင်းသော သားဖိုးဇော်၏အဖြစ်ကို ဟာသရေးဖွဲ့ထားသည့် "ဖိုးဇော်-လေ့ကျင့်ခန်း" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးပိုင် ဥစ္စာပစ္စည်းကို မတရားလိုချင်တပ်မက်ခြင်းကြောင့် ဒုက္ခရောက်ရသော ကျားဆိုးကြီးအကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။ သတင်းစဉ်

# မူဆယ်မြို့ရှိ ဝါဂွမ်းသိုလှောင်ရုံတစ်ခု မီးလောင်မှုဖြစ်

**မူဆယ် မေ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် ကောင်းမှုလွယ်ရပ်ရှိ ဝါဂွမ်းသိုလှောင်ရုံ၌ ယမန်နေ့ည ၁၀ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ရှိ ကောင်းမှုတံုရပ်ကွက် ကောင်းမှုလွယ်ရပ်နေ ချစ်တူး(ခ)အောင်ကိုဦး၏ ဝါဂွမ်းသိုလှောင်ရုံ၌ သိုလှောင်ရုံအတွင်း သွပ်များကြား သွယ်တန်းထားသော ဝါယာကြိုးမှ လေတိုက်ခတ်စဉ် ပေါက်ပြဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားနေစဉ် မူဆယ်ခရိုင်မီးသတ်တပ်ဖွဲ့မှ သန္နေတပ်ဖွဲ့ဝင် ၂၀၊ အရန်တပ်ဖွဲ့ဝင် ၁၀၀ တို့က မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်ကိုးစီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သိုလှောင်ရုံနှင့် ဝါဂွမ်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုတွင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးပေါ့ဆသူ သိုလှောင်ရုံ တာဝန်ခံ ချစ်တူး(ခ)အောင်ကိုဦးအား မူဆယ်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)



ပိုင်စိုးဦး(ခ)သားပု အား သိမ်းဆည်း ရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၁ နာရီခွဲက မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ကျွန်းတောလမ်းတွင် ဇော်ဇော် (ခ) မောင်ကျော် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ်(၉) ရပ်ကွက် ကြာအင်းတောင်ပတ်လမ်းနေ ပိုင်စိုးဦး(ခ) သားပု၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၁၆၀ ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မတ္တရာမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ် တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရ

**မတ္တရာ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်းတွင် ယနေ့ နံနက် ၆ နာရီက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ္တရာမြို့နယ် ကြားကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်(၁၅/၅)တွင် ရဲဇော် မောင်းနှင်ပြီး ဇော်သိန်းထွန်း(ခ)ဇင်မင်းဦး လိုက်ပါလာသော ဆိုင်ကယ်နှင့် လွင်မောင်ကျော် မောင်းနှင်လာသော ဆီဘောက်ဆာယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ရဲဇော်မှာ ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ဇော်သိန်းထွန်း(ခ) ဇင်မင်းဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ မတ္တရာမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

# လှည်းကူးမြို့နယ်၌ တရားမဝင်သစ်ခွဲသား ၁၈၃ ချောင်း သိမ်းဆည်းရမိ

**လှည်းကူး မေ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စံပြနှင့် ဥတိုကျေးရွာအနီး နေရာများမှ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၉ နာရီခန့်တွင် လှည်းကူးမြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ လှည်းကူးမြို့နယ် စံပြ၊ ဥတို၊ ဖောင်ကြီး၊ မင်းကုန်းကျေးရွာများ၏ အနီးတစ်ဝိုက်တွင် သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးရာ စံပြကျေးရွာနှင့် ဥတိုကျေးရွာအနီးနေရာများမှတရားမဝင်သစ်ခွဲသား ၁၈၃ ချောင်း (၆ ဒသမ



၀၈၇၆ တန်) သိမ်းဆည်းရမိသဖြင့် သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)

# မင်္ဂလာဒုံမြို့နယ်၌ ရေတွင်းဆယ်ရာမှ နှစ်ဦးသေဆုံး

**မင်္ဂလာဒုံ မေ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ ဦးသံချောင်း၏ နေအိမ်ခြံဝင်းအတွင်း ၅ ပေအကျယ်၊ ၁၅ ပေအနက်ရှိ ရေတွင်း၌ ရေခန်းသွား၍ ယမန်နေ့ နံနက် ၁၁ နာရီက အလုပ်သမား မောင်ဇော်ဇော်နှင့် ကိုညီညီဟန်တို့အား ရေတွင်းဆယ်ရာ ပြန်လည်မတက်လာနိုင်သဖြင့် မြို့နယ်ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များထံ အကူအညီတောင်း၍ ဆယ်ယူရာ နှစ်ဦးစလုံး အသက်မရှိတော့ကြောင်း ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ရေတွင်းသို့ ပထမဦးဆုံးဆင်းသူ မောင်ဇော်ဇော် ညောင်ပင်ရွာနှင့် ကိုညီညီဟန် ကံကော်လမ်းသွယ်(၂) တို့သည် ရေတွင်းအောက်ခြေတွင် အောက်ဆီဂျင်မရ၍ သေဆုံးနေကြောင်း မင်္ဂလာဒုံမြို့မရဲစခန်းမှ သိရသည်။

မျိုးသန့်(ပြန်/ဆက်)

# ဖုန်းပြောရာမှ မိုးကြိုးပစ်ခံရပြီး အမျိုးသားတစ်ဦးသေဆုံး

**ဖားကန့် မေ ၂၂**

ကချင်ပြည်နယ် ဖားကန့်၌ မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စီးလက်နေချိန် ဖုန်းပြောနေသည့် အမျိုးသားတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးမှု ယမန်နေ့ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဇေခါကျေးရွာအနီး မောင်ဒေးဗစ်သည် မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စီးများလက်နေချိန် ဝန်ထမ်းဆောင်အပြင်ဘက်၌ ဖုန်းပြောနေရာမှ မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

မေ ၂၂ ရက် က ရန်ကုန်မှ မန္တလေးသို့ စောလားဂေးသိန်း မောင်းနှင်ပြီး ဦးသန်းလှိုင် လိုက်ပါလာသည့် အချိုရည်ဘူးများ တင်ဆောင်လာသော ယာဉ်မှာ ကျောက်တံခါးမြို့ ကန့်ကြံ့နီချောင်းတံတားထိပ်၌ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့စဉ်။

ခင်ကို(ကျောက်တံခါး)



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၆ စီး၊ သွင်းကုန်အစီး ၆၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ ဒသမ ၃၈၈ သန်းတန်ဖိုးရှိ စားသောက်ကုန်နှင့် Toyota Alphard လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး သတင်းစာကိုယ်စားလှယ်များအား နှာခေါင်းစည်းများနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေ



**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့တွင်း အချိန်နှင့်တစ်ပြေးညီ ပြည်သူများအား သတင်းစာဖြန့်ဝေပေးလျက်ရှိသော သတင်းစာကိုယ်စားလှယ်များအား နှာခေါင်းစည်းများနှင့် လက်အိတ်များကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ယနေ့နံနက်အစောပိုင်းက အခမဲ့လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အခမဲ့ဝေငှ**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် နှာခေါင်းစည်းများနှင့် လက်အိတ်များကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံ ဦးလှရွှေ (ဒုတိယညွှန်ကြားရေးမှူး) နှင့် အဖွဲ့က ရန်ကုန်မြို့တွင်း သတင်းစာဖြန့်ချိပေးလျက်ရှိသော သတင်းစာကိုယ်စားလှယ်များအား စုရပ်များသို့ လိုက်လံကာ အခမဲ့ဝေငှခဲ့ခြင်းဖြစ်သည်။

ယင်းသို့ဝေငှရာတွင် ရန်ကုန်မြို့တွင်း သတင်းစာစုရပ်များဖြစ်သော ၄၆ လမ်းစုရပ်၊ ရွှေဂုံတိုင်စုရပ်၊ အင်းစိန်စုရပ်၊ တောင်ဒဂုံစုရပ်၊ မြောက်ဒဂုံစုရပ်၊ မြောက်ဥက္ကလာစုရပ်၊ အောင်မင်္ဂလာအဝေးပြေးစုရပ်၊ လှိုင်သာယာစုရပ်နှင့် ရန်ကုန်မြို့တွင်း နိုင်ငံပိုင်သတင်းစာများဖြန့်ဝေရာ စုရပ်များသို့ တာဝန်ခံကိုယ်စားလှယ်များနှင့် ချိတ်ဆက်ကာ လိုက်လံဝေငှခဲ့သည်။

**လုပ်ငန်းအဆင်ပြေချောမွေ့စေရန်**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် နှာခေါင်းစည်းများ၊ လက်အိတ်များ အခမဲ့လိုက်လံဝေငှခြင်းတို့အပြင် သတင်းစာကိုယ်စားလှယ်များ မြို့နယ်များအတွင်း၊ ရပ်ကွက်နှင့် လမ်းသွယ်များအတွင်း ပြည်သူများသို့ သတင်းစာလိုက်လံဖြန့်ချိပေးရာတွင် လုပ်ငန်းအဆင်ပြေချောမွေ့စေရန်အတွက် သတင်းစာတိုက်အလိုက် အသိအမှတ်ပြုကတ်ပြားအသီးသီးကိုလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းခေတ်**
**ဓာတ်ပုံ-မိုးမခ**

## ဝေဘာဂီအထူးကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအား ရောဝတီဖောင်ဒေးရှင်းက လစာတစ်လစာ ချီးမြှင့်ဂုဏ်ပြု

**ရန်ကုန် မေ ၂၂**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသော ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုသောအားဖြင့် မေလအတွက် လုပ်ခလစာ တစ်လစာကို မေ ၂၁ ရက်က သွားရောက်ချီးမြှင့်လှူဒါန်းခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် မေ ၂၁ ရက်က ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ စံပယ်ဖြူ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအေးအောင်တို့နှင့် တွေ့ဆုံဆွေးနွေးကာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အခြားကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေဝန်ထမ်း ၁၂၀ နှင့် စေတနာ့ဝန်ထမ်းအဖြစ် လာရောက် တာဝန်ထမ်းဆောင်နေကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း ၁၅၇ ဦး စုစုပေါင်း ၂၂၇ ဦး အတွက် ငွေကျပ် ၃၇၅ သိန်းကို ပေးအပ်ချီးမြှင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းများသည် အနီးကပ်ကြပ်မတ် ကုသခံနေရသူနှစ်ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါ လူနာစုစုပေါင်း ၇၅ ဦးကို ရောဂါသက်သာပျောက်ကင်းစေရန်နှင့် ထပ်မံကူးစက်ပြန့်ပွားခြင်း မရှိစေရန် ကိုယ်ကျိုးမငဲ့ဘဲ မရပ်မနားကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ရောဝတီဖောင်ဒေးရှင်း**



## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ




**နေပြည်တော် မေ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မေ ၂၀ ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်းသို့ သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာတစ်တောင့်နှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၆၃ စုအတွက် ဆပ်ပြာတောင့် ၃၆၃ တောင့်နှင့် နှာခေါင်းစည်း ၇၂၆ ခု တို့ကိုထောက်ပံ့ခဲ့သည်။

ထို့ပြင် ယနေ့တွင် ကချင်ပြည်နယ် မန်စီမြို့နယ်ရှိ နှစ်ခြင်း IDP စခန်း၊ မိုင်းခေါင်နှစ်ခြင်း IDP စခန်း၊ မိုင်းခေါင် RC IDP စခန်းနှင့် မြစ်ကြီးနားမြို့နယ်ရှိ စီတာပူဆွတ်ငိုင် IDP စခန်း၊ စီတာပူသီတာအေးနှစ်ခြင်း IDP စခန်း၊ မြို့သစ်ကြီး ဂျန်မန်ကောင်း RC IDP စခန်း၊ မြို့သစ်ကြီး ဂျန်မန်ကောင်းနှစ်ခြင်း IDP စခန်း တို့သို့ သွားရောက်၍ အိမ်ထောင်စု ၂၁၇၂ စုအတွက် ဆပ်ပြာခဲ ၂၁၇၂ ခဲနှင့် နှာခေါင်းစည်း ၂၁၇၂ ခု ထောက်ပံ့ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၂၃) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဒဏ်ရာရရှိမှုနှင့် ကွယ်လွန်မှုအပေါ် ဝမ်းနည်းရပါကြောင်း

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၂) ရက်နေ့**

COVID-19 ဓာတ်ခွဲနမူနာများအား ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ကူညီသယ်ယူပို့ဆောင်ခဲ့စဉ် ဒဏ်ရာရရှိခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ဦးပြည့်စုံဝင်းမောင်သည် (၂၁-၄-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့မှုအပေါ် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းပါသည်။ ဦးပြည့်စုံဝင်းမောင်သည် မိမိတို့နိုင်ငံ COVID-19 ကပ်ရောဂါကြီးအား ကျော်လွှားအောင်မြင်နိုင်စေရန် ပြည်သူများ၏အကျိုးအတွက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သူဖြစ်သဖြင့် နိုင်ငံအတွက် တာဝန်ကျေပွန်သူနိုင်ငံသားတစ်ဦးကို ဆုံးရှုံးခဲ့ရခြင်းလည်းဖြစ်ပါသည်။

ထို့အပြင် ဓာတ်ခွဲနမူနာများ သယ်ယူပို့ဆောင်စဉ်လိုက်ပါခဲ့သည့် စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦး ဒဏ်ရာများရရှိခဲ့မှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် များစွာဝမ်းနည်းပါသည်။ ဦးအောင်မျိုးဦး အမြန်ဆုံးကျန်းမာစေရန်အတွက်လည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးကို ကျော်လွှားနိုင်ပါစေ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နမ့်စန်မြို့ ယာယီပျံ့ကျဈေးအတွင်း ပိုးသတ်ဆေးဖျန်း



**နမ့်စန်(တ) ဧပြီ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေး အနေဖြင့် အထက(နမ့်စန်) ဘောလုံးကွင်းအတွင်းရှိ ယာယီပျံ့ကျဈေးအား ယနေ့ မွန်းလွဲ ၂ နာရီက တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

နမ့်စန်တပ်နယ်မှူးနှင့် တပ်မတော်သားများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယာယီပျံ့ကျဈေးဆိုင်ခန်းနေရာများ၊ ဈေးပတ်လမ်းများနှင့် ယာဉ်ရပ်နားသည့်နေရာများကို မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။

နမ့်စန်မြို့နယ်တွင် လူစုလူဝေးမဖြစ်စေဘဲ ဈေးရောင်း ဈေးဝယ်ပြည်သူများ အဆင်ပြေစွာ ရောင်းချဝယ်ယူနိုင်ရန်အတွက် ဧပြီ ၁၉ ရက်မှစတင်၍ မြို့မဈေးပတ်ဝန်းကျင်တွင် ရောင်းချနေသည့် ပျံ့ကျဈေးသည်များကို အထက(နမ့်စန်) ဘောလုံးကွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်၍ နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိ ပြောင်းရွှေ့ဖွင့်လှစ်ပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

သူရအောင်(ပြန်/ဆက်)

■

## နမ့်ဆန်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများချုပ်၍ လှူဒါန်း

**နမ့်ဆန် ဧပြီ ၂၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် လောကပါလဘာသာပေါင်းစုံ လူမှုကူညီရေးအသင်းမှ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများချုပ်၍ အခမဲ့ဖြန့်ဝေပေးသွားမည်ဟု သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းမတပ်ထားရင် ရောဂါပိုးက နှာခေါင်း၊ ပါးစပ်ကနေ ဝင်နိုင်တယ်။ နှာခေါင်းစည်းသုံးမယ်ဆိုတော့လည်း တစ်ခုကို ၅၀၀ ကျပ်နဲ့ ဝယ်သုံးရတာ။ ပြီးတော့ တစ်ခုကို ၄ နာရီပဲ သုံးလို့ရမယ်။ နေ့တိုင်းလိုလိုဝယ်သုံးနေရမယ်။ လျှော်သုံးမယ်ဆိုတော့လည်း အလွန်ဆုံး နှစ်ခါဆို စုတ်ပြီ။ အဲဒါကို ဖြေရှင်းပေးဖို့ လောကပါလအသင်းက ကြိုးစားပေးနေပါတယ်။ အလျှော်ခံတဲ့ ချည်ပေါင်းသားအစနဲ့ အသုံးပြုလို့အဆင်ပြေပြီး ပုံစံလည်းလှတဲ့ နှာခေါင်းစည်းတွေကိုချုပ်ကာ လိုအပ်သူများကို အခမဲ့ပေးဝေဒါနပြုသွားမယ်" ဟု လောကပါလအသင်းဥက္ကဋ္ဌ ဒေါ်မြမြခင်က ပြောသည်။

အဆိုပါ နှာခေါင်းစည်းများကို ဧပြီ ၁၈ ရက်မှ စချုပ်ဖြစ်ကာ ယနေ့အထိ နှာခေါင်းစည်း ၂၀၀ နီးပါး ပြီးစီးနေပြီး ပြည်သူများအတွက် အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ နှာခေါင်းစည်းချုပ်ရန် လိုအပ်သည့် ပိတ်စများကို ခေတ်တအောင်း (ပလောင်) ရိုးရာအထည်ဆိုင်မှ လှူဒါန်းထားကြောင်း သိရသည်။

**အောင်မိုး (နမ့်ဆန် ပြန်/ဆက်)**



## ပုပ္ပသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေ

**နေပြည်တော် ဧပြီ ၂၂**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ (အခမဲ့) ဖြန့်ဝေပေးခြင်းကို ယမန်နေ့ ညနေ ၅ နာရီက ပုဗ္ဗသီရိညဈေး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့ တာဝန်ခံ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ပုဗ္ဗသီရိညဈေးတွင် ဈေးရောင်းချနေ သောဈေးသည်များနှင့် ဈေးဝယ်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်း စုစုပေါင်း ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး လုပ်ငန်းများကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဈေးများ၊ လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကံချွန်(ပြန်/ဆက်)



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဒိုက်ဦး ဧပြီ ၂၂**

ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒိုက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယူနီဆက်နှင့်ပူးပေါင်း၍ ကန့်သတ်စောင့်ကြည့်စခန်းများနှင့် မြို့နယ်ယာယီဈေး ဖွင့်လှစ်ဆောင်ရွက်ထားရှိသောနေရာများတွင် အများသုံးလက်ဆေးဘေစင်များ တပ်ဆင်ပေးကာ ရေပုံး၊ ရေခွက်နှင့် လက်ဆေးဆပ်ပြာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

## လက်ပံတန်းပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဖျားနာ၊ ချောင်းဆိုး သီးသန့်ဆေးကုခန်းဖွင့်

**လက်ပံတန်း ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ဖျားနာ၊ ချောင်းဆိုး သီးသန့်ပြင်ပလူနာများ ပြသနိုင်ရန် Fever Clinic ဆေးကုခန်းကို ပြည်သူ့ဆေးရုံ သံဃာဆောင်သစ်၌ ယနေ့ ဖွင့်လှစ်ခဲ့သည်။

မြို့နယ်အတွင်းရှိ ဖျားနာ၊ ချောင်းဆိုး လူနာများ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အခမဲ့ပြသနိုင်ပြီး နာတာရှည်ရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် ကိုယ်ဝန်ဆောင်များ၊ မဖျားသည့် ကလေးငယ်များ ယခင်ပြသသည့် ပြင်ပလူနာပြသသည့် အချိန်နှင့် နေရာတို့တွင် ဆက်လက်ပြသနိုင်ကြောင်း သိရသည်။

လူနာများအနေဖြင့် ဆေးခန်းပြင်ပချိန်တွင် ရောဂါနှင့် ပတ်သက်၍ ဆွေးနွေးလိုပါက ဆက်သွယ်မေးမြန်းနိုင်ရန် ဆရာဝန်အမည်၊ အချိန်နှင့် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ပေးထားကြောင်း သိရသည်။

ဝင့်နန္ဒာဌေး

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ**

## တောင်ဥက္ကလာပမြို့နယ်အတွင်း ဈေးတန်းကားများ လှည့်လည်ရောင်းချမည်

**ရန်ကုန် ဧပြီ ၂၂**

တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် မြို့နယ်နေ ပြည်သူများအတွက် သားငါးဟင်းသီးဟင်းရွက်နှင့် အခြေခံစားသောက်ကုန်များကို ဧပြီ ၂၃ ရက် နံနက် ၆ နာရီခွဲမှစတင်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးတန်းကားတွင် ကြက်၊ ဝက်၊ ငါးမြစ်ချင်း၊ ပြည်ကြီးငါး၊ ပုစွန်၊ ကုန်စိမ်းများ၊ အော်ဂဲနစ်အသီးအနှံများ၊ ဆန်၊ ဆီ၊ အာလူး၊ ပဲ၊ ငရုတ်၊ နွားနို့၊ ဒိန်ချဉ်၊ ပျားရည်နှင့် အခြေခံစားသောက်ကုန်များ ပါဝင်မည်ဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက "အခုလှည့်လည်ရောင်းချမယ့် ဈေးကားတွေမှာ သန့်ရှင်းသပ်ရပ်ပြီး ဈေးမှန်၊ အလေးမှန် ရောင်းချမှာဖြစ်တယ်။ ဈေးသည်တွေရဲ့ ကိုယ်ပိုင်ကားအစီး ၂၀ နဲ့ အုပ်စု လေးစုခွဲပြီး လှည့်ရောင်းပါမယ်။ သားငါးနဲ့ ဟင်းသီးဟင်းရွက်တွေကို နံနက် ၉ နာရီအထိသာရောင်းပေးပါမယ်။ ကျန်စားသောက်ကုန်တွေကို တစ်နေကုန်ရောင်းပါမယ်။ တောင်ဥက္ကလာပမြို့နယ်မှာ ရပ်ကွက် ၁၃ ရပ်ကွက်ရှိပြီး အိမ်ထောင်စုပေါင်း လေးသောင်းကျော်ရှိပါတယ်။ ဈေးသွားစရာမလိုဘဲ ဈေးသည်တွေကိုယ်တိုင် အမြတ်နည်းနည်းယူပြီး လာရောင်းခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

တောင်ဥက္ကလာပမြို့နယ် ပြည်သူများမှာ ကိုဗစ်–၁၉ ရောဂါကြောင့် ကန့်သတ်ချက်ဖြင့် မိမိအိမ်တွင် နေထိုင်ရသည့်ကာလအတွင်း နေ့စဉ်ချက်ပြုတ်စားသောက်ရေးကိစ္စအဆင်ပြေလွယ်ကူစေရန် ယခုကဲ့သို့စီစဉ်ရခြင်း ဖြစ်သည်။ အဆိုပါဈေးတန်းကားတွင် လိုက်ပါရောင်းချလိုသည့် စားသောက်ကုန်ဈေးသည်များသည် ဖုန်း–၀၉–၅၀၂၄၇၉၉၊ ၀၉–၇၉၅၆၄၅၄၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည် ။

**အောင်သူရ**

## မူဆယ်မြို့ ယာယီပွဲရုံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မူဆယ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ သိန်းသန်းချီအဝေးပြေးယာဉ်ရပ်နားစခန်းသို့သွားသည့် ကွန်ကရစ်လမ်းမကြီးတစ်လျှောက်၌ ပွဲရုံကျဈေးသည်များ ယာယီရောင်းချရန် ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ပွဲရုံကျဈေးအတွင်း ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက တောင်ပိုင်းသားပရဟိတအသင်းနှင့် မေတ္တာပန်းခင်းပရဟိတအသင်းတို့မှ ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ ယာယီပွဲရုံကျဈေးအတွင်းရှိ ဈေးသည်နှင့်ဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် လက်များဆေးကြောပေးခြင်းများကို ပြုလုပ်ပေးသည်။



အဆိုပါ ယာယီဈေးအတွင်း၌ နေ့စဉ်ရောင်းချသူ၊ ဝယ်ယူသူများအနေဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွင်း ဝယ်ယူ၊ ရောင်းချလျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ဈေးဝယ်သူများ ဈေးသို့လာလျှင် နှာခေါင်းစည်းတပ်၍ လာရန်၊ ဈေးသည်များအနေဖြင့် မိမိတို့ ကျန်းမာရေးအတွက် နှာခေါင်းစည်းတပ်ဆင်၍ ရောင်းချကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း တောင်ပိုင်းသား ပရဟိတအသင်းဥက္ကဋ္ဌ ဦးမော်စီက ပြောသည်။

ဆက်လက်ပြီး ယာယီပွဲရုံကျဈေးအား သတ်မှတ်ထားသည့် အချိန်အတွင်း သိမ်းဆည်းပြီးလျှင် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများက ပိုးသတ်ဆေးရည်များ ပက်ဖျန်းပြီး ယာယီပွဲရုံကျဈေးအတွင်း ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ပိုးသတ်ဆေးရည်များ နေ့စဉ် ပက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းဘဉာ(ကွတ်ခိုင်)**



တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက်မှ စားသောက်ကုန်များ မှာယူသူအား ရောင်းချပေးနေစဉ်။

## သန့်ရှင်းလတ်ဆတ်သော အသား၊ ငါးများကို အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၂၂**

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ဈေးဝယ်သူပြည်သူများအား ကာကွယ်ပေးသည့်အနေဖြင့် နေအိမ်တွင် နေထိုင်ရေးကာလအတွင်း၌ သန့်ရှင်းလတ်ဆတ်သော အသား၊ငါးများရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ နေအိမ်များအား Fresh Meat Solution မိသားစုမှ ဧပြီ ၂၂ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

Fresh Meat Solution အနေဖြင့် အကျိုးအမြတ်သီးသန့်အတွက် မဟုတ်ဘဲ အမှန်တကယ် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ပုစွန်အစစ်အမှန်ဝယ်ယူရရှိနိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဈေးသို့ သွားရောက်ဝယ်ယူရမှု လျှော့ချနိုင်သည့်အတွက်ကြောင့် ရောဂါကူးစက်နိုင်ခြေ လျော့နည်းစေမည်ဖြစ်ကြောင်း၊ ဈေးရောင်းနေရသည့် အခြေခံလူတန်းစားများအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်စေရန် မိမိတို့နေအိမ်၌ နေ့စဉ်ချက်ပြုတ်စားသုံးကြသည့်အတိုင်း လတ်ဆတ်သော အသားငါးများကိုသာ အသုံးပြုပေးခြင်းနှင့်သန့်စင်ပေးခြင်းများအပါအဝင် အအေးခန်း၌ စနစ်တကျသိုလှောင်ထားနိုင်ရန် သေသပ်စွာထုပ်ပိုးပေးခြင်းများကို စနစ်တကျ အလေးပေးဆောင်ရွက်ထားရှိကြောင်း Fresh Meat Solution မှ ကိုဝင်းထွဋ်ဝင်းက ပြောသည်။

"မိသားစုဝင်တွေချည်းပဲ တစ်ပိုင်တစ်နိုင်လုပ်ကြတာပါ။ ကိုဗစ်–၁၉ ရောဂါကြောင့် ကျွန်တော်တို့ တောင်ဒဂုံမြို့နယ်ထဲမှ ရပ်ကွက်အသီးသီးမှာ နေ့တိုင်းဈေးမထွက်နိုင်တဲ့ ဈေးသည်တွေအပါအဝင် ဈေးရောင်းမကောင်းတဲ့ ဈေးသည်တွေဆီကနေ အသား၊ ငါး ဝယ်ယူပေးပြီး ကျွန်တော်တို့အိမ်မှာပဲ သန့်ရှင်းရေးလုပ်ကာ ပြန်ထုပ်ပိုးပြီးတော့ ဝယ်မယ့်သူကို အိမ်တိုင်ရာရောက် သွားပို့ပေးတဲ့ စနစ်ဖြစ်ပါတယ်။

"သွားရောက်ပို့ဆောင်မယ့် ကျွန်တော်တို့အနေနဲ့ကတော့ မျက်နှာကာဗာနဲ့ လက်အိတ်အပါအဝင် စိတ်ချလုံခြုံမှုရှိစေမယ့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းအားလုံးကို အသုံးပြုသွားမှာဖြစ်သလို နေအိမ်တွေကို သွားပို့တဲ့အခါမှာလည်း သူတို့လက်ထဲကို ဈေးပစ္စည်းတိုက်ရိုက်မထည့်ပါဘူး။ သူတို့အိမ်ရှေ့ကို ချသင့်ရင်ချပေးမယ်။ ဒါမှမဟုတ် ဗန်းလေးထဲထည့်ပြီးပေးရင်လည်းပေးမယ်။ နောက်ငွေရှင်းတဲ့အခါမှာလည်း အတိအကျပဲရှင်းခိုင်းထားပါတယ်။ ကျွန်တော်တို့ကလည်း ငွေပြန်မအမ်းဘူး။ ပြောထားပြီးသားပါ။ ဒါလည်း ရောဂါကူးစက်မှုကို တစ်ဖက်တစ်လမ်းကကာကွယ်တဲ့သဘောပါပဲ" ဟု ၎င်းက ပြောသည်။

ဧပြီ ၂၂ ရက်တွင် အသား၊ ငါး အော်ဒါမှာယူသူများအတွက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း၊ မြို့နယ် ၁၀ မြို့နယ်ဖြစ်သော တောင်ဒဂုံမြို့နယ်အပါအဝင် မြောက်ဒဂုံ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ သဃ်ာန်းကျွန်း၊ တာမွေ၊ ဒေါပုံ၊ သာကေတ၊ ဗဟန်းနှင့်ပုဇွန်တောင်မြို့နယ်များအတွက် နေ့စဉ်နံနက် ၆ နာရီမှ ၁၁ နာရီထိ၊ ညနေ ၃ နာရီမှ ၆ နာရီအထိကို ယာဉ်များဖြင့် လိုက်လံပို့ဆောင်ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် Fresh Meat Solution ၏ လူမှုကွန်ရက်စာမျက်နှာနှင့် ဖုန်းနံပါတ်မှတစ်ဆင့် နေ့စဉ်အော်ဒါရယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ပွင့်သစ္စာ**
**ဓာတ်ပုံ – စိုးမြင့်အောင်**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ဧပြီ ၂၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ သုဓမ္မမဏိဇောတရေ ဦးဝင်း(ဝင်းမေတ္တာမိသားစု) က ငွေကျပ်သိန်း ၁၁၀ ကို ပေးအပ်လှူဒါန်းစဉ်။

တင်ဝင်းတင်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လှူဒါန်းပစ္စည်းပေးအပ်ပွဲ တက်ရောက်

**မုံရွာ ဧပြီ ၂၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လှူဒါန်းပစ္စည်းများ ပေးအပ်ခြင်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အလှူရှင်များက ဆန်၊ ဆီနှင့် ရောဂါကာကွယ်ရေးပစ္စည်းများကို လှူဒါန်းပေးကြသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့က အမှန်တကယ်လိုအပ်သည့်နေရာများသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း လိုအပ်၍အပြင်ထွက်ကြလျှင် နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် မကြာခဏ လက်ဆေးကြရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း ဒေသခံပြည်သူများ၏အသံကို နားထောင်လျက်ရှိပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးတွင် ပြည်သူသာလျှင် အဓိကဖြစ်သည့်အတွက်ကြောင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် အလှူရှင် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀၊ ဆီကုန်သည်ကြီးများအသင်းချုပ်က ဆီ ပိဿာ ၁၀၀၀၊ ဆန်အိတ် ၂၀၀၀၊ ရွှေတောင်ကုမ္ပဏီနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီလီမိတက်မှ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိကာကွယ်ရေးပစ္စည်းများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကယားပြည်နယ်၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး စည်းဝေး

**လွိုင်ကော် ဧပြီ ၂၂**

ကယားပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့်စပ်လျဉ်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း ကျန်ရှိသည့်အမှုတွဲများကို အမြန်ဆုံးဖော်ဆောင်နိုင်ရန် ပြည်နယ်အဆင့်၏ သဘောထားမှတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်ရှိသည့်အမှုတွဲများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ်မူတည်ပြီး အချိန်မီဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏မူဝါဒများနှင့် ညီ၊ မညီ၊ မြို့နယ်/ခရိုင်ကော်မတီများ၏ တင်ပြချက်များအပေါ်တွင်လည်း သုံးသပ်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ မြို့နယ်/ခရိုင်ကော်မတီများ၏ စိစစ်သုံးသပ်ချက်များကို ပြန်လည်စိစစ်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက ပြည်နယ်ကော်မတီမှ သဘောထားမှတ်ချက်များကို လိုအပ်သလို ထပ်မံချမှတ်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယင်းအတွက် အကောင်းဆုံးဖြစ်ရေး၊ မှန်ကန်ပြီး သာတူညီမျှဖြစ်စေရေးအတွက် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တင်ပြချက်ပေါ်မူတည်၍ ဗဟိုကော်မတီမှ အကောင်းဆုံး ဆက်လက်ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်ရာ အကောင်းဆုံး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူးက ပြည်နယ်အတွင်းကျန်ရှိသည့် အမှုတွဲသုံးတွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများနှင့် ပြန်လည်စိစစ်ရေးကော်မတီဝင်များမှ စိစစ်ဆဲအမှုတွဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ထွန်းလေး(ပြန်/ဆက်)**

## စောင့်ကြည့်ခံရက်ပြည့်၍ နေရပ်သို့ပြန်လည်ထွက်ခွာသူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ နှုတ်ဆက်အားပေး

**ဘားအံ ဧပြီ ၂၂**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ကရင်ပြည်နယ်အတွင်း၌ စောင့်ကြပ်ကြည့်ရှုခဲ့ပြီး သတ်မှတ်ရက်ပြည့်မြောက်သည့်အတွက် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်၍ ဧပြီ ၂၁ ရက် နံနက်ပိုင်းက ၎င်းတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ရွာများသို့ ပြန်လည်စေလွှတ်ပေးခဲ့သည်။

ထိုသို့ စောင့်ကြည့်ခံပြည်သူများ ၎င်းတို့နေရပ်သို့ ပြန်လည်ထွက်ခွာမှုကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘားအံမြို့ သံလွင်တံတားထိပ်တွင် နှုတ်ဆက်အားပေးပြီး ထမင်းဘူး၊ ရေသန့်ဘူး၊ အချိုရည်နှင့် မုန့်များ ဝေငှပေးခဲ့သည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က " ဒီနေ့ကတော့ သတ်မှတ်ရက်ပြည့်လို့ ပြန်ခွင့်ပေးရမယ်ဆိုတာ ကြိုသိထားတဲ့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လူဦးရေအလိုက် မော်တော်ယာဉ်တွေတောင်းပြီး သူ့ကားနဲ့သူ ပြန်ထည့်ပေးလိုက်တာဖြစ်ပါတယ်၊ ဘယ်နှပေအကွာထားရမယ်၊ ဘယ်လိုထားရမယ်၊ ဘယ်လိုစစ်ဆေးရမယ်ဆိုတာတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်း ကျွန်မတို့လိုက်နာပါတယ်၊ နောက်ပြီး ကျန်းမာရေးဝန်ထမ်းကလည်း အမြဲပဲ Quarantine ထဲမှာ ဝင်ပြီးနေတယ်ဆိုတော့ အမြဲပဲစစ်ဆေးပေးနေခဲ့ တာပါ၊ အခုဆိုရင် INGO၊ NGO ဆီက ကူညီတာတွေပါလာပြီ၊ အခုဆိုရင်တော့ ပစ္စည်း ၁၂ မျိုးပါတဲ့ Kit လိုဟာမျိုးတွေ ပေးနိုင်တဲ့အတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး ကျွန်မတို့ ပိုပြီးတော့ ဂရုစိုက်နိုင်တယ်၊ ပြည်နယ်သူ ပြည်နယ်သား တွေ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ၊ ပြန်ဝင်လာတဲ့သူတိုင်း က ရောဂါသည်မဟုတ်ပါဘူး၊ အဲဒါကို နားလည်မှုရှိရှိနဲ့ ဆောင်ရွက်ပေးမယ်၊ စည်းနဲ့ကမ်းနဲ့နေမယ်ဆိုရင် ရောဂါပိုးမကူးနိုင်ပါဘူး၊ ပြန်လာတဲ့သူတွေကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးပါ" ဟု ပြောကြားသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ စစ်ဆေးကြပ်မတ်ပြီး ကရင်ပြည်နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးစောင့်ကြည့်မှုများ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ရက်ပြည့်မြောက်ပြီးသည့် နေရပ်ပြန်တစ်ထောင်ကျော်အား ဧပြီ ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် အများပြည်သူသို့ အသိပညာပေးလှည့်လည်ကြေညာ



**ထားဝယ် ဧပြီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် အများပြည်သူသို့ အသိပညာပေးလှည့်လည်ကြေညာလျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ထားဝယ်မြို့နယ်အတွင်းရှိ ဆင်ဆိပ်ရပ်ကွက်၊ အိမ်ရှေ့ပြင်ရပ်ကွက်နှင့် သပြေချောင်းကျေးရွာများသို့ လှည့်လည်၍ ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဝန်ထမ်းများက မြို့အတွင်းရှိ အချက်အချာကျသောနေရာများတွင် အသိပညာပေး ဗီနိုင်းပိုစတာများကပ်ပြီး လမ်းတစ်လျှောက်တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး အသိပညာပေးအသံဖိုင်များဖွင့်၍ လှည့်လည်အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**ထားဝယ်**
**(ခရိုင်ပြန်/ဆက်)**

# ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ အလှူငွေနှင့် စားနပ်ရိက္ခာများလှူဒါန်း

**တောင်ကြီး မေ ၂၂**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ အလှူငွေ၊ ရိက္ခာနှင့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၂၁ ရက်တွင် ဦးခင်မောင်ဝင်း မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ကိုယ်ပိုင်သင်တန်းဆရာ ဆရာမများက အလှူငွေကျပ်နှစ်သိန်း၊ မနန်းခမ်းအူက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ညို မိသားစုက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ငါးစုံ၊ ရွှေပဲစားသုံးဆီ ကုမ္ပဏီက ရွှေပဲဆီ ၅၀ ကျပ်သားဘူး ၁၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း ယင်းကော်မတီမှ သိရသည်။

ပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းထားသည့် အလှူငွေ၊ ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ကျန်းမာရေးစောင့်ကြည့်စခန်းများအရောက် နေ့စဉ်လှူဒါန်းလျက်ရှိသည်။

ကော်မတီအနေနှင့် စားနပ်ရိက္ခာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန် စသည့် ရိက္ခာများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား အမှန်လိုအပ်သည့် ပြည်သူများထံ ထောက်ပံ့ပေးလျက်ရှိပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားကြောင်း ယင်းကော်မတီမှ သိရသည်။

**စိုးညွန့်ရွှေ (ပြန် /ဆက်)**






# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီသို့ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများလှူဒါန်း

**ပဲခူး မေ ၂၂**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားရှိသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့ မေ ၂၁ ရက် မွန်းလွဲပိုင်းက အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းကြသည်။

ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အသက်ရှူအထောက်အကူပြုစက် Ventilator ဝယ်ယူရန်အတွက် ဦးစိုးလင်း (Soe Yadanar Lin Co.,Ltd) မိသားစုမှ အလှူငွေကျပ် သိန်း ၅၀၊ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ကလိ) ကိုဗစ်-၁၉ Isolation Unit တွင် အသုံးပြုနိုင်ရန်အတွက် ဦးအောင်ကျော်မိုး (ယုန်ညီနောင် ဆေးပေါ့လိပ်) မိသားစုမှ တစ်လုံးလျှင် ကျပ် ၇၅ သိန်းတန်ဖိုးရှိ Portable Ventilator နှစ်လုံး၊ ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရေသန့်စက် တစ်လုံး၊ နှာခေါင်းစည်း ၂၀၀၀ တို့နှင့် အလှူရှင်များက လှူဒါန်းကြသည်။

ပြည်သူမှပြည်သူသို့ အစီအစဉ်အရ ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းအင်အား ၂၀၀ ခန့်အတွက် အာဟာရဖြည့်နေ့လယ်စာစားသုံးနိုင်ရေး အလှူရှင်ပြည်သူများက လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တိုးဂိတ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မူဆယ် မေ ၂၂**

မြန်မာနိုင်ငံအနှံ့မှ မူဆယ်မြို့သို့ဝင်ရောက်လာသူများကို မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တိုးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ(မူဆယ်)၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် လူမှုရေးပရဟိတအသင်းတို့က နေ့စဉ်နံနက် ၇ နာရီမှညနေ ၆ နာရီအထိ ကျန်းမာရေးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မူဆယ်ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ (မူဆယ်)မှ ဦးဇော်မင်းလှိုင်က ပြောကြားသည်။

မူဆယ်မြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်သူများပြားလျက်ရှိနေပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့်အဖွဲ့ပေါင်းစုံက နေ့စဉ်တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုင်းဘညဏ်(ကွတ်ခိုင်)**

# ခန္တီးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ခန္တီး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် ကန့်သတ်စောင့်ကြည့်သူများ ထားရှိသည့်နေရာနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့တွင် အိပ်ဆောင်အခန်းအတွင်းအပြင်၊ လှေကား၊ စားရိပ်သာ၊ ရေချိုးခန်း၊ သန့်စင်ခန်း စသည့်နေရာများကို ယနေ့ နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ခရိုင်မီးသတ်ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးသက်ဝင်းနှင့် ရုံးဝန်ထမ်းများ၊ အမှတ် (၁၄) တပ်မတော်ဆေးရုံ ခုတင် (၂၅) စစ်ဆေးရုံမှ ဗိုလ်မှူးအောင်ပြည့်ဖြိုးနှင့် အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်တို့ပူးပေါင်းလျက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စနေမောင်(ခန္တီး)**

# သကြင်္န်အပြီးကာလတွင် ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းသီးနှံများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး မေ ၂၂**

သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်နှင့် မြင်းမူမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲတီစိမ်း(အညာရွှေဝါ) သီးနှံများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



### အဖွင့်ဈေးကောင်းမွန်

အဆိုပါ ပဲတီစိမ်းသီးနှံမှာ သင်္ကြန်မတိုင်ခင်ကာလက ဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်း ပေါက်ဈေးသာရှိခဲ့ပြီး ယခုသင်္ကြန်အပြီး ဈေးကွက်စတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျပ်တစ်သိန်းနှစ်သောင်းငါးထောင် ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းမွန်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"သင်္ကြန်အပြီးမှာ မန္တလေးကုန်စည်ဒိုင်ကလည်း ဒီနေ့မှာစဖွင့်ပါတယ်။ ဈေးကွက်အဖွင့်မှာပဲ ပဲတီစိမ်းသီးနှံအပြင် အခြား နှမ်းနက်၊ မြေပဲ၊ ထောပတ်ပဲ သီးနှံတွေလည်း တရုတ်နိုင်ငံရဲ့ဝယ်လိုအားကြောင့် အမြင့်ဈေးတွေနဲ့ အရောင်းအဝယ် သွက်နေကြတယ်။ အချို့ ပွဲရုံတွေအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ ပွဲရုံတွေကပဲ အွန်လိုင်းကနေ အရောင်းအဝယ်တွေ လုပ်နေကြတယ်။ ဒီလို ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေတဲ့ အချိန်မှာ ကျွန်တော်တို့ ပဲဈေးကွက်က အရောင်းအဝယ်တွေ ရပ်တန့်မသွားဘဲ ရောင်းပန်းသာပြီး ဝယ်ပန်းလှနေတာ မြင်တွေ့ရလို့ တောင်သူတွေကိုယ်စား ဝမ်းသာကြည်နူးမိပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးကုန်စည်ဒိုင်စဖွင့်သည့် ယနေ့တွင် ဈေးကွက်အတွင်း၌ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ခုနစ်သောင်းနှစ်ထောင် ဈေးဖြင့်လည်းကောင်း၊ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ရှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းနှစ်သောင်းရှစ်ထောင်နှုန်းဖြင့်လည်းကောင်း၊ ပဲစင်းငုံ(အနီ)မှာ ငွေကျပ် ခုနစ်သောင်းသုံးထောင်နှုန်းဖြင့်လည်းကောင်း၊ မတ်ပဲ(အသစ်)မှာ ငွေကျပ် ကိုးသောင်းရှစ်ထောင်နှုန်းဖြင့်လည်းကောင်း၊ နှမ်းနက်(ထိပ်စ)မှာ ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲမှာ ငွေကျပ် ရှစ်သောင်းရှစ်ထောင်နှုန်းဖြင့်လည်းကောင်း မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် သုံးထောင့်လေးရာကျပ်နှုန်းဖြင့်လည်းကောင်း၊ မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ငွေကျပ် သုံးထောင့်နှစ်ရာနှုန်းဖြင့်လည်းကောင်း အရောင်းအဝယ် သွက်လျက်ရှိသည်။

### မကြာမီရက်များအတွင်း ထပ်မံဝင်ရောက်မည်

ယခုထွက်ရှိသည့် ပဲတီစိမ်း(အညာရွှေဝါ)သီးနှံများမှာ ဧရာဝတီမြစ်ကမ်းအနီးတွင် နွေရာသီကာလ၌ ရေသွင်းစိုက်ပျိုးထားခြင်းဖြစ်ပြီး မကြာမီရက်များအတွင်း မတ္တရာနှင့် စဥ့်ကူးဒေသများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံများ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိကို ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ၊ နာယကများနှင့် ကော်မတီအဖွဲ့ဝင်များက Inno City ဆောက်လုပ်ရေးလုပ်ငန်း၊ Korace အထည်ချုပ်စက်ရုံ၊ PW & GG အထပ်သားစက်ရုံများသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **နေထက်အောင်**

## ကန်ကြီးထောင့်မြို့၌ လူနာတင်ယာဉ် ယာဉ်မောင်းများအား တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းသရုပ်ပြ

**ကန်ကြီးထောင့် ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းနှင့် ဝတ်စုံချွတ်နည်းများအား လက်တွေ့သရုပ်ပြခြင်းကို ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရီရီခင်က ကိုဗစ်-၁၉ ကူးစက်ရောဂါလူနာများနှင့် သံသယလူနာများကို သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ရာတွင် ယာဉ်မောင်းများအနေဖြင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံကို စနစ်တကျဝတ်ဆင်တတ်စေရန်နှင့် ရောဂါကူးစက်မှုမရှိစေရန် ရည်ရွယ်၍ လက်တွေ့သရုပ်ပြခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (အပြည့်) ဝတ်နည်း၊ ချွတ်နည်းများနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ရာတွင် သတိပြုလိုက်နာရမည့်အချက်များနှင့် ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးမျိုးညွန့်အောင်(မြို့နယ်သူနာပြု) က တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံအား စနစ်တကျဝတ်ဆင်နည်းနှင့် ချွတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ ဒေါက်တာရီရီခင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ကန်ကြီးထောင့်)**



## ဟားခါးမြို့၌ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**ဟားခါး ဧပြီ ၂၂**

ချင်းပြည်နယ်အဆင့် စားနပ်ရိက္ခာ၊ အစားအသောက်၊ ဆေးဝါးနှင့် သောက်သုံးရေများ ဝယ်ယူ၊ သယ်ဆောင်၊ ဖြန့်ဝေ၊ ရောင်းချရေးအဖွဲ့သည် ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် ဆေးဝါးရောင်းသည့်ဆိုင်များသို့ သွားရောက်ကာ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေး စစ်ဆေးသည်။

ချင်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသောင်းကြိုင်က အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် မတ် ၂၇ ရက်မှစ၍ စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်၊ ဆီ၊ ဆား စသည့်စားသောက်ကုန်များကို ရောင်းချသည့်ဈေးနှုန်းကို အများပြည်သူမြင်သာအောင် ဗီနိုင်းဖြင့် ကြေညာပြီးမှ ရောင်းချပေးကြရန် အသိပေးနှိုးဆော်ထားကြောင်း ပြောကြားသည်။

**ဗိုလေးနွယ်**

(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်




**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လမ်းသစ်လမ်း၊ လှိုင်မြစ်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်များ၊ ဆေးဖျန်းယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ ရေသယ်ယာဉ်ကိုးစီး၊ LUF-60(Robotic Fire Fighting Vehicle ) ယာဉ်တစ်စီး၊ LUF- Micro(Robotic Fire Fighting Vehicle) ယာဉ်တစ်စီး၊ အဆင့်မြှင့် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအသင်းများမှ ရေသယ်ယာဉ်နှစ်စီး၊ ဆေးဖျန်းယာဉ်သုံးစီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာကို တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်ရှိ ဈေးများအတွင်း ဈေးရောင်းသူများနှင့် ဈေးဝယ်သူများကို ညွှန်ကြားချက်စည်းကမ်းများ လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဧပြီ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် အတွင်းရေးမှူး ဦးဝင်းနိုင်တို့သည် မြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်စည်းကမ်းများအတိုင်း ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား လက်ဆေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်အိတ်စွပ်ထားခြင်းများကို လိုက်နာခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ဟသ်ာတ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ လှူဒါန်း

**ဟသ်ာတ ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ကုသရေးသုံးပစ္စည်းများလှူဒါန်းပွဲကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေနှင့်အဖွဲ့က လှူဒါန်းသော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၂ စုံ၊ N.95 Mask ၄၀၊ ရိုးရိုးနှာခေါင်းစည်း ၄၀၀၊ Goggles ခြောက်ခု၊ Glove ၁၀ ခုတို့ကို ပေးအပ်လှူဒါန်းရာ ဟသ်ာတခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## ကော့သောင်းမြို့၌ ပုံမှန်ဝင်ငွေမရှိသော မိသားစုများအား သားငါးနှင့် နှာခေါင်းစည်းများ ထောက်ပံ့

**ကော့သောင်း ဧပြီ ၂၂**

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း မြို့နေရပ်ကွက်တချို့မှ ပုံမှန်ဝင်ငွေမရှိသောမိသားစုများသို့ ဧပြီ ၂၁ ရက်က ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ လိုက်လံထောက်ပံ့လှူဒါန်းပြီး အသိပညာပေး လုပ်ငန်းများ လိုက်လံကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့၏ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းကုမ္ပဏီများ၊ မိုဘိုင်းဖုန်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖအလှူရှင်များ ဝိုင်းဝန်းပူးပေါင်းလှူဒါန်းကူညီမှုဖြင့် ပင်လယ်ငါးများအား မြို့ပေါ်ရပ်ကွက်များမှ ပုံမှန်ဝင်ငွေမရှိသောမိသားစုများ၏ စားဝတ်နေရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ ဟင်းစားငါးများအား အိမ်တိုင်ရာရောက် ရပ်ကွက်အလိုက် အလှည့်ကျ လိုက်လံထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း ပရဟိတအဖွဲ့ ခေါင်းဆောင် ကိုသိန်းနိုင်ဦး(ကိုမိုးတိမ်)က ပြောသည်။

ထို့အပြင် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးအသိသတိဖြင့် နေထိုင်ကြရေး၊ မလိုအပ်ပါက အိမ်ပြင်သို့မထွက်ကြဘဲ မိမိအိမ်တွင် နေထိုင်ကြရေး၊ မဖြစ်မနေအပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအား ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် လိုက်လံနှိုးဆော်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ကာ နှာခေါင်းစည်းများအား လူတစ်ဦးချင်းစီသို့ ဝေငှလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ယနေ့ ထောက်ပံ့လှူဒါန်းမှုအဖြစ် ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုပေါင်း ၃၅၀ ခန့်ကို ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ လိုက်လံပံ့ပိုးလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သုံးခွ၌ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ လှူဒါန်း

**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၄) ရပ်ကွက်ရှိ ဦးသန်းဦး (နန်းထိုက် ရွှေဆိုင်မိသားစု) က ဧပြီ ၂၂ ရက် နံနက် ၉ နာရီတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀ ကို သုံးခွမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အလားတူ ဧပြီ ၂၁ ရက်ကလည်း လမ်းမတော်မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သန်လျင်) သို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၄၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**



## ကျောက်တံတားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လာရောက်ထုတ်ယူသူများအား စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် မေ ၂၁ ရက်မှစတင်၍ ပင်စင်လစာများထုတ်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများက မေ ၂၀ ရက်မှစတင်ကာ ဘဏ်အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးဘေစင်နှင့် ဆပ်ပြာဆီများထားရှိပေးခြင်း၊ သုံးပေအကွာအမှတ်အသားများကို ဘဏ်တွင်းဆောင်ရွက်ထားသည့်အပြင် ဘဏ်ရှေ့ ကားပါကင်နေရာများတွင်လည်း သုံးပေအကွာအမှတ်အသားတွင် ထိုင်ခုံများနှင့်အတူ ၁၀ ပေ ပတ်လည်အမိုးများဖြင့် ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် ဘဏ်ခွဲ(၁)မန်နေဂျာ ဒေါ်ခင်လေးငယ်က ဘဏ်တွင်းသို့ ပထမဦးစွာ ၁၀ ဦးအား လက်ဆေးစေခြင်း၊ အပူချိန်တိုင်းခြင်းတို့ကို ဆောင်ရွက်ပြီးမှ ဝင်ရောက်စေပြီး ငါးဦးထွက်ပြီးမှသာ နောက်ထပ်ငါးဦးကို ဝင်ရောက်စေကြောင်း ပြောကြားသည်။

**ရွှေနန်းမေ (ပြန်/ဆက်)**

## တာမွေ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လစာ စနစ်တကျထုတ်ပေးလျက်ရှိ

**ရန်ကုန် မေ ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းကို မေ ၂၁ ရက်မှစတင်၍ အငြိမ်းစားဝန်ထမ်းများအား တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ စီတန်းစေကာ အလှည့်ကျစနစ်ဖြင့် ကာကွယ်ရေးကောင်တာနှင့် မြို့ပြကောင်တာ နှစ်ခုခွဲ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

တာမွေမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ခရိုင်မန်နေဂျာ ဒေါ်မိုးကေသီက ဘဏ်အတွင်း လက်ဆေးဘေစင်များထားရှိပြီး လက်ဆေးပြီးမှသာ သက်ဆိုင်ရာ ငွေထုတ်ကောင်တာများသို့ သွားရောက်စေခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိကြောင်း၊ ဘဏ်ဝန်ထမ်းများ အန္တရာယ်ကင်းစေရေးအတွက် ကောင်တာများတွင် ပလတ်စတစ်အကြည်များ ကာရံထားခြင်း၊ လက်သန့်ဆေးရည်ဘူးများ ထားရှိပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်အိတ်စွပ်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ပင်စင်လစာထုတ်ယူရာတွင် အငြိမ်းစားဝန်ထမ်းများ အန္တရာယ်ကင်းစေရေးနှင့် လုံခြုံမှုရှိစေရေးအတွက် တာမွေမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးရယူပေးထားကြောင်း၊ အဆိုပါ ပင်စင်လစာထုတ်ပေးရာနေရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မို့မို့အောင် (ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်အသီးသီးတွင် ပိုးသတ်ဆေးဖျန်း

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အတွင်းရှိနေအိမ်များသို့ တစ်အိမ်တက်တစ်အိမ်ဆင်း ပိုးသတ်ဆေးဖျန်းခြင်းနှင့် ရပ်ကွက်လမ်းများအား ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၂၁ ရက် နံနက် ၈ နာရီက ကူမဲမြို့ အမှတ်(၅) ကွေ့ကြီးရပ်ကွက်တွင် လှည့်လည်ဆောင်ရွက်ခဲ့သည်။

မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဈေးများ၊ ရပ်ကွက်၊ ကျေးရွာများ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် ကန့်သတ်စောင့်ကြည့် ဆောင်ရွက်ထားရှိသည့်နေရာများ၊ ဘာသာရေးအဆောက်အဦများနှင့် လူစည်ကားရာနေရာများတွင် အရှိန်အဟုန်မြှင့် လှည့်လည်ဆောင်ရွက်လျက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆုမွန်(ပြန်/ဆက်)**

**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၂၂ ရက် နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို လူအများဝင်ထွက်မှုများသည့် ဈေးများ၊ ပန်းခြံများ၊ ကစားကွင်းများနှင့် မြို့တွင်းလမ်းမကြီးများကို အဓိကထား၍ ဆေးဖျန်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမျိုးအောင်ထံမှ သိရသည်။

ဆေးဖျန်းခြင်းလုပ်ငန်းများကို လူအင်အားအပါအဝင် ဌာနမှ ဆေးဖျန်းယာဉ်များ အသုံးပြုဆောင်ရွက်လျက်ရှိကာ တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ဆေးဖျန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**အောင်စိုးဖေ (မြင်းမူ)**

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၂၀ ရက် ညနေ ၃ နာရီက ဆောင်ရွက်ခဲ့သည်။

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ဇလွန်မြို့မဈေးသစ်အတွင်း အသား၊ ငါးရောင်းချနေသောနေရာများကို ရေဆေးသန့်စင်ပြီးနောက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ပေးခဲ့ပြီး ဇလွန်မြို့မဈေးသစ်တွင် နေ့စဉ်တစ်ကြိမ်ပိုးသတ်ဆေးဖျန်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## သန်လျင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာ စနစ်တကျထုတ်ပေးလျက်ရှိ

**ရန်ကုန် မေ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ မေ ၂၁ ရက် နံနက်ပိုင်းက ပင်စင်များထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်ထုတ်ပေးရာတွင် သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ကာ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ သန်လျင်လူမှုကွန်ရက်နှင့် ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပင်စင်လာရောက်ထုတ်ယူကြသူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများတပ်ပေးခြင်း၊ လက်သန့်ဆေးများဖြင့် လက်ဆေးစေခြင်း၊ ခန္ဓာကိုယ်ဖျန်းပိုးသတ်ဆေးဖြင့် ထိုင်ခုံများပိုးသတ်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေစီအကွာထားရှိကာ စနစ်တကျ ပင်စင်ထုတ်ယူနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူသူဦးရေ စုစုပေါင်း ၅၈၀၀ ကျော်ရှိကြောင်း၊ တစ်ရက်လျှင် ပင်စင်ထုတ်ယူသူ ၈၀၀ နှင့် ၁၀၀၀ အကြားတွင်ရှိကြောင်း၊ ပင်စင်လာရောက်ထုတ်သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ ထိုင်ခုံများဖြင့် စောင့်ဆိုင်းထားရှိပေးကာ ပင်စင်များအား စနစ်တကျထုတ်ပေးနေကြောင်း ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်သက်သက်ရီက ပြောကြားသည်။

အဆိုပါ ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့စီးပွားရေးဘဏ် (သန်လျင်) ခရိုင်ဘဏ်ခွဲတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပင်စင်လာရောက်ထုတ်ယူကြသော မိဘပြည်သူများ ပင်စင်အမြန်ဆုံး ထုတ်ယူနိုင်ရေး ခရိုင်မန်နေဂျာ ဒေါ်သက်သက်ရီနှင့် ဘဏ်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထုတ်ပေး

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူများ၏ ဧပြီလအတွက် ပင်စင်လစာငွေများ ယနေ့နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များ နှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများကို ပင်စင်လစာထုတ်ပေးရာတွင် ဘဏ္ဍာရေးဌာန ဒုတိယဌာနမှူး ဒေါ်မော်လီစန်းနှင့် ဝန်ထမ်းများက စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ရှေးဦးစွာ အငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများကို ငွေထုတ်ပေးရာ အခန်းအဝင်ဝ၌ နှာခေါင်းစည်းများ တပ်ဆင်လာစေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ထိုင်ခုံဖြင့် နေရာချထားပေးခြင်း၊ စိစစ်ရေးလက်မှတ်တင်ပြခြင်း၊ ကော်မတီမှထုတ်ပေးသည့်တစ်ဦးလျှင် နှာခေါင်းစည်း ၁၀ ခုပါ တစ်ထုပ်နှင့် ပင်စင်လစာငွေများ ထုတ်ပေးခြင်း၊ ပင်စင်ထုတ်ယူသူများကို Mandalay Smart Pay Account ဖွင့်ပေးခြင်းအတွက် ရတနာပုံဘဏ်ဝန်ထမ်းများက ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရတနာပုံဘဏ် တာဝန်ရှိသူတစ်ဦးက ပင်စင်လစာကို Smart Pay ဖြင့် ထုတ်ယူခြင်းဖြင့် အခွန်အခများပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း၊ ငွေလွှဲပြောင်းခြင်းတို့ကို ငွေသားကိုင်ဆောင်စရာမလိုဘဲ အလွယ်တကူ ရယူပေးဆောင်နိုင်ခြင်းကြောင့် ယနေ့ဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများ အန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူ ၈၅၁ ဦးရှိပြီး ပင်စင်လစာငွေများကို မေ ၂၂ ရက်မှ ၃၀ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး ထုတ်ယူရန်ကျန်ရှိသူများကို မေလအတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန် ပန်းဆိုးတန်း-ဒလ ကူးတို့ဆိပ်ကမ်း၌ ခရီးသည်စီးနင်းမှု များပြားလာ



**ရန်ကုန် ဧပြီ ၂၂**

ရန်ကုန်မြို့ရှိ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ကြမည့် အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အခြေခံလက်လုပ်လက်စား ပြည်သူများစွာတို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဒလမြို့နယ်မှတစ်ဆင့် ကူးသန်းသွားလာလျက်ရှိရာ ဧပြီ ၂၁ ရက် နံနက်ပိုင်းကစတင်၍ ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ ခရီးသည်စီးနင်းလိုက်ပါမှုအနေဖြင့် ယခင်နေ့များထက် တဖြည်းဖြည်းများပြားလာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ အရေးပေါ်ထိန်းချုပ်ရေးကာလအတွင်း ဧပြီ ၁၀ ရက်မှစတင်၍ ဧပြီ၁၉ ရက်အထိပြည်သူများအား နေအိမ်အတွင်း နေထိုင်ကြရန် တိုက်တွန်းထားခြင်းကြောင့် အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားပြည်သူများစွာတို့မှာ ခရီးသွားလာမှုနည်းပါးခဲ့ကြောင်း၊ သင်္ကြန်ကာလအတွင်း ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ ခရီးသည်စီးနင်းမှုနည်းပါးခြင်းကြောင့် ဧပြီ ၁၀ ရက်မှ ၁၄ ရက်အထိ အခေါက်ရေခုနစ်ခေါက်နှုန်း၊ ဧပြီ၁၅ ရက်မှ၁၉ ရက်အထိ အခေါက်ရေလေးခေါက်နှုန်းဖြင့် ကူးတို့ပို့ဆောင်ပြေးဆွဲပေးခဲ့ကြောင်း၊ သင်္ကြန်ရုံးပိတ်ကာလကုန်ဆုံးသွား၍ ဧပြီ ၂၀ ရက် ရုံးဖွင့်ရက်မှစတင်ပြီး သင်္ဘောခရီးစဉ်ကို ၂၄ ခေါက်နှုန်းဖြင့် ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စီးနင်းမှုများလာခဲ့ကြောင်း ပန်းဆိုးတန်းဆိပ်ကမ်းမန်နေဂျာ ဒေါ်ခင်ခင်နုထံမှ သိရသည်။

လက်ရှိအချိန်၌ ရန်ကုန် (ပန်းဆိုးတန်း -ဒလ) ကူးတို့ဆိပ်ကမ်းရှိ ချယ်ရီ ရေယာဉ်သင်္ဘောသုံးစင်းဖြင့် အလှည့်ကျ နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ မိနစ် ၂၀ ခြား၊ မိနစ် ၃၀ ခြားနှင့် ၁ နာရီခြားတစ်ခါဖြင့် အသွား ၂၄ ခေါက်၊ အပြန် ၂၄ ခေါက်နှုန်းဖြင့် ရုံးဝန်ထမ်းများနှင့် အနယ်နယ် အရပ်ရပ်ရှိ ခရီးသွားမိဘပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ သွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်းမှတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများစွာတို့ ကူးသန်းသွားလာလျက်ရှိပြီး ယခင်က တစ်ရက်လျှင် ပြည်သူ ၃၀၀၀၀ နီးပါး ကူးတို့ပို့ဆောင်ပေးလျက်ရှိရာ ဝင်ငွေကျပ် သိန်း ၃၀ ခန့်ရရှိပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် သင်္ကြန်ရုံးပိတ်ရက်နှင့် Stay Home ကာလအတွင်း ခရီးသည်သွားလာမှုမရှိသလောက် နည်းပါးခဲ့ရာ တစ်နေ့ဝင်ငွေကျပ် ၃၀၀၀၀ ခန့်သာ ရရှိခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ဟိုင်းကြီးကျွန်း-ပုသိမ် ရေယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲ

**ဟိုင်းကြီးကျွန်း ဧပြီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့သို့တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင် ကမ်းရိုးတန်းအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်လိုင်းများအားလုံးကို သင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း ခေတ္တရပ်နားထားပြီးနောက် ဧပြီ ၂၀ ရက်မှစတင်ကာ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော သင်္ဘောလိုင်း၊ စက်လှေလိုင်းများအားလုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ညဘက်ပြေးဆွဲမှုအစား နံနက် ၅ နာရီမှ ည ၈ နာရီအထိ ပြောင်းလဲပြေးဆွဲရန် ညွှန်ကြားချက်အရ ဟိုင်းကြီးကျွန်း-ပုသိမ်ပြေးဆွဲနေသော ရေယာဉ်များအနက်မှ ကုန်တင်ရေယာဉ်တစ်စင်းဖြစ်သည့် စိုးလင်းကျော်-၂ ရေယာဉ်မှာ ဟိုင်းကြီးကျွန်းမြို့သို့ ဧပြီ ၂၀ ရက် ညနေပိုင်းတွင်လည်းကောင်း၊ ပုသိမ်သူ-၁၀ အမည်ရှိ ခရီးသည်တင် ကမ်းရိုးတန်းအမြန်ရေယာဉ်တစ်စင်းမှာ ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း ပြေးဆွဲခဲ့သည်။

ပုံမှန်အားဖြင့် ဟိုင်းကြီးကျွန်း-ပုသိမ် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များအားလုံးမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မိုးရာသီကာလများ၌ နေ့ဘက်ပြေးဆွဲကြပြီး ပွင့်လင်းရာသီရောက်ရှိလာပါက ညပိုင်းအချိန်များသို့ ပြောင်းလဲပြေးဆွဲကြခြင်းဖြစ်သည်။

“ရပ်နားထားတာ ရက်အတန်ကြာပြီဖြစ်လို့ ဒေသအတွက်မှာယူထားကြတဲ့ ကုန်ပစ္စည်းတွေက တော်တော်များများ ရောက်ရှိလာပါတယ်၊ ဒါပေမယ့် ခရီးသည်တွေက ယခင်လတွေကလောက် လိုက်ပါတာကို မတွေ့ရပါဘူး” ဟု အမှတ်(၃)ရပ်ကွက် အဏ္ဏဝါဆိပ်ကမ်းအလုပ်သမားတစ်ဦးက ပြောသည်။

ရေယာဉ်များ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲကြပြီဖြစ်၍ ဟိုင်းကြီးကျွန်းဒေသအတွင်း ကုန်စည်သယ်ဆောင်ခြင်းနှင့် ခရီးသွားလာမှုများ စတင်အသက်ဝင်လှုပ်ရှားလာပြီဖြစ်ပြီး ဟိုင်းကြီးကျွန်း-ပုသိမ်-ရန်ကုန် ကားလိုင်းများမှာ ဧပြီ ၃၀ ရက်တွင် ပြန်လည်ပြေးဆွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**နောင်တရား**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများသို့ နောင်တရားမြို့မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် နန်းပုလင်းကျေးရွာအုပ်စု ပင်စိမ်းပင်ရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်သုံးစီး သွားရောက်လှူဒါန်းခဲ့ပြီး နောင်တရားမြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ သောက်သုံးရေရှားပါးပါက နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နောင်တရားမီးသတ်စခန်း၊ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နောင်တရားမြို့ ပရဟိတလူငယ်အဖွဲ့သို့လည်း ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ဂဠုံကုန်းကျေးရွာသို့ ဧပြီ ၂၁ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ သံချပ်ကာတပ်ရင်းနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ရှိ အမှတ် ၅၀၀၁ သံချပ်ကာတပ်ရင်းနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သောက်သုံးရေလိုအပ်လျက်ရှိသည့် ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်၍ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ ဂဠုံကုန်းကျေးရွာရှိ အိမ်ထောင်စု ၉၄ စုအတွက် ရေဂါလန် ၆၄၀၀ နှင့် ၎င်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များ သောက်သုံးရေအဆင်ပြေစေရန်အတွက် ရေဂါလန် ၂၄၀၀ တို့ကို သံချပ်ကာတပ်ရင်းတပ်မတော်သားများနှင့် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့်အတွက် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ရေဂါလန် ၁၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးသည်။

ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အန်းတားကျေးရွာရှိ အိမ်ခြေ ၆၆ အိမ်မှ လူဦးရေ ၃၀၂ ဦးတို့အတွက် ရေဂါလန် ၁၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခြင်းဖြစ်သည်။

ဂန့်ဂေါမြို့နယ်အတွင်း နွေရာသီ အပူရှိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုအချိန်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်းနှင့် ရေပြတ်လပ်ပါက ခရိုင်/မြို့နယ် ကျေးလက်ဦးစီးဌာနများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ဂန့်ဂေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်အေးမြင့်သန်းထံမှ သိရသည်။

**ဇော်မင်းဌေး**

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် သောက်သုံးရေရရှိစေရေးအတွက် ဧပြီ ၂၂ ရက် နံနက်ပိုင်းက မေတ္တာရောင်ပြန် ပရဟိတလူမှုကူညီရေးအဖွဲ့က သောက်သုံးရေ သွားရောက်လှူဒါန်းသည်။

မေတ္တာရောင်ပြန်ပရဟိတအသင်းအနေဖြင့် သောက်သုံးရေရှားပါးသည့် ရွှေဝါထွန်းရပ်ကွက်နှင့် စဥ့်အိုးဖိုကျေးရွာတို့သို့ ရေဂါလန် ၃၈၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# လုပ်ငန်းရှင်များ မျောပြန်အပ်ပါက သက်တမ်းတိုးပေးမည်

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေနံများကို မုံရွာမြို့ ကျောက္ကာရွာရှိ ရေနံချက်ဖိုများဆီသို့ မျောစာဖြင့် သယ်ယူနေကြသည့်လုပ်ငန်းရှင်များအနေဖြင့် မပို့ဖြစ်လျှင် မျောပြန်အပ်နိုင်ပြီး လုပ်ငန်းပြန်စချိန်တွင် သက်တမ်းတိုးပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မုံရွာမြို့ ကျောက္ကာကျေးရွာအုပ်စုတွင်ရှိသော ဒေသန္တရရေနံချက်ဖိုများကို ဧပြီ ၂၀ ရက်မှ မေ ၃၁ ရက်ထိ ယာယီရပ်ဆိုင်းထားရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အကြောင်းကြားထားသည့်အတွက် မကွေးတိုင်းဒေသကြီးဘက်မှ မျောစာဖြင့် ရေနံသယ်ယူသည့်လုပ်ငန်းများ၌လည်း အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

“နိုင်ငံတော်ကိုရော အခွန်ဆောင်ပြီးပြီ။ ကျွန်တော်တို့တိုင်းဒေသကြီးအတွက်လည်း Transport Pass ဖိုးတွေ သွင်းပြီးဖြစ်တဲ့အတွက် သက်တမ်းတိုးပေးရမှာပေ့ါ ” ဟု မကွေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်၊ သယံဇာတနှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။


ရေနံလုပ်ငန်းခွင်လုပ်သားများ၏ စားဝတ်နေရေးအတွက် ယာယီပြေလည်စေရန် မျောစာဖြင့် ပို့ဆောင်လိုပါကလည်း တိုင်းဒေသကြီးအစိုးရအချင်းချင်း ချိတ်ဆက်ကာလုပ်ဆောင်ပေးမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ရေနံချက်ဖိုများက လက်ခံပါက လုပ်ငန်းရှင်များအား ပို့ဆောင်ခွင့်ပြုထားကြောင်း သိရသည်။

**ဇေယျာတု**
**(မကွေး)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## တေဒဂ်ရ ဥပါသကာ ဥပါသိကာများ

စာရေးသူ အောင်သိမ်းမြတ် စီစဉ်ရေးသားသည့် တေဒဂ်ရ ဥပါသကာ ဥပါသိကာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြတ်စွာဘုရား၏ သာသနာတော်တွင် ရတနာသုံးပါး၌ သဒ္ဓါကြည်ညိုသော ဒါယကာ၊ ဒါယိကာမများ၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်။ သာဝတ္ထိမြို့မှ အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် မြို့နှင့် မနီးမဝေးရှိ မြေနေရာကို ဝယ်ယူရာတွင် ငွေပြားချင်းအနားစပ်လျက် ဝယ်ယူရသည်။ ဇေတမင်းသားက မရောင်းချင်သော်လည်း အားနာကြောင်းပြောသည်ကို မရ အရပေးပြီးဝယ်ယူကာ ဇေတဝန်ကျောင်းတော်ကို တည်ဆောက်ခဲ့သည်။

စာအုပ်ကို Renaissance Publishing House ၊ အမှတ်-၁၀၅၀၊ ၇-ဈေးလမ်း၊ ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၂၅၀၁၂၂၉၃၈မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## ကြည်ညိုသဒ္ဓါပွား ငါးဆူဘုရား

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်) ရေးသားပူဇော်လှူဒါန်းသည့် ကြည်ညိုသဒ္ဓါပွား ငါးဆူဘုရားစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

ရန်ကုန်တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာ လင်္ကာရ (Ph.D) လွန်တော်မူ (၁၃) နှစ်မြောက် နှစ်ပတ်လည်ပူဇော်ပွဲအမှတ်တရ စာပေဒါနအဖြစ်ထုတ်ဝေရာတွင် ဆရာတော်၏ဩဝါဒကို ဦးထိပ်ထား၍ ကြည်ညိုသဒ္ဓါပွား ငါးဆူဘုရား ကကုသန္ဓ ဗုဒ္ဓဝင်အကျဉ်း၊ ဓမ္မစကြာနေ့၊ ဂေါတမ ဗုဒ္ဓဝင်၊ ဆယ်ပါးပါရမီ၊ ဗျာဒိတ်ရဖို့ အင်္ဂါရှစ်ပါး၊ ဓာတ်တော်ဆိုတာ၊ အရိမေတ္တယျဗုဒ္ဓ လောင်းလျာ၊ အရိမေတ္တယျဗုဒ္ဓဝင်အကျဉ်း စသည်တို့ကို ဖော်ပြထားသည်။

စာအုပ်ကို စာပေဒါနအလှူရှင် ဒေါက်တာအောင်ကျော်၊ ဒေါ်နှင်းကြူ မိသားစုက ဒုတိယအကြိမ်အဖြစ် ရန်အောင်စာပေမှ အုပ်ရေ ၅၀၀၀ ရိုက်နှိပ်လှူဒါန်းသည်။





## မန်ဆူရှမ်းကျောင်းဆရာတော်နှင့် ချယ်ရီတွေ အငိုတိတ်စေမည်

စာရေးသူ သီပေါကိုလတ် စီစဉ်ရေးသားသည့် မန်ဆူရှမ်းကျောင်းဆရာတော်နှင့် ချယ်ရီတွေ အငိုတိတ်စေမည်စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လားရှိုးမန်ဆူကျောင်းဆရာတော် ဒေါက်တာအရှင်ပုညနန္ဒ၏ ရှင်သာမဏေဘဝ၊ ရဟန်းဘဝဖြင့် သာသနတာဝန်များကို ထမ်းဆောင်ရင်း မေတ္တာတရားကို အခြေခံကာဆက်ဆံခဲ့သည့်အပြင် ဘာသာရေးဆောင်ရွက်မှုများနှင့် ပရဟိတလုပ်ငန်းများကို စေတနာ၊ မေတ္တာအရင်းခံလျက် ထမ်းရွက်တော်မူခဲ့သည့်အကြောင်းအရာများကို သိရှိနိုင်စေရန် ရည်သန်၍ ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ(ရန်ကုန်) ဖုန်း-၀၉ ၄၀၃၇၀၈၈၉၇နှင့် ၀၉ ၂၅၂၄၇၂၈၉၄ မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။




## ပြန်မလာနဲ့ ငိုချင်တယ်နှင့် အခြားကွက်စိပ်များ

စာရေးသူ ဆလိုင်းစျင်အောင် စီစဉ်သည့် ပြန်မလာနဲ့ ငိုချင်တယ်နှင့် အခြားကွက်စိပ်များစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ပြန်မလာနဲ့ ငိုချင်တယ်၊ ပြောရာမလိုက်သည့် ဂေါဓငမိုက်၊ နန္ဒိယသမင်မင်းဇာတ်၊ နန္ဒိသေနဇာတ်၊ မိန်းမမုန်းမင်းသား၊ ခင်မောင်ရင်တစ်ကိုယ်တည်းမှာ၊ သက်တော်ရှည် စကြာမင်းကြီး၊ ပုဏ္ဏားကို သိကြားပူးသည့်ဇာတ်၊ မုဒုပါဏိဇာတ်၊ အသိလက္ခဏာဇာတ်၊ သားလှလိမ္မာ၊ ဆရာဟာဆရာပါပဲ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို Renaissance Publishing House၊ အမှတ်-၁၀၅၀၊ ၇-ဈေးလမ်း၊ ၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၂၅၀၁၂၂၉၃၈မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။




## ရခိုင်အက္ခရာ ရခိုင်စာ(ထုပ္ပတ်အကျဉ်း)

စာရေးသူ ဂေါယာမြေစောဝင်း စီစဉ်ရေးသားသည့် ရခိုင်အက္ခရာ ရခိုင်စာ(ထုပ္ပတ်အကျဉ်း)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တိုင်းရင်းဘာသာစကားစာဖြင့် သင်ကြားရေး၊ တိုင်းရင်းဘာသာစကား သင်ကြားမှုနှင့်ပတ်သက်၍ ချမှတ်ခဲ့သော မူဝါဒများ၊ လူသားတို့၏ ဘာသာစကားနှင့် စာပေ၊ အက္ခရာ၊ ဗျည်းအက္ခရာနှင့် သရအက္ခရာများ၊ ဗျည်းအမည်များကို ဖော်ပြထားသည်။ ရခိုင်အက္ခရာ ရခိုင်စာ ဆင့်ပွားပေါ်ပေါက်လာပုံနှင့် အသွင်သဏ္ဍာန်ပြောင်းလဲမှုအဆင့်ဆင့်တို့ကို တင်ပြထားသည်။ ရခိုင်စာပေသင်ကြားမှုအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ ဖုန်း- ၀၉-၉၆၃၆၉၉၈၃၄နှင့် ၀၉-၇၇၇၅၅၆၆၀၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## ဟူကောင်းချိုင့်ဝှမ်း၊ ပွင့်သည့်ပန်း တင့်ဆန်းမွှေးကြိုင်နေ

စာရေးသူ ရည်မွန်အောင် စီစဉ်ရေးသားသည့် ဟူကောင်းချိုင့်ဝှမ်း၊ ပွင့်သည့်ပန်း တင့်ဆန်းမွှေးကြိုင်နေစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူသည် ပညာရေးဝန်ထမ်းအဖြစ် ကချင်ပြည်နယ် တနိုင်းမြို့သို့ သွားရောက်အမှုထမ်းရင်း တွေ့ကြုံခဲ့ရသည်များကို ရေးသားတင်ပြထားသည်။ တနိုင်းမြို့သည် ဗမာ၊ ကချင်၊ လီဆူး၊ နာဂ၊ ချင်း၊ ရှမ်း စသည့်လူမျိုးများ နေထိုင်သော မြို့ကလေးတစ်မြို့ဖြစ်ပြီး ယင်းဒေသတွင်နေထိုင်သည့် လူမျိုးများ၏ နေထိုင်စားသောက်ပုံနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ကိုးကွယ်သည့်ဘာသာတို့ကို ဗဟုသုတအဖြစ် လေ့လာနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## မေတ္တာရင်ခွင် ကလေးကဗျာများ

စာရေးသူ ဇာနည်စီစဉ်ရေးသားသည့် မေတ္တာရင်ခွင် ကလေးကဗျာများ စာအုပ်ထွက်ရှိလာသည်။

ကလေးသူငယ်များ စာပေတွင်စိတ်ဝင်စားလာနိုင်စေရန် စာရေးသူက အဆိုပါစာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာအုပ်တွင် ဘဝရတနာ၊ ဂုဏ်ယူပွဲ၊ တောင်ပေါ်ရှုခင်း၊ သားအက၊ မေမေ့ရင်ခွင်၊ မြတ်သရဏဂုံ၊ သစ်လွင်အလှ၊ လှေငယ်ရှင်၊ လသာည၊ ကိုယ်ပိုင်စွမ်းရည်၊ ချောင်းသာသောင်လမ်း၊ လုပ်အားကိုယ်စီ၊ စုံမြိုင်တော၊ ယဉ်ကျေးလိမ္မာ စသည့် ကဗျာအပုဒ် ၉၀ကို ကလေးသူငယ်များ စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေမှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## အတိတ်ပန်းကဗျာများ

စာရေးသူ ဂုဏ်ရည်(ပြွန်တန်ဆာ) စီစဉ်ရေးသားသည့် အတိတ်ပန်းကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နေရပ်ဟောင်းကိုလွမ်းမိသည်၊ တာဝန်ကျေကျေ၊ စိတ်၏ခိုလှုံရာ၊ အမှောင်ဖုံးရာမှသည်၊ အသိနှင့် တာဝန်၊ ပြည်သူအားထားလယ်သမား၊ မွေးမေသို့၊ တို့အမျိုးဖြစ်ပါသည်၊ နေရပ်ဟောင်းဆီသို့၊ အလှကိုယ်စီ၊ ပျဉ်ဘိုးနားလည်ခြင်း၊ လှည့်စားခြင်း၊ မဆုံးဖြတ်ရသေးသော ရာဖြတ်ဈေး၊ ငွေလဘယ်မှာသာပါလိမ့် စသည့်ကဗျာများကို ရသခံစားနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ရွှေဟင်္သာစာပေ၊ အမှတ်- ၂၆၃၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၇၀၉၁၉၁နှင့် ၂၅၄၆၀၉၈၈၉ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။



# ကိုဗစ်-၁၉ ရောဂါ အိမ်မွေးတိရစ္ဆာန်များနှင့် ပိုင်ရှင်တို့အကြား သတိထားသင့်သော အကြောင်းအရာများ

ဒေါက်တာခင်စန်းမော်

၂၀၁၉ နှစ်ကုန်ပိုင်းလောက်တွင် တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာပေါ်ရှိနိုင်ငံနှင့် နယ်မြေစုစုပေါင်း ၂၁၀ သို့ ကူးစက်ပျံ့နှံ့ခဲ့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး (WHO) က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါကြီးဟု ကြေညာခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၈၀၀၀၀ ကျော် ရှိနေခဲ့ပါပြီ။

ဆေးခန်းပိတ်ပြီး အိမ်မှာနေနေသော်လည်း အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်တို့၏ အခက်အခဲများကို နှုတ်အားဖြင့် အကြံဉာဏ်ပေးပြီး တတ်နိုင်သလောက် ကူညီပေးနေခဲ့ရာ သူတို့မေးမြန်းသည့် အကြောင်းအရာများမှတစ်ဆင့် သူတို့၏ စိုးရိမ်သောကများကို သိရှိလာရပါသည်။

သူတို့မေးသည့် မေးခွန်းများက စုံလင်လှသည်။

" ခွေးတွေအတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးပေါ်နေပြီ၊ သူတို့ဆီမှာ လာထိုးပါလို့ ပြောနေတယ်၊ အဲဒါ ဟုတ်လားဟင်"

"တိရစ္ဆာန် ဆေးကုဆရာဝန်တွေက ပြောတာလား"

"မဟုတ်ပါဘူး၊ ဆရာဝန်မဟုတ်တဲ့ သူတွေက ပြောနေတာ"

တချို့က ဤသို့ မေးပြန်သည်။

"ကိုဗစ် – ၁၉ ရောဂါက ခွေးတွေ၊ ကြောင်တွေမှာ ဖြစ်တတ်လား ဒေါက်တာ"

"ရောဂါဖြစ်တဲ့လူကနေ ခွေးတွေ၊ ကြောင်တွေကို ရောဂါကူးနိုင်လား ဒေါက်တာ၊ ဘယ်လိုနည်းတွေနဲ့ ကူးတာလဲ ခင်ဗျာ"

"ကိုဗစ်–၁၉ ရောဂါဖြစ်နေတဲ့ အိမ်မွေးတိရစ္ဆာန်တွေဆီကရော လူကိုရောဂါကူးနိုင်လားလို့ သိချင်ပါတယ်"

ကိုရိုနာဗိုင်းရပ်စ်သည် လွန်ခဲ့သောနှစ်ပေါင်း ထောင်ပေါင်းများစွာကပင် တိရစ္ဆာန်များမှာ ရှိနေခဲ့သော ဗိုင်းရပ်စ် ဖြစ်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်သည် မျိုးခွဲပေါင်းများစွာပါဝင်သော ဗိုင်းရပ်စ်အုပ်စုကြီးတစ်ခုဖြစ်ပြီး တိရစ္ဆာန်များမှ လူကိုကူးစက်စေတတ်သော Zoonosis ရောဂါပိုးလည်း ဖြစ်ပါသည်။ လူကို ရောဂါကူးစက်သောအခါ သာမန်အအေးမိဖျားနာသော ရောဂါအခြေအနေ ဖြစ်ပေါ်စေခြင်းမှသည် ပိုမိုဆိုးရွားပြင်းထန်သောရောဂါများ၊ ဥပမာ– မားစ်ရောဂါ (Middle East Respiratory Syndrome–MERS ) နှင့် ဆားစ်ရောဂါ (Severe Acute Respiratory Syndrome–SARS ) တို့အထိ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေတတ်သည်။ ယခု ကိုဗစ် – ၁၉ ရောဂါသည်လည်း ယခုမှစတင်တွေ့ရှိရသော ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်အသစ်တစ်ခုဖြစ်ပြီး ရောဂါဖြစ်ပွားကြောင်း သိရသည့်အချိန်မှစ၍ လေးလအတွင်း ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၈၀ မှ လူတစ်သန်းကျော်ကို ကူးစက် ပျံ့နှံ့စေသည်အထိ ဆိုးရွားပြင်းထန်ခဲ့ပါသည်။

ကိုဗစ် –၁၉ ရောဂါကိုဖြစ်ပွားစေသည့်ဗိုင်းရပ်စ်သည် SARS–CoV–2 ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်အနွယ်များကို နို့တိုက်သတ္တဝါအများစုနှင့် ငှက်များမှာတွေ့ရသည်။ ထို့ကြောင့် နွား၊ မြင်း၊ ကြောင်၊ ခွေး၊ ဝက်၊ ယုန်၊ တွင်းအောင်းသတ္တဝါများ၊ လင်းနို့များအပြင် အခြားတိရစ္ဆာန်များမှာလည်း တွေ့ရတတ်ပါသည်။ သိပ္ပံပညာရှင်များက SARS–CoV–2 သည် တရုတ်နိုင်ငံရှိ တရုတ်လူမျိုးများ၏ နေအိမ်တို့တွင် ကျက်စားသော လင်းနို့များမှတစ်ဆင့် အစပြုသည်ဟု ယုံကြည်ကြသည်။

ထိုဗိုင်းရပ်စ်သည် တိရစ္ဆာန်တို့၏ ဆဲလ်မျက်နှာပြင်ရှိ ပရိုတင်းတစ်မျိုးဖြစ်သော ACE2 (Angiotensin–converting enzyme 2) ကို ကြိုက်နှစ်သက်ကြပြီး ဗိုင်းရပ်စ်က အလိုအလျောက်ထိုးဖောက်ဝင်ရောက်သွားနိုင်သည်။ ဤဗိုင်းရပ်စ်သည် လင်းနို့မှတစ်ဆင့် လူကို မကူးစက်ခင် ကြားခံသတ္တဝါ၏ ခန္ဓာကိုယ်ထဲမှာ ခိုအောင်းပြီး ပွားများလာပြီးမှ လူသို့ကူးစက်သည်။ ထိုကြားခံသတ္တဝါသည် သင်းခွေချပ်ကဲ့သို့ ပုရွက်ဆိတ်စားသည့် သတ္တဝါ ဖြစ်နိုင်သည်ဟု ယူဆကြသော်လည်း ရောဂါစတင်ဖြစ်ပွားခဲ့သောသူများသည် ထိုတိရစ္ဆာန်များအား ရောင်းချသည့်ဈေးကွက်သို့ လုံးဝမသွားကြသူ၊ မစားကြသူများဖြစ်နေသည်။ ထို့ကြောင့် လင်းနို့မှ စတင်ကူးစက်သည်ဟုလည်း တပ်အပ်သေချာမပြောနိုင်ပါ။

တိရစ္ဆာန်မှ လူကိုကူးစက်ခဲ့သော Zoonosis ရောဂါဟုတော့ လက်ခံထားကြပါသည်။

မည်သို့ပင်ဖြစ်စေ ကိုဗစ် – ၁၉ ရောဂါကတော့ အရှိန်အဟုန်ပြင်းစွာ လူသားတို့ကိုကူးစက်နေခဲ့ပြီ ဖြစ်သည်။

အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်သည် နို့တိုက်သတ္တဝါများပင်ဖြစ်သော သူတို့၏ အိမ်မွေးတိရစ္ဆာန်များကို ကူးစက်နိုင်သလား၊ ထိုအိမ်မွေးတိရစ္ဆာန်များမှတစ်ဆင့် လူကိုထပ်မံကူးစက်နိုင်လေမလားဟု သိလိုကြပါသည်။

ကိုဗစ် – ၁၉ ဗိုင်းရပ်စ်သည် အိမ်မွေးတိရစ္ဆာန်များကို ရောဂါကူးစက်စေနိုင်သည်။ အထူးသဖြင့် ကျားများ၊ ခြင်္သေ့များ စသော Exotic animal များကို ရောဂါပိုမိုကျရောက်နိုင်စွမ်းရှိသည်ဟု ဆိုကြသည်။ အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားသောမှတ်တမ်းအချို့အနက် ပထမဆုံးဖြစ်ရပ်မှာ ဟောင်ကောင်မှ အသက် ၁၇ နှစ်အရွယ် ခွေးကြီးကို ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်ကြည့်ရာ အထင်အရှားရှိသည်ဟု မဖော်ပြနိုင်သော်လည်း ခပ်ပျော့ပျော့ရှိသည်၊ ရောဂါဖြစ်ရုံရှိသည်(weakly positive) ဟု ဖော်ပြခဲ့သည်။ ထိုခွေးသည် ရောဂါဖြစ်ပြီး မကြာခင်သေဆုံးသွားခဲ့သည်။

နောက်တစ်ခုမှာ ဘယ်လ်ဂျီယံနိုင်ငံမှ ကြောင်တစ်ကောင်ဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါပိုး positive ဟု တွေ့ရှိခဲ့သည်။ ထိုခွေးနှင့် ကြောင်တို့သည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသော ပိုင်ရှင်တို့ထံမှ ရောဂါကူးစက်ခံရခြင်း ဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံမှ ကြောင်သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်း စသောလက္ခဏာများ ဖြစ်ပွားခဲ့သည်။ သို့သော် ထိုအိမ်မွေးတိရစ္ဆာန်တို့ထံမှ ရောဂါပိုးကို ပျိုးယူ (culture) သောအခါ Negative ပြပါသည်။ ထိုအဓိပ္ပာယ်မှာ ရောဂါကူးစက်စေနိုင်သော Active ဗိုင်းရပ်စ်မရှိဟု ဖော်ပြခြင်းဖြစ်သည်။ သတိပြုရန်မှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသောကြောင်သည် ရောဂါပိုးသယ်ဆောင်သူ(Carrier) အဖြစ် ကြောင်အချင်းချင်း ရောဂါကူးစက်စေနိုင်သည်။

ခွေးနှင့် ကြောင်ကို နှိုင်းယှဉ်ကြည့်လျှင် ကိုရိုနာဗိုင်းရပ်စ်ကို ခွေးများက ပိုပြီးခံနိုင်ရည်ရှိကြသည်။ အသက်သုံးလအရွယ် Beagle ခွေးငါးကောင်၏ နှာခေါင်းထဲသို့ SARS–CoV–2 ဗိုင်းရပ်စ်ကို ထည့်ပေးပြီး အခြား ခွေးနှစ်ကောင်ကို မထည့်ပေးဘဲ စမ်းသပ်ကြည့်သောအခါ တစ်ပတ်အကြာ၌ မည်သည့် ခွေးမှာမှဗိုင်းရပ်စ်မရှိကြောင်း တွေ့ရသည်။ IDEXX Reference Laboratories က ခွေးများနှင့် ကြောင်များအတွက် Test kit များ ထုတ်လုပ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် နမူနာ ၄၀၀၀ ယူကာ စမ်းသပ်ကြည့်ခဲ့ရာ အားလုံးတွင် ရောဂါပိုးမရှိ Negative ဖြစ်ကြောင်း တွေ့ရှိရသည်။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသောလူမှ တိရစ္ဆာန်ကို ကူးစက်ကြောင်း သေချာသည့် ပထမဆုံးဖြစ်ရပ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ Bronx Zoo တွင် တွေ့ရှိခဲ့သည်။

ရောဂါပိုးရှိပြီး ရောဂါလက္ခဏာမပြသည့် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်း၊ တိရစ္ဆာန် ထိန်းကျောင်းသူထံမှ အသက်လေးနှစ်အရွယ် နာဒီရာအမည်ရှိမလေးရှားကျားတစ်ကောင်ကို ကူးစက်သွားခြင်း ဖြစ်သည်။ ထိုကျားသည် ဗိုင်းရပ်စ်စစ်ဆေးမှု positive ပြခဲ့သည်။

ယင်းသည် လူမှ တိရစ္ဆာန်ကို ကိုဗစ် – ၁၉ ရောဂါကူးစက်ကြောင်း သေချာသည့် ပထမဆုံး ဖြစ်ရပ်ပင်ဖြစ်သည်။

သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် အိမ်မွေးတိရစ္ဆာန်များမှ လူကို ရောဂါကူးစက်နိုင်သလားဆိုသည့် မေးခွန်းနှင့်ပတ်သက်လျှင် ယခုအချိန်အထိ လုံးဝသက်သေအထောက်အထား မရှိသေးပါ။ ခွေးတစ်ကောင် သို့မဟုတ် ကြောင်တစ်ကောင် သို့မဟုတ် အိမ်မွေးတိရစ္ဆာန်တစ်ကောင်မှ လူကို ကိုဗစ် – ၁၉ ရောဂါကူးစက်ခြင်း မရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး (WHO) က ကြေညာထားပါသည်။ သုတေသနပညာရှင်များ၏ အဆိုအရ ဤရောဂါပိုး လူနှင့် တိရစ္ဆာန်တို့ကြား ဆက်နွယ်နေမှုများတွင် အိမ်မွေးတိရစ္ဆာန်တို့သည်လည်း တစ်ခန်းတစ်ကဏ္ဍအနေဖြင့် ပါဝင်နေမည်ဟု သုံးသပ်ကြသည်။ အဘယ်ကြောင့်ဆိုသော် SARS–CoV–2 ဗိုင်းရပ်စ်သည် Angiotensin–converting enzyme 2 ပရိုတင်းကို ထိုးဖောက်ဝင်ရောက်နိုင်ကြရာ ထိုပရိုတင်းသည် တိရစ္ဆာန်များစွာတို့၏ ဆဲလ်မျက်နှာပြင်ပေါ်မှာ ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ တရုတ်နိုင်ငံရှိ ဟာဘင်းတိရစ္ဆာန် ဆေးကုအသက်မွေးဝမ်းကျောင်းတက္ကသိုလ်မှ ပညာရှင်များက ထိုဗိုင်းရပ်စ်သည် ကြက်၊ ဘဲနှင့် ဝက်တို့၏ ခန္ဓာကိုယ်ထဲမှာ ပွားများလာခြင်းမရှိဟု ဆိုပါသည်။ လူအများစု သိလိုသော မေးခွန်းများကို ဖြေရလျှင်–

> **ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် အိမ်မွေးတိရစ္ဆာန်များမှ လူကို ရောဂါကူးစက်နိုင်သလားဆိုသည့် မေးခွန်းနှင့် ပတ်သက်လျှင် ယခုအချိန်အထိ လုံးဝသက်သေ အထောက်အထား မရှိသေးပါ။ ခွေးတစ်ကောင် သို့မဟုတ် ကြောင်တစ်ကောင် သို့မဟုတ် အိမ်မွေးတိရစ္ဆာန် တစ်ကောင်မှ လူကို ကိုဗစ် – ၁၉ ရောဂါကူးစက်ခြင်း မရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး (WHO) က ကြေညာထား**

(၁) ရောဂါဖြစ်ပွားနေသူထံမှ စွန့်ထုတ်လိုက်သောနှာရည်၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်လာသော အမှုန်အမွှားများ၊ ရောဂါရှိသူ၏ လက်များမှတစ်ဆင့် တိရစ္ဆာန်များကို ကူးစက်စေခြင်းဖြစ်ပါသည်။ အများအားဖြင့် ခွေးများက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ပိုမိုခံနိုင်ရည်ရှိကြပါသည်။

(၂) ကိုဗစ် – ၁၉ ရောဂါပိုးရှိသည်ဟုပြသော တိရစ္ဆာန်များမှ လူကို ပြန်လည်ကူးစက်စေသည့် အထောက်အထား ယခုအချိန်အထိ မရှိသေးပါ။

(၃) ခွေးများတွင် ပုံမှန်ထိုးနေကျဖြစ်သော Corona vaccine (ကိုရိုနာကာကွယ်ဆေး) သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်သော သွေးဝမ်းရောဂါကာကွယ်ဆေးသာဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးမဟုတ်ပါ။

(၄) အိမ်မွေးတိရစ္ဆာန်များတွင် ခန္ဓာပြင်ပကပ်ပါးကောင်များအတွက်သုံးသော၊ မွေးမြူရေးတိရစ္ဆာန်များတွင် ခန္ဓာပြင်ပကပ်ပါးကောင်နှင့် သန်ကောင်စွဲကပ်ခြင်းတို့အတွက် အသုံးပြုသော Ivermectin ဆေးသည် တိရစ္ဆာန်များအတွက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးမဟုတ်ပါ။

(၅) ယခုအချိန်တွင်ကမ္ဘာ့ကပ်ရောဂါကြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုမှ လူသားများကို ကယ်တင်ရန် ကုသဆေး၊ ကာကွယ်ဆေးများအား စမ်းသပ်ရှာဖွေနေကြဆဲသာ ရှိနေပါသေးသည်။ တိရစ္ဆာန်များအတွက် ကာကွယ်ဆေးလည်း လုံးဝမရှိသေးပါ။ မိမိတို့၏ အိမ်မွေးတိရစ္ဆာန်များအား ကိုဗစ် – ၁၉ ရောဂါ မကူးစက်စေလိုလျှင် အောက်ပါအချက်များကို ဂရုပြုပါ။

- ❖ အကယ်၍ ပိုင်ရှင်များ၏ စိတ်ထဲမှာ ကိုဗစ် – ၁၉ ရောဂါ ခံစားနေရသည်ဟု သံသယရှိပါက သက်ဆိုင်ရာ ဆေးရုံများသို့ သွားရောက်ပြီး စစ်ဆေးမှုခံယူသင့်သည်။
- ❖ အဖြေမရသေးပါက မိမိ၏ အိမ်မွေးတိရစ္ဆာန်ကို လူကဲ့သို့သဘောထားပြီး ဝေးဝေးနေပါ။
- ❖ WHO ၏ ညွှန်ကြားချက်များအတိုင်း စက္ကန့် ၂၀ ကြာအောင် လက်များကို သေချာစွာဆေးပါ။
- ❖ မျက်နှာ၊ မျက်လုံး၊ ပါးစပ်၊ နှာခေါင်းများကို လက်နှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- ❖ ချောင်းဆိုးလျှင်၊ နှာချေလျှင် တံတောင်ဆစ်နှင့် ကာပါ။ ခွေး၊ ကြောင်တို့ကို သီးသန့်ထားပါ။
- ❖ ယခုကဲ့သို့ Stay home လုပ်နေချိန်တွင် ခွေး၊ ကြောင်များကို အညစ်အကြေးစွန့်ရန် မလွှတ်ကျောင်းပါနှင့်။ ရောဂါပိုးရှိသူထံမှ မကူးစက်အောင် ကာကွယ်ပါ။
- ❖ မွေးမြူရေးတိရစ္ဆာန်များကို ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်များကို ဖြစ်စေ လက်အိတ်နှင့် ကိုင်တွယ်ခြင်းက ယခုအချိန်တွင် ကောင်းမွန်သော၊ ဉာဏ်အမြော်အမြင်ရှိသော၊ ကြိုတင်ကာကွယ်မှုအတွက် အရေးပါသော နည်းလမ်းဖြစ်ပါသည်။

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးမည်ဟု လိမ်ညာနေသောစကားများကို မယုံစားပါနှင့်။ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခြင်းခံထားရသော တိရစ္ဆာန်မှ လူသို့ ပြန်လည်ကူးစက်နိုင်ခြေက အလွန်နည်းနေပါသေးသည်။ (ယခုအချိန်အထိ အထောက်အထား မတွေ့ရသေးပါ)။ သို့သော် သုည ရာခိုင်နှုန်းဟုတော့ မယူဆပါနှင့်။ (risk is low but not zero) ဟု တိရစ္ဆာန်ဆေးကုဆရာဝန် အဏုဇီဝဗေဒပညာရှင် (Veterinary microbiologist) Glenn Browning က ပြောကြားထားပါသည်။ ။

# လှပတဲ့ဝတ်စုံတွေနဲ့ ပရိသတ်စိတ်ဝင်စားမှုကို ရရှိထားတဲ့ မွန်ဂါယောင်း




တောင်ကိုရီးယားရဲ့ မင်းသမီးတစ်ဦးဖြစ်သူ မွန်ဂါယောင်းဟာ လတ်တလောမှာ ဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်ထားပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ မွန်ဂါယောင်းဟာ ဖက်ရှင်ကျလွန်းတဲ့ ဝတ်စုံတွေကြောင့် ပရိသတ်တွေရဲ့ အာရုံကို ဆွဲဆောင်ထားနိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မွန်ဂါယောင်းပါဝင်ထားတဲ့ ဇာတ်လမ်းတွဲဟာ MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်လျက်ရှိတဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး Find Me In Your Memory လို့ အမည်ရကြောင်းလည်း သိရပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ သတင်းသမားတစ်ဦးနဲ့ တက်သစ်စကြယ်ပွင့်တစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်ထားတာ ဖြစ်ပါတယ်။ မွန်ဂါယောင်းပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ တက်သစ်စမင်းသမီးတစ်ဦးဖြစ်တာနဲ့အညီ လှပတဲ့ဝတ်စုံတွေကို ဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ မွန်ဂါယောင်းဟာ လှပတဲ့ဒီဇိုင်းနဲ့ ဝတ်စုံတွေဝတ်ဆင်ရုံသာမက အရောင်ရွေးချယ်တဲ့ အပိုင်းမှာလည်း အရောင်အသွေးစုံလင်တဲ့ ဝတ်စုံအမျိုးမျိုးကို ဝတ်ဆင်ခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် ဆံပင်အပြင်အဆင်ကလည်း ထူးခြားတာကြောင့် အများနဲ့မတူတဲ့ ပြင်ဆင်ပုံမျိုးနဲ့ ဒီဇာတ်လမ်းတွဲမှာ မွန်ဂါယောင်းကို တွေ့မြင်ရကြောင်းလည်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို MBC ရုပ်သံလိုင်းမှ ဗုဒ္ဓဟူး- ကြာသပတေးနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိကြောင်းလည်း သိရပါတယ်။



# သက်ကြီးရွယ်အိုတွေရဲ့ အစားအစာဝယ်ယူမှုတွေကို ငွေရှင်းပေးနေတဲ့ ကိုးလ်ကာဒါးရှီးရန်း

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ကိုးလ်ကာဒါးရှီးရန်းဟာ သူ့ရဲ့ ဒေသတွင်းမှာရှိတဲ့ သက်ကြီးရွယ်အိုတွေ ဝယ်ယူစားသောက်တဲ့ အစားအစာတွေအတွက် ကုန်ကျတဲ့စရိတ်တွေကို ငွေရှင်းပေးနေကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း ဗိုင်းရပ်စ်ကူးစက်နိုင်ခြေမြင့်မားတဲ့ သက်ကြီးပိုင်းတွေအတွက် စတိုးဆိုင်တွေမှာ ဈေးဝယ်ယူနိုင်တဲ့အချိန်ကို သီးခြားသတ်မှတ်ပေးထားပါတယ်။ ဒီလိုအချိန်မှာ ကိုးလ်ကာဒါးရှီးရန်းက သူ့အိမ်ပတ်ဝန်းကျင်က စတိုးဆိုင်တွေဆီသွားကာ အစားအစာဝယ်ယူနေကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် ကုန်ကျတဲ့တန်ဖိုးကို ရှင်းပေးတာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်သံကြယ်ပွင့်တစ်ဦးဖြစ်သူ ကိုးလ်ကာဒါးရှီးရန်းဟာ လော့စ်အန်ဂျလိစ်မှာရှိတဲ့ စတိုးဆိုင်တွေမှာ အစားအစာဝယ်ယူခဲ့ကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် ငွေပေးချေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့် ချိုဆန်ယွန်း

ယခုနှစ်စပိုင်းက အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာခဲ့တဲ့ X1ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချိုဆန်ယွန်းဟာလာမယ့် ဇွန်လအတွင်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၂ ရက်မှာ ချိုဆန်ယွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက ပေ့ါပ်ကြယ်ပွင့်အနေနဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်အကြောင်း အတည်ပြုပြောကြားခဲ့တာပါ။ လာမယ့် ဇွန်လလယ်ပိုင်းမှာ တေးအယ်လ်ဘမ်သစ်စတင် ထုတ်လွှင့်ပေးမှာဖြစ်ပြီး လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်ထုတ်လုပ်မှုတွေရဲ့ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ချိုဆန်ယွန်းဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ယခင်က ရုပ်သံအစီအစဉ်တွေမှာ ပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ X1 ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ကာ နောက်ထပ်တစ်ကြိမ် တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း ပြန်လည် ဝင်ရောက်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ပရိသတ်ရှေ့ အရောက်ပြန်လာမယ့် ဘေယွန်း

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘေယွန်းဟာ လာမယ့်နွေဦးမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၂ ရက်မှာ ဘေယွန်းအနေနဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို လာမယ့်မေလအတွင်း ထုတ်လွှင့်သွားဖို့ရာ စီစဉ်နေကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါသတင်းပေါ်ထွက်လာပြီးနောက် အေဂျင်စီက ဘေယွန်းရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမှာမှန်ကန်ကြောင်းနဲ့ မေလနှောင်းပိုင်းမှာ စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားကြောင်း တစ်ပါတည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ခုနစ်လအတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်သွားမယ့် ဘေယွန်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်လည်းဖြစ်ကြောင်း သိရပါတယ်။

# သရုပ်ဆောင်ခြင်းကြောင့် ပိုမိုကောင်းမွန်တဲ့သူဖြစ်လာခဲ့ဟု ကင်ဂျန်ယွန်းဆို

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ကင်ဂျန်ယွန်းကို မကြာသေးမီက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Crash Landing On You နဲ့ လူသိများလာခဲ့တာပါ။ ကင်ဂျန်ယွန်းက လတ်တလောမှာ မဂ္ဂဇင်းတစ်ခုမှာ မျက်နှာဖုံးရှင်အဖြစ်ပါဝင်ထားပြီး ယင်းမဂ္ဂဇင်းအတွက် အင်တာဗျူးမှာ သရုပ်ဆောင်ခြင်းနဲ့ ပတ်သက်တဲ့ သူ့ရဲ့အမြင်တွေကို ထုတ်ဖော်ပြောကြားထားပါတယ်။ မင်းသားက သူဟာသရုပ်ဆောင်အဖြစ် ပါဝင်လှုပ်ရှားရင်းက ပိုမိုကောင်းမွန်တဲ့ သူတစ်ဦးဖြစ်လာခဲ့ကြောင်း ယင်းအင်တာဗျူးမှာ ထည့်သွင်းဖြေကြားထားတယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ကင်ဂျန်ယွန်းဟာ ဒေသတွင်း မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ Arena အတွက် မျက်နှာဖုံးဓာတ်ပုံတွေ ရိုက်ကူးခဲ့ပြီး အဆိုပါ ဓာတ်ပုံတွေကို ဧပြီ ၂၂ ရက်မှာ ထုတ်ဖော်ပြသလာတာပါ။ ယင်းအလှဓာတ်ပုံတွေနဲ့ အတူ မဂ္ဂဇင်းမှာပါဝင်မယ့် သူ့ရဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့တဲ့ အကြောင်းအရာ အချို့ကိုလည်း ဖော်ပြခဲ့တာပါ။ အဆိုပါ အင်တာဗျူးမှာ ကင်ဂျန်ယွန်းက သရုပ်ဆောင်အဖြစ် လှုပ်ရှားရတာကို ငယ်စဉ်ကတည်းက နှစ်သက်ခဲ့ကာ သရုပ်ဆောင်ခြင်းကြောင့် သူဟာ ပိုမိုကောင်းမွန်တဲ့သူတစ်ဦး ဖြစ်လာခဲ့ရကြောင်း ထည့်သွင်းဖြေကြားခဲ့တယ်လို့ သိရပါတယ်။

သရုပ်ဆောင်ခြင်းအတတ်ပညာနဲ့ ပတ်သက်ပြီး သူ့ရဲ့ ထင်မြင်ချက်တွေကိုလည်း မင်းသားက ဖွင့်ဟခဲ့ပါတယ်။ သူက “ကိုယ်သရုပ်ဆောင်လိုက်တဲ့ အကြောင်းအရာတစ်ခုဟာ အခြားသူတွေအပေါ် ကောင်းမွန်တဲ့ သက်ရောက်မှုတွေ ရှိတယ်။ ကိုယ့်အတွက်လည်း သုံးသပ်မှုတွေ ပြန်လည်ရရှိမယ်ဆိုရင် ဒါဟာတကယ့်ကို တန်ဖိုးရှိတဲ့အရာပါ။ ဒ့ါကြောင့် ကျွန်တော်သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်နေတာပါ။ ဒီလိုမျှဝေရတဲ့ ဘဝမျိုးက ကျွန်တော့်အတွက် တန်ဖိုးရှိစေခဲ့တာပါ”လို့ ဆိုပါတယ်။ ဒ့ါအပြင် မင်းသားက သူ့ရဲ့ဘဝဟာ အခြားသူတွေအပေါ် သက်ရောက်မှုနဲ့ ပရိသတ်တွေနဲ့ သူ့ရဲ့ ဆက်ဆံရေးအကြား သူ့အနေနဲ့ ပရိသတ်တွေကို ဘယ်လိုပြန်လည်ပေးဆပ်နိုင်မယ် ဆိုတာကိုလည်း အမြဲတွေးနေမိကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ကင်ဂျန်ယွန်းဟာ အထက်တန်းကျောင်းသားဘဝကတည်းက သရုပ်ဆောင်ခြင်းကို စိတ်ဝင်စားခဲ့တာပါ။ သူဟာ ကျောင်းမှာ ပြဇာတ်အဖွဲ့တစ်ခုကို တည်ထောင်ထားပြီး ကိုယ်တိုင်ပြဇာတ် ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားကာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ပြဇာတ်သရုပ်ဆောင်အဖြစ် လုပ်ဆောင်ဖို့ စိတ်ဝင်စားဆဲဖြစ်ကြောင်းနဲ့ ပြဇာတ်သရုပ်ဆောင်မှုဟာ အဖွဲ့လိုက်လှုပ်ရှားရမှုကို ပိုမိုပေါ်လွင်စေကြောင်းလည်း မင်းသားက ပြောကြားခဲ့ပါတယ်။



# ဆင်းရဲတဲ့ လယ်သမားတွေအတွက် ရန်ပုံငွေထူထောင်ခဲ့တဲ့ အဲလ်ဒရစ်အယ်လ်ဘာ

ဗြိတိန်သရုပ်ဆောင်နဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ အဲလ်ဒရစ်အယ်လ်ဘာဟာ လတ်တလောမှာ ကုလသမဂ္ဂနဲ့ပူးပေါင်းကာ နိုင်ငံအတွင်းက ဆင်းရဲသားလယ်သမားတွေကို ထောက်ပံ့ဖို့အတွက် ရန်ပုံငွေသစ်တစ်ရပ်တည်ထောင်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဲလ်ဒရစ်အယ်လ်ဘာနဲ့ ဇနီးဖြစ်သူ မော်ဒယ်လ်နဲ့ တက်ကြွလှုပ်ရှားသူ ဆပ်ဘရီနာဒိုရီအယ်လ်ဘာတို့ဟာ ဧပြီ ၂၀ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း စီးပွားရေးထိခိုက်ခဲ့ရတဲ့ လယ်သမားတွေအတွက် ရန်ပုံငွေသစ်တည်ထောင်ခဲ့တာပါ။ ဒီရန်ပုံငွေဟာ နိုင်ငံတစ်ဝန်းမှာရှိကြတဲ့ ဆင်းရဲတဲ့ လယ်သမားတွေကို ငွေကြေးတွေ ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ကိုရိုနာဗိုင်းရပ်စ်ကာလအတွင်း ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်၊ နည်းပြများနှင့် ကစားသမားများ လစာလျှော့ယူမည်

**ရန်ကုန် မေ ၂၂**

MNL ကလပ် ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် ကာလအတွင်း အသင်း၏ငွေကြေးလည်ပတ်မှု အဆင်ပြေစေရေး လစာများလျှော့ယူရန် တင်ပြခဲ့ပြီး အသင်းဘုတ်အဖွဲ့ကလည်း သဘောတူလက်ခံခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လစာလျှော့ယူမည့် အစီအစဉ်အတွက် အုပ်ချုပ်/နည်းပြများကိုယ်စား ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းနှင့် အုပ်ချုပ်သူ ဦးဟန်ဝင်းအောင်၊ ကစားသမားများကိုယ်စား အသင်းခေါင်းဆောင် သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်နှင့် နိုင်ငံခြားသား ကစားသမား မက်ဆီမင်တို့ လက်မှတ်ရေးထိုးထားသည့် တင်ပြစာကို မေ ၂၂ ရက်က အသင်း ဖေ့စ်ဘွတ်တွင် တရားဝင်ဖော်ပြခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၂၄ ရက်မှစ၍ ရပ်နားထားပြီး ရှမ်းယူနိုက်တက်အသင်းသားများသည် ပြိုင်ပွဲရပ်နားထားသည့် ကာလအတွင်း လစာနှုန်းထားများ လျှော့ယူရန် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ ပြည်တွင်းကစားသမားများနှင့် အခြားဝန်ထမ်းများမှာ ရာခိုင်နှုန်း ၄၀၊ နိုင်ငံခြားသား ကစားသမားများမှာ ရာခိုင်နှုန်း ၅၀ လျှော့ယူသွားမည်ဖြစ်ပြီး ရောဂါအခြေအနေ ပြန်လည်ကောင်းမွန်ပြီး ပြိုင်ပွဲများ စတင်ကျင်းပနိုင်ပါက ပုံမှန်နှုန်းထားအတိုင်း ပေးချေမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် မေလကုန် လစာပေးချေမှုမှ စတင်ကာ လစာနှုန်းထားများ လျှော့ချသွားမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း လစာကိစ္စရပ်များ၊ စာချုပ်သစ်ကိစ္စရပ်များနှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)သည် အဖွဲ့ဝင်နိုင်ငံတိုင်းမှ ဘောလုံးအဖွဲ့ချုပ်များထံ တရားဝင်ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာလည်း ပြည်တွင်းကလပ်အသင်းများထံ တစ်ဆင့် ပြန်လည်ဖြန့်ဝေထားပြီးဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- ဘုန်းသော်**



၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲဝင် ရှမ်းယူနိုက်တက်အသင်း။

# မော်ရင်ဟိုက ကစားသမားကောင်းတစ်ဦးဖြစ်အောင် မွမ်းမံပေးခဲ့ဟု ရက်ရှ်ဖို့ဒ်ပြောကြား

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းကို နည်းပြမော်ရင်ဟို ရောက်ရှိလာတဲ့အချိန်မှာ အမြဲတမ်းဦးစားပေးခံခဲ့ရတာမရှိခဲ့ပေမယ့် မော်ရင်ဟိုကိုင်တွယ်ခဲ့တဲ့ နှစ်နှစ်ခွဲကာလအတွင်းမှာ လေ့လာသင်ယူစရာတွေ အများကြီးရရှိခဲ့တယ်လို့ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်က ပြောကြားခဲ့ပါတယ်။

နည်းပြမော်ရင်ဟိုရဲ့ ခေါင်းဆောင်မှုအောက်မှာ ရလဒ်ပိုင်း



အတက်အကျအချို့ရှိခဲ့ပေမယ့် မော်ရင်ဟိုဟာ ရက်ရှ်ဖို့ဒ်ကို ကစားသမားကောင်းတစ်ဦးဖြစ်လာဖို့ မွမ်းမံပေးခဲ့တာဖြစ်တယ်လို့ ကစားသမားကိုယ်တိုင်က အခိုင်အမာပြောကြားလာတာ ဖြစ်ပါတယ်။

နည်းပြမော်ရင်ဟိုဟာ မန်ယူအသင်းနဲ့အတူ နှစ်နှစ်ခွဲကြာဖြတ်သန်းခဲ့ရာမှာ ယူရိုပါလိဂ်ဖလားနဲ့ လိဂ်ဖလားတစ်လုံးတို့ကို ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီအချိန်က တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်နေခဲ့ရတာဖြစ်ပြီး နည်းပြမော်ရင်ဟိုနဲ့ ဆက်ဆံရေးအဆင်ပြေပေမယ့် အခက်အခဲတချို့နဲ့ ရင်ဆိုင်ခဲ့ရသလို ကစားသမားဘဝအကောင်းဆုံးဖြစ်အောင်လည်း စွမ်းဆောင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

နည်းပြမော်ရင်ဟိုဟာ သူ့ရဲ့ပထမဘောလုံးရာသီ နွေရာသီဈေးကွက်အတွင်းမှာ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ခေါ်ယူခဲ့တာဖြစ်ပြီး တိုက်စစ်မှူးရက်ရှ်ဖို့ဒ်အနေနဲ့ အီဘရာဟီမိုဗစ်ချ်ဆီကနေ ဘောလုံးပညာတွေသင်ယူခွင့်လည်းရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် ရေးသားသည်**

# အာဆင်နယ်အသင်းကစားသမားများ လုပ်ခလစာကို ၁၂ ဒသမ ၅ ရာခိုင်နှုန်း လျှော့ယူဖို့သဘောတူညီ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းမှ ကစားသမားတွေဟာ သူတို့ရဲ့လုပ်ခလစာကို ၂၀၂၁ ခုနှစ် မတ်လအထိ ၁၂ ဒသမ ၅ ရာခိုင်နှုန်း လျှော့ယူဖို့ သဘောတူညီခဲ့တယ်လို့ အာဆင်နယ်အသင်းက အတည်ပြုပြောကြားထားပါတယ်။

အခုလို လုပ်ခလစာ လျှော့ယူလိုက်တဲ့အတွက် အာဆင်နယ်အသင်း လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့မယ်ဆိုရင် အာဆင်နယ်အသင်း ကစားသမားတွေဟာ ပုံမှန်လုပ်ခလစာအပြင် အပိုဆုကြေးငွေအဖြစ် ပေါင်တစ်သိန်းထပ်ဆောင်းရရှိမှာလည်း ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်မှာ အာဆင်နယ်အသင်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်ခဲ့ပါက ကစားသမားတစ်ဦးစီကို ပေါင်ငါးသိန်းပေးမှာဖြစ်ပြီး ယူရိုပါလိဂ် ချန်ပီယံဖြစ်ခဲ့ပါမူ တစ်ဦးစီကို ပေါင်တစ်သန်း ပေးအပ်သွားမှာ ဖြစ်တယ်လို့လည်းသိရပါတယ်။ အာဆင်နယ်အသင်းရဲ့ အပိုဆုကြေးအစီအစဉ်အရ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာ အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမယ်ဆိုရင် ကစားသမားတွေအားလုံးဟာ သူတို့ လျှော့ယူထားတဲ့ လုပ်ခလစာတွေလည်း အကုန်ပြန်လည်ရရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကလပ်အသင်းရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အကျပ်အတည်းကို ကူညီဖို့အတွက် ကစားသမားတွေ၊ နည်းပြနဲ့ နည်းပြအဖွဲ့ဝင်တွေဟာ သူတို့ရဲ့ဆန္ဒအရ သဘောတူညီခဲ့ကြတာဖြစ်တယ်လို့လည်း အာဆင်နယ်အသင်းက ကြေညာချက်တစ်စောင်မှာ ပြောကြားထားပါတယ်။

လုပ်ခလစာ လျှော့ယူရေးသဘောတူညီချက်ဟာ ဘောလုံးပြိုင်ပွဲပြန်လည်စတင်မှုအပေါ် အခြေခံထားပြီး ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ပြီးစီးအောင်ကျင်းပနိုင်ခဲ့မယ်ဆိုရင် ရုပ်သံဝင်ငွေလည်း အပြည့်အဝရရှိမှာ ဖြစ်ပါတယ်။ လုပ်ခလစာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းလျှော့ယူရေးကို ယခုလကနေစတင်ပြီး ဆောင်ရွက်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ■


မူးယစ်ကို

ပစ်

ပန်းတိုင်သစ်

စိတ်သစ်

လူသစ်

ဘဝသစ်



**လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး နှိုးဆော်ခြင်း**

* ကယားပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ၊ တောင်သူလယ်သမားများအနေဖြင့် မိုးရာသီသီးနှံ စိုက်ပျိုးရန်အတွက် ထွန်ယက်ခြင်း၊ မြေလှန်ခြင်း၊ လယ်ယာမြေပြုပြင်ခြင်းတို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သီးနှံများ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အဆင်ပြေ ချောမွေ့စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ် သမဝါယမဦးစီးဌာန၏ စီစဉ်ကြပ်မတ်မှုဖြင့် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများတို့မှ သမဝါယမစနစ်ဖြင့်လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ဝန်ဆောင်မှုစရိတ် ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက် ရှိပါသည်။
* သမဝါယမအသင်းသားတောင်သူများ၊ တောင်သူလယ်သမားဦးကြီးများ အနေဖြင့် မိမိတို့၏ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။
* ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| | |
|---|---|
| ဒုတိယညွှန်ကြားရေးမှူး | - ၀၉ ၄၂၈၀၃၂၆၂၃ |
| လက်ထောက်ညွှန်ကြားရေးမှူး | - ၀၉ ၄၂၂၄၆၉၄၁၂ |
| ဦးလှဖေ (ဥက္ကဋ္ဌ) ပြည်နယ်အသင်းစုချုပ် | - ၀၉ ၈၉၄၂၄၁၁၀၅ |
| ဦးဝင်းထွန်း (ဥက္ကဋ္ဌ) လွိုင်ကော်မြို့နယ်စု | - ၀၉ ၄၁၀၀၇၈၇၁ |
| ဦးမိရယ်မြင့်(ဥက္ကဋ္ဌ) ငွေတောင်ပြည်လယ်ယာဝန်ဆောင်မှု | - ၀၉ ၇၈၀၅၃၆၈၁၁ |
| ဦးအေးသောင်(ဥက္ကဋ္ဌ) ဒီးမော့ဆိုမြို့နယ်စု | - ၀၉ ၇၈၀၇၁၇၅၃၂ |
| ဦးနိုရီစိုး(ဥက္ကဋ္ဌ) ကန္တရဝတီလယ်ယာဝန်ဆောင်မှု | - ၀၉ ၇၈၇၁၉၉၅၄၄ |

**ပြည်နယ်သမဝါယမဦးစီးဌာန**



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အမှတ်(၉၉)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ (ပဉ္စမထပ်) မျက်နှာမူလျှင် လက်ယာဘက်အခန်း၊ ဧရိယာ(၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသူဖြစ်သော ဦးဝင်းနိုင်[၁၄/ပသန(နိုင်)၀၀၁၁၂၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဖြိုးဇော်ထွန်း [၉/ဝတန(နိုင်)၁၈၈၇၆၁]၊ ဒေါ်စုပြည့်လှိုင်[၁၂/သဃက(နိုင်)၁၈၅၆၉၀]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးဇော်ထွန်း၊ ဒေါ်စုပြည့်လှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅) |
| Ph:09-450023651 | Ph:09-254508917 | Ph:09-421157856 |

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။



**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅**

| | | |
|---|---|---|
| ၁။ ဦးခင်မောင်ဝင်း | နှင့် | ၁။ ဒေါ်ခင်ညိုညို |
| ၂။ ဒေါ်သူဇာဝင်း | | ၂။ ဒေါ်သန်းတင် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်အိမ်ရာ၊ အခန်း(၁၈)၊ တိုက်အမှတ်-၁ နေ ဒေါ်ခင်ညိုညိုနှင့် ဒေါ်သန်းတင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ခုနှစ်၊ မေလ ၅ ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်)၊ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**



**၂၀-၃-၂၀၂၀ရက်စွဲဖြင့် ကြေးမုံသတင်းစာ စာမျက်နှာတွင် ကန့်ကွက်ကြောင်း ကြော်ငြာချက်အရ ဒေါ်လှလှနွယ်သိစေရန်**

၂၀-၃-၂၀၂၀ရက်စွဲဖြင့် လူကြီးမင်း၏ ကန့်ကွက်ကြောင်းကြော်ငြာအား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်အုန်းမေနှင့်သားဖြစ်သူ ကိုမြတ်ကျော်တို့မှ မြင်တွေ့သိရှိပြီးဖြစ်ကြောင်း ၎င်းတို့ပြောပြချက်အရ သိရပါသည်။

သို့သော်ကျွန်ုပ်မိတ်ဆွေတို့သည် ဦးမြင့်ငွေ၌ ယခင်အိမ်ထောင်နှင့် သားသမီး(၁)ဦးရှိကြောင်းသာ ကြားသိခဲ့ရပြီး ကျွန်ုပ် မိတ်ဆွေ ဒေါ်အုန်းမေနှင့် အိမ်ထောင်ကျပြီးကတည်းက ဒေါ်လှလှနွယ် (S.C.G ၀၁၀၁၇၅)ကို မြင်တွေ့ဖူးခြင်း မရှိသလို မည်သည့်အရပ်တွင် နေထိုင်ကြောင်း အမည်နာမမည်သူဖြစ်ကြောင်းကို မသိရှိခဲ့ရသည့်အပြင် ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း/ဖခင်ကွယ်လွန်သည့် အချိန်တွင်လည်း လာရောက်ခဲ့ခြင်းမရှိသည့်အတွက် လူကြီးမင်းအား မသိရှိရပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေများထံမှ ဖြေရှင်းရန် ခက်ခဲနေကြောင်း ၎င်းတို့ပြောပြချက်အရ သိရှိရပါသည်။

သို့ပါ၍ ယခုကြော်ငြာပါသည့်နေ့မှ (၁)လအတွင်း လူကြီးမင်းမှ ဦးမြင့်ငွေ၏ သမီးဖြစ်ကြောင်း တိကျခိုင်လုံသော အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်၏ မိတ်ဆွေများထံ လာရောက်ဖြေရှင်းရန်နှင့် ပြည့်စုံပါက လူကြီးမင်း၏ ဥပဒေနှင့်အညီ ရထိုက်သည့်ရပိုင်ခွင့်များကို ကျွန်ုပ်မိတ်ဆွေများက ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပြီး (၁)လအတွင်းလူကြီးမင်းမှ လာရောက်မဖြေရှင်းပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အုန်းမေနှင့်သား ကိုမြတ်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဒွံ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၆၃)**
**အမှတ်(၄၂)၊ (၄)လမ်းမကြီး၊ မြောင်းမြမြို့။ ဖုန်း-၀၉-၄၂၂၈၈၈၃၂၁**



**ကမ္ဘာသူ/သားများနှင့် မြန်မာပြည်သူ/သားများ နှစ်သစ်မှာ လိုအင်ဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။**

မြန်မာသက္ကရာဇ်-၁၃၈၂ခုနှစ်

**စံ-ကာလီဘို**

**မြန်မာ့ရိုးရာအဇ္ဈေဟောကိန်း**

City Mart, Ocean, Capital, ABC ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ

အဆောင်လက်ဖွဲ့ဝစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

| | |
|---|---|
| ပင်ရင်းဖြန့်ချိရေး | မန္တလေးဖြန့်ချိရေး |
| အမှတ်-၂၈၆(မြေညီထပ်)၊ | လူထုကြီးပွားရေးစာအုပ်တိုက် |
| လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။ | အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် |
| ဖုန်း -၀၁ ၇၀၉၀၃၂၊ ၀၁၈ ၃၉၁၁၆၉၊ | ၃၃-လမ်းထောင့်၊ မန္တလေးမြို့။ |
| ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉ | ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆ |



**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ အရှေ့ဘက်လားသော်-တိုးကြောင်ကလေးရိုး၊ အနောက်ဘက်လားသော်-ပြည်ထောင်စုလမ်းမကြီး၊ တောင်ဘက်လားသော်-သပြေခင်း၊ မြောက်ဘက်လားသော်-မသန်မစွမ်းအားကစားကွင်းစသည့် အနားလေးရပ်အတွင်းရှိ ယခင်အခေါ် ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ တိုးကြောင်ကြီးကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ ကွင်းအမည်-ကံကြီးကွင်း၊ ကွင်းအမှတ်-၄၆၃*၊ ဦးပိုင်အမှတ်-၃၆ ဟုခေါ်တွင်သော ကွယ်လွန်သူ ဦးပြားလေး အမည်ပေါက် ဧရိယာ(၅.၁၃)ကေရှိ လယ်မြေများကို ဦးပြားလေး၏ဇနီးဖြစ်ပြီး ၎င်းသာလျှင် အကျိုးခံစားခွင့်ရှိသူ ဒေါ်တင်မြ၊ နိုင်ငံသားအမှတ်(၁၂/လကန(နိုင်)၀၉၇၇၄၃) ထံမှ ဝယ်ယူရန်အတွက် ဦးဌေးလွင်ဦး (၁၂/လကန(နိုင်)၀၄၃၈၅၄)ဆိုသူက (၂၅-၃-၂၀၁၄)တွင် စရံငွေပေးချေသော်လည်း ထိုစာချုပ်ပါ ကျန်ငွေအပြီးပေးချေရန် သတ်မှတ်ရက်တွင် ဆက်လက်မပေးချေနိုင်ဘဲ ပျက်ကွက်မှုကြောင့် အရောင်းအဝယ်ပျက်သွားရခြင်း၊ ထို့နောက်ဦးတင်ထွန်းအောင် (၁၂/တမန(နိုင်)၀၀၂၃၆၅)ဆိုသူက (၁၂-၉-၂၀၁၄)တွင် စရံငွေလာရောက်ပေးသော်လည်း ထိုစရံစာချုပ်ပါ ကန့်သတ်ရက်တွင် ကျန်ငွေဆက်လက်မပေးချေနိုင်ဘဲ ပျက်ကွက်မှုကြောင့် အရောင်းအဝယ်ပျက်သွားရခြင်း၊ ထို့နောက် ဦးသက်နိုင်ဆိုသူက (၁၅-၃-၂၀၁၅)ရက်နေ့တွင် စရံငွေလာရောက်ပေးသော်လည်း ထိုစရံစာချုပ်ပါ ကန့်သတ်ရက်များတွင် ကျန်ငွေကို အကျေဆက်လက်မပေးချေနိုင်မှုကြောင့် အရောင်းအဝယ်ပျက်ပြယ်သွားခြင်းများဖြစ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ဖော်ပြပါ ဦးဌေးလွင်ဦး၊ ဦးတင်ထွန်းအောင်၊ ဦးသက်နိုင်တို့သည် တစ်စုံတစ်ရာမှ အကျိုးသက်ဆိုင်ခွင့် မရှိတော့ပါကြောင်းနှင့် ဖော်ပြပါ စရံငွေများကို လာရောက်ပေးစဉ်အချိန်က ဒေါ်တင်မြမှ ၎င်းတို့အသီးသီးထံ လွှဲအပ်ထားခဲ့ကြသော အထွေထွေကိုယ်စားလှယ်စာအသီးသီးကိုလည်း ဒေါ်တင်မြက ဤကြော်ငြာချက်ဖြင့် တရားဝင်ပြန်လည်ရုပ်သိမ်းပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်တင်မြ၏လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးမြင့်စိုး(မြူ) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၀၆/၁၉-၁၂-၁၉၉၅)**
အမှတ်-၅၀၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09401600787

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/ ၂၀၁၇၊ တအထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

RE GD.

ဝမ်းပူပူဖြင့် အီမိုးမကျအောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကအောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာ များတို့မှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေများနှင့် ရောင်းချသူများအား အထူးသတိပေး ဝန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

**မြင်းခြံမြို့ (မြို့ပတ်လမ်းဘေး၊ ဝမ်းစတားလမ်းအရှေ့ထိပ်) မျက်နှာစာအကျယ် (၁၀၀)ပေ၊ အရှေ့အနောက် အကျယ်(၂၂၀)ပေ၊ (နေရာကောင်း)၊ ပိုင်ဆိုင်မှု ခိုင်မာသော ပါမစ်မြေ အုတ်တံတိုင်းစတ်ပြီး ရေမီး အပြည့်အစုံ အဆောက်အဦပါပြီး မြေကွက်ကြီးရောင်းမည်။ Ph : 09-2039566, 09-448548778**

ရန်ကုန်မြို့ရှိ ကွန်ဒိုတိုက်ခန်းများနှင့် အိမ်ရာများတွင် အထူးဈေးနှုန်းဖြင့် တပ်ဆင်ရရှိနိုင်ပါပြီ။

5BB BROADBAND
Global Technology Company

ဖုန်းဆက်ရုံဖြင့် လူကြီးမင်းတို့၏ အိမ်ရာအရောက် လာရောက်၍ ဆွေးနွေးညှိနှိုင်းပေးပါသည်။



စိတ်အချရဆုံးနှင့် ဝန်ဆောင်မှုအကောင်းဆုံး အင်တာနက်

အမှတ် - ၄၇၁၊ ပြည်လမ်း၊ Novotel Hotel အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၀၆၆၄ ၆၆၆၁၊ ၀၉ ၄၀၆၆၄ ၆၆၆၂

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးရှိ 11/0.4kV,750kVA Transformer (OLTC)နှင့် ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းနှင့် 400V Line အတွက် ဆောင်ရွက်လိုသူ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများထံမှ တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းနှင့် လျှောက်လွှာများကို ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာစတင်ရောင်းချမည့်နေ့ - ၉-၄-၂၀၂၀ရက်
လျှောက်လွှာပိတ်မည့်နေ့ရက်၊ အချိန်- ၇-၅-၂၀၂၀ရက်
ညနေ ၄:၀၀နာရီ

**တင်ဒါခေါ်ယူရေးကော်မတီ**
**စုံစမ်းရန် ဖုန်း-၀၁-၉၆၉၉၄၁၀**

## B+H Consulting Myanmar Company Limited

**(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**မြန်မာကုမ္ပဏီများဥပဒေ ပုဒ်မ-၃၅၇(က)အရ ကြော်ငြာစာ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း**

B+H Consulting Myanmar Co.,Ltd ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်ရက် -၂၀၂၀ခုနှစ်၊ မေလ ၂၀ရက်
အစည်းအဝေးကျင်းပမည့်အချိန် -နံနက် ၁၀:၀၀နာရီ
အစည်းအဝေးကျင်းပမည့်နေရာ -ကုမ္ပဏီရုံးခန်း

B+H Consulting Myanmar Company Limited ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တတ်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဦးကျော်သိန်း**
**LL.B, DPM, DIR**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ်(၁၉၂)၊ မြန်မာစင်တာ-၁၊ အခန်းအမှတ်-၁၀၊ (၈-လွှာ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၃၄၅၂၄၂**

(အမျိုးသမီးသီးသန့်)
**(ကားမောင်းအမြန်ရက်တိုသင်တန်း)**
-ရန်ကုန်မြို့ထဲလမ်းများပေါ်တွင် ကိုယ်တိုင်ကျွမ်းကျင် ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် ကားပါကင်မျိုးစုံအမြန်ထိုးနိုင်အောင် တစ်ဦးချင်းသီးသန့် အတတ်သင်ပေးသည်။
**Ph:09-407513045**

ဖာ SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

**တော
တောင်
ပျက်
ပြုန်း
မြေ
ဆီ
သုဉ်း
၏**

**အောင်ဆုမြေ ဟိုတယ် ၂**




မြန်မာပြည်တွင်းဧည့်သည်များကို နှစ်သစ်ကူးအထူးလျှော့ဈေး Ks.16000, 19000, 23000 ဖြင့်တည်းခိုနိုင်ပါပြီ
နံနက်စာအပါ၊ရေပူရေအေး Free WiFi, Air Con
32" TV (LED), 24 နာရီ အစားသောက် ဝန်ဆောင်မှု
အမှတ်(၁၁၀)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း:၀၁-၅၂၂၉၃၃-၅၂၂၉၃၄

**အောင်ဆုမြေ ဟိုတယ် ၃**



မြန်မာပြည်တွင်းဧည့်သည်များကို နှစ်သစ်ကူးအထူးလျှော့ဈေး Ks.23000, 25000, 29000 ဖြင့်တည်းခိုနိုင်ပါပြီ
နံနက်စာအပါ၊ရေပူရေအေး Free WiFi, Air Con
32" TV (LED), 24 နာရီ အစားသောက် ဝန်ဆောင်မှု
အမှတ်(၂/၆)၊ သမိုင်းဘူတာရုံလမ်း၊သမိုင်းလမ်းဆုံအနီး၊ရန်ကုန်မြို့။
ဖုန်း ၀၁-၅၂၂၉၂၂၊ ၅၂၂၉၂၄၊ ၅၂၂၉၂၅



YANGON URBAN HOTEL
မြန်မာပြည်တွင်းဧည့်သည်များကို နှစ်သစ်ကူး အထူးလျှော့ဈေး
19,000 ကျပ်
25,000 ကျပ်
39,000 ကျပ်
ဖြင့်တည်းခိုနိုင်ပါပြီ
(13.4.2020 မှ 31.5.2020 အထိ )
နံနက်စာ အပါ၊ Fiber Internet Free
32" TV(LED)၊ Air Con၊ ရေချိုးခန်း
အိမ်သာ တွဲလျက် (ရေပူ၊ရေအေး)၊ (24) နာရီ အစားအသောက် ဝန်ဆောင်ပေးပါသည်
၃၈လမ်း ရန်ကုန်မြို့ Yangon Urban Hotel
အမှတ်(၇၄/၈၀)၊၃၈လမ်း၊ကုန်သည်လမ်းထိပ်အနီး၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း-၀၁ ၃၇၈၆၆၃၊ ၃၇၈၆၆၄၊ ၃၇၆၁၂၀

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၈၆/ခရုံကရုတ်ကွင်း)၊ ဦးပိုင်အမှတ်(၂၂၀) ဧရိယာ(၀.၁၁)ဧကရှိမြေသည် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(V)၁၅၇/၂၀၁၀- ၂၀၁၁အရ ဦးစိန်ပု အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၂၁-၁၂-၂၀၄၀ ရက်တွင် ကုန်ဆုံးမည် ဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးစိန်ပုပိုင်ဆိုင်သောအိမ်နှင့် မြေကွက်အား သားဖြစ်သူ ဦးမောင်မောင်လေးအား မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းနှင့်ပတ်သက်၍ ဦးစိန်ပု၏ဇနီးနှင့် ကျန်သားသမီးများမှ ကန့်ကွက်ရန်မရှိ သဘောတူကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ်(၂၀၅/၂၀၂၀)အရ ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၄၈/၂၀၂၀)ဖြင့် မှတ်ပုံတင်ကာ ဦးမောင်မောင်လေး၏ကိုယ်စား မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၈/၂၀၂၀)အရ ဒေါ်ချောချောစုမှကိုယ်စားပြုလက်မှတ်ရေးထိုးထားပါသည်။ ဦးစိန်ပုမှ သားဖြစ်သူ ဦးမောင်မောင်လေးအား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်အမှတ်(၄၃/၂၀၂၀)ဖြင့် ပေးကမ်းခဲ့ရာ တရားဝင်ပိုင်ဆိုင်လာ၍ ၎င်းအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားရခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ လူနေရပ်ကွက်အမှတ်-၂၊ မြို့ပတ် လမ်းသွယ်(၄)၊ အမှတ်-၂၈၁ဟုခေါ်တွင်သော၊ ဧရိယာ ၀.၀၈၈ဧက၊ ၃၈၄၀စတုရန်းပေ၊ အလျား ၆၄ပေX အနံပေ ၆၀ အကျယ်အဝန်းရှိသော နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သော ဒု-ဗိုလ်မှူးကြီး ဦးကိုကို(ဘ)ဦးတင်မောင်ထံမှ ဒေါ်ကျင်ကျင်စန်း(ဘ)ဦးရွှေ[၁၂/အစန(နိုင်)၀၉၂၈၂၂]က အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ကာ အမည်ပေါက်လွှဲပြောင်းခွင့် ရထားပြီးဖြစ်ကြောင်း မြွတ်ဟ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကိုကို(ဘ)ဦးခင်ဇော်[၁၂/ရပသ(နိုင်)၀၄၆၀၃၅]ထံ ရောင်းချရန် ကမ်းလှမ်းခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးကိုကိုမှ အထက်ဖော်ပြပါ အိမ်၊ မြေအား ဒေါ်ကျင်ကျင်စန်း(ဘ)ဦးရွှေ [၁၂/အစန(နိုင်)၀၉၂၈၂၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တန်ဖိုးတစ်စိတ်တစ်ဒေသအား ၂၀-၄-၂၀၂၀ရက်၌ ပေးချေခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသော ရောင်းဖိုးကျန်ငွေများအား အပြေအကျေပေးချေမည်ဖြစ်ပါသဖြင့် အထက်ပါအရောင်းအဝယ်ပြုလုပ်သော အိမ်၊ မြေနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယခု ကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြိုး(စဉ်-၁၃၆၆၇) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၇၈(ခ)၊ ၁၉/၄၇ရပ်ကွက်၊ စိန်ပန်း(၈)လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၈၄၅၆၁၂၊ ၀၉-၂၆၅၁၇၀၇၆၅**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၉/ရှမ်းစု)၊ ဦးပိုင်အမှတ်(၁၈/ထ)၊ မြေချိန်ဧရိယာ (၀.၀၂၆)ဧက၊ ဦးပိုင်အမှတ်(၁၈/ဏ)၊ မြေချိန်ဧရိယာ(၀.၀၁၈)ဧက၊ စုစုပေါင်းဧရိယာ (၀.၀၄၄)ဧကရှိမြေသည် အခွန်အမှုတွဲအမှတ်(V) ၇၃/၈၄-၈၅အရ ဦးကျော်စိန်နှင့် ဒေါ်အုံးမြိုင်တို့ (၂)ဦးအမည်ဖြင့် နှစ်(၃၀)အငှားဂရန် ရရှိထားပြီး၊ ဦးပိုင်(၁၈/ထ)၊ ဧရိယာ(၀.၀၂၆)ဧက၏ ဂရန်သက်တမ်းမှာ ၃၀-၆-၂၀၁၅ရက်တွင် လည်းကောင်း၊ ဦးပိုင်အမှတ်(၁၈/ဏ)၊ မြေချိန်ဧရိယာ(၀.၀၁၈)ဧက၏ ဂရန်သက်တမ်းမှာ ၃၁-၁၂-၂၀၁၃ရက်တွင် လည်းကောင်း ကုန်ဆုံးနေပြီးဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးကျော်စိန်နှင့် ဒေါ်အုံးမြိုင်တို့ (၂)ဦးမှ အိမ်နှင့်မြေအား ချစ်ခြင်းမေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းသည့် စာချုပ်အမှတ်(၆၈/၂၀၁၆)အရ ဒေါ်ခင်မိုးမိုးကျော်အား တရားဝင်ပေးကမ်းခဲ့ခြင်း၊ မိဘနှစ်ပါး ကွယ်လွန်ခဲ့ပြီးနောက် ၎င်းတို့တွင် သားသမီးများဖြစ်ကြသော (၁)ဒေါ်ရင်ကြည်ကျော်၊ (၂)ဒေါ်သန်းသန်းချို၊ (၃) ဒေါ်ခင်မျိုးမျိုးကျော်၊ (၄)ဒေါ်ရင်စိန်၊ (၅)ဒေါ်ခင်မိုးမိုးကျော်၊ (၆)ဦးမြင့်စိုးစိန်တို့ (၆)ဦးရှိပြီး ဦးမြင့်စိုးစိန်သည် လွန်ခဲ့သော (၂၇)နှစ်ခန့်က ကွယ်လွန်ခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထွေးရီကျန်ရှိကြောင်း၊ ၎င်းတို့ကျန်ရှိသူများမှာ ဒေါ်ရင်ကြည်ကျော်၊ ဒေါ်သန်းသန်းချို၊ ဒေါ်ခင်မျိုးမျိုးကျော်၊ ဒေါ်ရင်စိန်၊ ဒေါ်ထွေးရီတို့မှ မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၀၆၉/၂၀၁၉) နှင့် (၂၀၇၂/၂၀၁၉)တို့အရ ကန့်ကွက်ရန်မရှိ သဘောတူကြောင်းတင်ပြထားသဖြင့် လျှောက်ထားသူ ဒေါ်ခင်မိုးမိုးကျော် တရားဝင် ပိုင်ဆိုင်လာ၍ ၎င်းအမည်ဖြင့် မြေငှား ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားရခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နိုင်ငံတော်ပြဲဝါဒါစရိယ၊ မဟာစည်ပြဲဝါဒါစရိယ
## ရွှေတိဂုံပြဲဝါဒါစရိယ၊ ဂျပန်နိုင်ငံထေရဝါဒမဇ္ဈိမစာရီကျောင်းတိုက်
# ပြဲဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တကေသရ
## မဟာထေရ် (သရက်ဆရာတော်)
## သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အောင်မင်္ဂလာစာသင်တိုက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မဟာအောင်မြေရိပ်သာကျောင်းတိုက်တို့၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ် (သရက်ဆရာတော်)ဘုရားကြီးသည် (၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်)၊ ၁၉-၄-၂၀၂၀(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် သရက်မြို့သူ/သားများနှင့် သရက်အသင်း(ရန်ကုန်)အတွက် အစားထိုးမရတဲ့ ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

သရက်အသင်း(ရန်ကုန်)
အလုပ်အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခိုင်သင်းသင်း

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့နေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးဝင်းဇော်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ [ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း (လေ-ငြိမ်း)]-ဒေါ်တင်တင်စိန်၊ (ဒေါက်တာကြည်ကြည်ခိုင်)တို့၏ ညီမ၊ (လေယာဉ်မှူးကြီး ဦးသန့်ဇင်)၊ ဦးမျိုးခိုင်-ဒေါ်ကြည်ကြည်ညွန့်လွင်တို့၏ အစ်မ၊ ဦးသီဟ-ဒေါ်စန္ဒီစိမ့်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်သဇင်ခိုင်တို့၏ မိခင်၊ ဇာနည်မြင့်အောင်-သန္တာဦး၊ ထက်မြင့်အောင်၊ ထူးမြင့်အောင်တို့၏အဘွား ဒေါ်ခိုင်သင်းသင်းသည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) ညနေ ၄:၄၅နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
မလွန်ဆန်လှူအသင်းနာယက (တ/ဥက္ကလာပမြို့နယ်၊ ၁၂- ရပ်ကွက်)
မာဃမဗ္ဗာရုံအတွင်းရေးမှူး (တ/ဥက္ကလာပမြို့နယ်၊ ၁၂- ရပ်ကွက်)

## ဦးလှရွှေ (၈၇)နှစ်

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း)**

တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၄၁၁)၊ B/2 နေ ဒေါ်မူမူစန်း၏ခင်ပွန်း၊ တောင်ဒဂုံမြို့နယ်၊ (၂၀) ရပ်ကွက်နေ (ဦးလှဝင်း)-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသန့်ဇင်)-ဒေါ်ညွန့်ညွန့်ဝေ၊ မလင်းလင်းဗိုလ်၊ မခင်သဇ္ဇာဗိုလ်၊ မောင်အောင်ဘုန်းပြည့်တို့၏ ဖခင်၊ မဖြိုးဖြိုးခိုင်၊ မောင်ရဲသူရတို့၏ အဘိုးသည် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မဲ (ခ) Sree Morna Ranjan Mahajan

**အသက်(၈၆)နှစ်**

**လက်ထောက်မန်နေဂျာ(ငြိမ်း)မြန်မာ့စီးပွားရေးဘဏ်**
**(စစ်တွေ)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၅/ကက/၄၉၊ ပုဏ္ဏားခြံဝင်း)နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ အမှတ်-၃၃ (ခုနစ်လွှာ)နေ (ဦးမောင်လှအောင်-ဒေါ်ပြီယော်ဘာလာ)တို့၏ သားကြီး၊ (Dr.R.C.Roy-ဒေါ်အူရ်မီလာဘာလာ)တို့၏ သားသမက်၊ ဒေါ်ရီးလာ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒာအေး-ဦးဘီဂျော်န်ကူရာလ်၊ ဦးခင်မောင်အေး-ဒေါ်သီတာလွင်၊ ဦးဇော်လတ်-ဒေါ်ဥမ္မာ၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်စန္ဒီ၊ မစန္ဒာဝင်း၊ မနီလာအေးတို့၏ ကျေးဇူးရှင်ချစ်လှစွာသောဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး၊ ဒေါ်ဖြူ-(ဦးတင်မောင်ဝင်း)၊ ဦးမောင်စိန်-ဒေါ်လီလီ၊ ဦးမောင်သာအောင်-ဒေါ်ညိုညို၊ (ဒေါ်မလှခင်)တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၇ ယောက်တို့၏ဘကြီး ဦးမောင်မဲသည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ (တနင်္လာနေ့)တွင် ဟိန္ဒူဓလေ့ထုံးစံနှင့်အညီ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်သန်း (၇၇) နှစ်

**ရုံးအုပ်ကြီး၊ လသာစည်ပင် (ငြိမ်း)**

ရန်ကုန်မြို့၊ ၂၆၉(ခ)၊ ခနသိဒ္ဓိလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးဗစိန်-ဒေါ်သန်းရင်)တို့၏ သား၊ ဒေါ်တင်တင်ဝင်း(ဟိုတယ်/ခရီး-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်မျိုးသန်း-ဒေါ်စံပယ်အေး၊ (ဦးအောင်မင်းသန်း)၊ ဒေါ်တင်မွန်မွန်သန်း၊ ဦးကျော်နိုင်-ဒေါ်နှင်းဝတီသန်း၊ ဦးဇော်သန်း-ဒေါ်ခင်ဆွေဦးတို့၏ ချစ်လှစွာသောဖခင်၊ မမွန်မြတ်အောင်၊ မစိုးရတနာ၊ မခင်ဆွေသင်း၊ မသက်နှင်းစု၊ မောင်မင်းသက်ခိုင်၊ မောင်ပြည့်သက်ကျော်၊ မောင်ကျော်ဇင်လတ်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၀၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၁၀၅၅၁ ဗိုလ်ကြီးသိမ်းအောင်(ငြိမ်း)

**ဗသက(၃၂)**

**အသက်(၈၁)နှစ်**

မန္တလေးမြို့တွင် နေထိုင်သော ဗိုလ်ကြီးသိမ်းအောင်(ငြိမ်း)သည် ၂၁-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်း(၃၂)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မွန်မြတ်သူ

**ဒုတိယဦးစီးမှူး**
**မင်္ဂလာတောင်ညွန့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး**
**အသက်(၂၉)နှစ်**

လုပ်ငန်းတာဝန်များကျေပွန်စွာထမ်းဆောင်ခဲ့သော ဒေါ်မွန်မြတ်သူသည် ၂၀-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်နှင့်ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်**
**အဖွဲ့ခွဲဝင်များ**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

---

## ဒေါ်ညွန့်ရည်

**အသက်(၈၂)နှစ်**

**စာပေစိစစ်ရေးမှူး (အငြိမ်းစား)**
**စာရေးဆရာမ စိမ်း(တက္ကသိုလ်)**

ရန်ကုန်မြို့၊ အမှတ်(၆၂)၊ ရေကူးရွာမတောင်ပိုင်းလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးလှအောင်-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ (ဦးစိုးမြင့်-ဒေါ်အုန်းကြည်)၊ (ဦးဖေဝင်း-ဒေါ်ခင်ခင်စိန်)၊ ဦးဝင်း-(ဒေါ်ဇင်သွယ်)တို့၏ ညီမ၊ ဦးမြကြွယ်(အငြိမ်းစား-စက်မှုကြေွမြေ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာကောင်းဇော်မိုး-ဒေါက်တာကေသီမြကြွယ်၊ ဒေါ်သီရိမြကြွယ် (USA)တို့၏ ချစ်လှစွာသောမိခင်၊ မမေမင်းမဒ္ဒီမိုး၊ မရွှေရေးရှုပါမိုးတို့၏ ချစ်လှစွာသောအဘွား ဒေါ်ညွန့်ရည်သည် ၂၁-၄-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စမ်းစမ်းညွန့်(B.A, B.Ed)

**အထက်တန်းပြ(ငြိမ်း)**
**အ.ထ.က-၂ (ဒဂုံမြို့မကျောင်း)၊ အ.ထ.က-၂ (စစ်တွေ)၊ အ.ထ.က (အိုင်သပြူ)၊ အ.ထ.က-၁ (သန်လျင်)၊ အ.လ.က-၃ (ဒဂုံ)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၄)နေ (ဦးစက်ရုံ-ဒေါ်သိန်းချို)တို့၏ သမီး၊ (ဦးရင်စု-ဒေါ်စိန်ဖော့)တို့၏ သမီးချွေးမ၊ [ဒေါ်သန်းဆွေ (မြန်မာစာပါမောက္ခ-ငြိမ်း)]၊ [ဦးကောင်းညွန့် (ပါမောက္ခချုပ်-ငြိမ်း၊ ဒဂုံတက္ကသိုလ်)]-ဒေါ်ခင်ခင်ညွန့်တို့၏ ညီမ၊ ဦးသန်းစည်-ဒေါ်နုနုအေး(စက်မှု-၁၊ ငြိမ်း)တို့၏အစ်မ၊ ဒုဗိုလ်မှူးကြီးမြင့်ဟန်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မိုးဟန်-ဒေါက်တာဖြူလဲ့မင်း(ကနေဒါ)၊ Capt:ဇော်မိုးဟန်-ဒေါ်သီရိလှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ Capt:ရဲနိုင်-ဒေါ်အေးမိုးဟန်တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၂-၄-၂၀၂၀ ရက် နံနက် ၁၀:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သိန်း

**မြန်မာ့ကုန်တိုက်၊ ကုန်သွယ်ရေးဦးစီးဌာန-ငြိမ်း**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၁၀)၊ ပထမထပ်နေ ဦးကျော်သိန်း(စီးပွားကူးသန်း၊ မြန်မာ့ကုန်တိုက်-ငြိမ်း)၏ဇနီး၊ ကိုမိုးကျော်-မစန္ဒာရှိန်၊ ကိုမျိုးကျော်-မမိုးကြည်ဖြူ၊ (မဇင်ဇင်ကျော်)၊ မဥမ္မာကျော်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၁-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (၂၄)လမ်း၊ တြိရတနာဓမ္မာရုံသို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဟာဂျီမ ဒေါ်တီတီ (ခ) ဟာဂျီမ ဒေါ်ခတီဂျာ

**အသက် (၇၇) နှစ်**

မန္တလေးမြို့၊ ၂၆ x ၂၇ လမ်းကြား၊ တိုက်တန်းရပ်နေ (ဟာဂျီမ ဒေါ်ကြည်ကြည်)၊ (ဟာဂျီ ဦးဝင်းမောင်-ဟာဂျီမ ဒေါ်ရီရီ)တို့၏ ညီမ၊ (ဟာဂျီဦးကိုကို)-ဟာဂျီမဒေါ်ဂျွန်မာဘီ၊ (ဟာဂျီဦးဇော်ဝင်း)-ဟာဂျီမဒေါ်နွဲ့၊ ဟာဂျီဒေါက်တာနေဝင်း-ဒေါ်ခင်သွယ်ဦး၊ ဟာဂျီကိုတူးတူး-ဟာဂျီမဒေါ်ဖြူဖြူဟာန်၊ ဟာဂျီကိုစိန်ဝင်း-ဟာဂျီမဒေါ်ရီရီချို၊ (ကိုစိုးဝင်း-ဟာဂျီမဒေါ်မြင့်မြင့်သိန်း)၊ ဟာဂျီကိုမျိုးဝင်း(စက်ဘပူ-ပန်ကာကြိုးရောင်းဝယ်ရေး)တို့၏ အစ်မ၊ တိုက်တန်းရပ်နေ (ဟာဂျီဦးဘဟန်-ဟာဂျီမဒေါ်သောင်းရွှေ)တို့၏ သမီးသည် ၁၈-၄-၂၀၂၀ (စနေနေ့) နံနက် ၂:၃၀ နာရီတွင် အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နေ့လယ် ဇိုဟိုရ်နမာဇ်အပြီး ၁၂:၄၅ နာရီတွင် တိုက်တန်းဝင်းနေအိမ်မှ အေးရိပ်ငြိမ်ကဘာရ်စတာန်သို့ ပို့ဆောင်ဒဖ်နာပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (မဂ်ဖွေရသ်အတွက် ဒိုအာပြုပေးကြပါရန်။)

ကျန်ရစ်သူမိသားစု

---

ဟင်္သာတအသင်း

## ရဲအုပ်ရဲကျော်သူ ဦးကျော်စံဝင်း

**သတင်းတပ်ဖွဲ့ (ငြိမ်း)၊ သူရ-၁၂**
**အသက် (၇၅) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးသိမြ-ဒေါ်လှရှိန်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း၊ အမှတ်(၉)၊ တတိယထပ်(ဝဲ)နေ (ဒေါ်ညိုညိုဟာန်)၏ခင်ပွန်း၊ ဦးမျိုးသူရကျော်(2nd Engineering FG)၊ ဒေါ်နှင်းဝတ်ရည်၊ ဒုတိယဗိုလ်မှူးကြီး ခိုင်မင်းသန့်(တပ်မတော်-ရေ)၊ ဒေါ်တင်ယုဇနကျော်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးကျော်စံဝင်း(ဟင်္သာတအသင်း-စာရင်းစစ်အဖွဲ့ဝင်)သည် ၂၀-၄-၂၀၂၀ ရက် မွန်းလွဲ ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်သီသီခိုင်

**အသက်(၅၄)နှစ်**

မာန်အောင်မြို့၊ ကျောင်းဆရာကြီး ဦးရွှေသီး-ဒေါ်ချမ်းသာတို့၏ မြေးဖြစ်သူ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်အမှတ်(၂၉၂/၁၁)နေ ဦးစောလှဖြူ (ညွှန်ကြားရေးမှူး၊ ကကငွေ-ငြိမ်း)-ဒေါ်ခင်အေးတို့၏ သမီး၊ ဦးမောင်မောင်ထွန်း-ဒေါ်သိန်းသိန်းဦး၊ ဦးကျော်ကျော်ထွန်း၊ (ဦးညီညီစိုး)တို့၏ ညီမ၊ ဦးညီညီလှိုင်-ဒေါ်မြင့်မြင့်သန်း၏ အစ်မ၊ (ဦးသီဟအောင်)၏ ဇနီး၊ ဗိုလ်မှူးဝင်းထွန်းနိုင်-ဒေါ်မေဦးခိုင်တို့၏မိခင် ဒေါ်သီသီခိုင်သည် ၂၂-၄-၂၀၂၀ ရက် နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး၊ (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်သွန်းချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းနု

**အသက်(၈၂)နှစ်**

ဗိုလ်မှူးသိမ်းဆောင်(ငြိမ်း)၊ ကျောင်းအုပ်ကြီး၊ ပညာရေးဝန်ကြီးဌာန၏ မိခင်ကြီး ဒေါ်သန်းနု အသက်(၈၂)နှစ် သည် ရန်ကုန်မြို့၊ ကျောက်မြောင်းနေအိမ်တွင် ၁၈-၄-၂၀၂၀ ရက် နံနက် ၈ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိ၊ မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်တင့်

**အသက်(၇၅)နှစ်**

ဗိုလ်ကြီး အောင်ကျော်တင့်(ငြိမ်း)၊ ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၏မိခင်ကြီး ဒေါ်ခင်တင့် အသက်(၇၅)နှစ်သည် ပဲခူးမြို့နေအိမ်တွင် ၁၈-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိ၊ မိသားစုဝင်များ**

---

အာနိသ

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး

---

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

### တောင်ကိုရီးယား စက်မှုလုပ်ငန်းများအတွက် ဒေါ်လာ ၃၂ ဘီလီယံတန်ဖိုးရှိ ကယ်ဆယ်ရေးအစီအစဉ် မွန်ဂျေအင်း ကြေညာ



စာမျက်နှာ » ၁၁

### အမေရိကန်အထက်လွှတ်တော်က အသေးစားလုပ်ငန်းများအတွက် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်ကို အတည်ပြု

စာမျက်နှာ » ၁၂

### ဆင်းရဲတဲ့ လယ်သမားတွေအတွက် ရန်ပုံငွေထူထောင်ခဲ့တဲ့ အဲလ်ဒရစ်အယ်လ်ဘာ



စာမျက်နှာ » ၂၆

### ကိုရိုနာဗိုင်းရပ်စ်ကာလအတွင်း ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်၊ နည်းပြများနှင့် ကစားသမားများ လစာလျှော့ယူမည်

စာမျက်နှာ » ၂၇

# နေပြည်တော် မြို့မဈေးနှင့် မြို့မဈေးအဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော်မြို့မဈေးနှင့် မြို့မဈေးအဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၊ လမ်းများ၊ ယာဉ်ရပ်နားသည့် နေရာများနှင့် မြို့မဈေးအဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဆေးဖျန်းယာဉ် သုံးစီး၊ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ အဆင့်မြင့် မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးနှင့် ရေမှုန်ရေမွှားထုတ်စက် (LUF 50) Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့် ဆောင်ရွက်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေ့စဉ်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးသန်း**




# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသက်ရှူစက်ကိရိယာများ လှူဒါန်း

ရန်ကုန် မေ ၂၂

**ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသက်ရှူစက်ကိရိယာများ လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။**

ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ အသက်ရှူစက်ကိရိယာများ တင်ဆောင်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထူးလေယာဉ်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖



# မိုင်းယောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**မိုင်းယောင်း မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တိုင်းရင်းဆေးပညာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မေ ၂၂ ရက်က လူအသွားအလာများသည့် ဗလမင်းထင်လမ်းဆုံ၌ ပြုလုပ်ရာ မြို့နယ်တိုင်းရင်းဆေးမှူး ဦးဝေဇော်က လူစုလူဝေးရှောင်၊ အပြင်ထွက်ရင် နှာခေါင်းစည်းတပ်၊ လက်ကို စင်ကြယ်အောင် ဆပ်ပြာနဲ့ မကြာခဏဆေး၊ ရေမရှိရင် လက်သန့်ဆေးရည်သုံး၍ လက်သန့်၊ ဆားပြုတ်ရည်နဲ့ မကြာခဏ အာလုတ်ကျင်း၊ ရေနွေးငွေ့၊ ရေနွေးတွင် ပရုတ်၊ လေးညှင်း၊ နာနတ်ပွင့် တစ်ခုခုထည့်၍ ထွက်လာသော အခိုးအငွေ့ကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

KBZ LIFE
Insurance
"ယုံကြည်အားထား
KBZ LIFE အာမခံစွမ်းအား"
BEST LIFE INSURANCE COMPANY IN MYANMAR
01-2307001 | 09-957-777-999
မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကမ္ဘောဇ အာမခံရုံးအသီးသီးတွင် အာမခံထားရှိနိုင်ပါသည်။
Awarded by:
-World Finance
(2015, 2016)
-Asian Banking & Finance
(2017, 2018, 2019)

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
ဧပြီ ၂၃၊ ၂၀၂၀ (ကြာသပတေးနေ့)

# အဓိက လုပ်ငန်းတာဝန် နှစ်ရပ်၊ မူဝါဒ လေးရပ်ဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန

**တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ**

**နယ်စပ်ရေးရာဝန်ကြီးဌာနသည် "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံး ပြည်နယ်၊ ပြည်မအကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်"ဆိုသည့် မဟာဗျူဟာချမှတ်ကာ အဓိကလုပ်ငန်းတာဝန် နှစ်ရပ်၊ မူဝါဒ လေးရပ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်နိုင်ငံ နယ်စပ်မျဉ်းများနှင့် ထိစပ်နေသည့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့ရှိ မြို့နယ် ၁၆၇ မြို့နယ်မှ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်တွင် နေထိုင်ကြသည့် လူဦးရေ ၁၉ သန်းကျော်ကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့လူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးစေရေး စသည့်မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည် –

**ဦးရဲနိုင် (ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

**မေး။ ။ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနက မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan–MSDP)နဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်က ချမှတ်ထားပြီးဖြစ်တဲ့ MSDP နဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ MSDP ရဲ့ မဏ္ဍိုင်များ၊ ပန်းတိုင်များ၊ မဟာဗျူဟာနဲ့ လုပ်ငန်းစဉ်များဟာ ကုလသမဂ္ဂက ချမှတ်ထားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် SDG၊ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ၊ မဲခေါင်ဒေသတွင် မဟာဗျူဟာမူဘောင်၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ အခြားသော ဒေသတွင်း ကတိကဝတ်တွေနဲ့ ကိုက်ညီမှုရှိအောင် ရေးဆွဲထားတာဖြစ်ပါတယ်။ MSDP မှာ အဓိက မဏ္ဍိုင်(၃)ရပ်ပါဝင်ရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ **မဏ္ဍိုင်(၁)** ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရဲ့ ပန်းတိုင်(၁)၊ မဟာဗျူဟာ 1.2 ဖြစ်တဲ့ "တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေး"ဆိုတဲ့ မဟာဗျူဟာနဲ့ချိတ်ဆက်ပြီး တစ်နိုင်ငံလုံး ပြည်နယ်၊ ပြည်မအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အလားတူ **မဏ္ဍိုင်(၂)** သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရဲ့ ပန်းတိုင်(၃) မဟာဗျူဟာ 3.6 ပါ ကျေးလက်ဒေသ သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှု တိုးတက်စေရန်ဆိုတဲ့ လုပ်ငန်းစဉ်အရ လမ်းတံတားလုပ်ငန်းတွေ၊ မဟာဗျူဟာ 3.1 ပါ ပိုမိုအကျိုးရှိပြီး ရေရှည်တည်တံ့သည့် ရေအသုံးပြုမှု စီမံခန့်ခွဲရေးစနစ်ကို ထောက်ပံ့ပေးခြင်းလုပ်ငန်းစဉ်အရ စိုက်ပျိုးရေရရှိရေးနဲ့ သောက်သုံးရေရရှိရေး လုပ်ငန်းတွေ၊ **မဏ္ဍိုင်(၃)** ပန်းတိုင်(၅) မဟာဗျူဟာ 5.4 ပါ လုပ်ငန်းစဉ်အရ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းတွေ၊ မဟာဗျူဟာ 5.6 ပါလုပ်ငန်းစဉ်အရ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းတွေကို အသီးသီးချိတ်ဆက် အကောင်အထည်ဖော်လျက်ရှိပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်



ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မငွေဇ–ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းကို ဝေဟင်မှ တွေ့မြင်ရစဉ်။

**နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို နှစ်နိုင်ငံ နယ်စပ်မျဉ်းများနှင့် ထိစပ်နေသည့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့ရှိ မြို့နယ် ၁၆၇ မြို့နယ်မှ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်တွင် နေထိုင်ကြသည့် လူဦးရေ ၁၉ သန်းကျော်ကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့လူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိ**

»»» အထူးကဏ္ဍ [ က ] မှ

**မေး။ ။ စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ် ၂၀ စီမံကိန်းရေးဆွဲပြီး နှစ်လတ်ငါးနှစ်စီမံကိန်းလေးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမနှစ်လတ် ငါးနှစ်စီမံကိန်းကာလဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလျာထားချက်လုပ်ငန်းတွေရဲ့ ၄၂ ဒသမ ၂၅ ရာခိုင်နှုန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဒုတိယနှစ်လတ် ငါးနှစ်စီမံကိန်းရဲ့ စတုတ္ထနှစ်ကာလဖြစ်ပြီး ယခုအချိန်အထိ လမ်းတံတားလုပ်ငန်း ၅၂ ဒသမ ၂၄ ရာခိုင်နှုန်း၊ ပညာရေးလုပ်ငန်း ၁၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကျန်းမာရေးလုပ်ငန်း ၂၆ ဒသမ ၀၉ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၅၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်း ၂၇ ဒသမ ၈၃ ရာခိုင်နှုန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ၂၇ ဒသမ ၄၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ရာ ဒုတိယနှစ်လတ် ငါးနှစ်စီမံကိန်းလုပ်ငန်းတွေရဲ့ ၃၈ ဒသမ ၇၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒုတိယနှစ်လတ် ငါးနှစ်စီမံကိန်းရဲ့ နောက်ဆုံးနှစ်ဖြစ်တဲ့ ပဉ္စမနှစ်လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးချိန်မှာ ပထမနှစ်လတ် ငါးနှစ်စီမံကိန်းအကောင်အထည်ဖော်နိုင်မှုထက် ပိုမိုဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။

**မေး။ ။ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လုပ်ငန်းတိုးတက် ဖြစ်ထွန်းမှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း တိုးတက်မှုတွေအနေနဲ့ နယ်စပ်ဒေသအသီးသီးမှာ မြေလမ်း ၂၃၀ မိုင် ၄ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၃၉ မိုင် ၃ ဖာလုံ၊ ဖြုန်းကျောက်ခင်းခြင်း ၁၁ မိုင်၊ ကျောက်လမ်း ၂၆၆ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ငါးမိုင် သုံးဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၅၅ မိုင် ၁ ဖာလုံ၊ တံတားကြီးနှင့် တံတားငယ် ၁၂၇ စင်း၊ Box Culvert အစင်း ၈၃၀၊ မူလတန်းကျောင်းတစ်ကျောင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းတစ်ခု၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၄၈ မိုင် ၁ ဖာလုံ၊ စက်တူးတွင်း(တွင်းနက်) ခြောက်တွင်း၊ စက်တူးတွင်း(တွင်းတိမ်) ၁၁ တွင်း၊ ရေလှောင်ကန်တစ်ကန်၊ အုတ်ရေကန် ၃၁၀၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၂၃ မိုင် ၆ ဖာလုံ၊ ဆိုလာမီးလင်းရေး ၁၇၉ စုံ၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေး ၂၇၇ လုံး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၁၅-၁-၂၀၂၀ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လဟယ်) ကျောင်းသားအိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးစဉ်။

လမ်းတံတားကဏ္ဍတွင် မြေလမ်း ၁၉၅၁ မိုင်၊ လမ်းတာချဲ့ခြင်း ၁၅၂ မိုင် ၁ ဖာလုံ၊ ကျောက်လမ်း ၁၁၀၉ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၂၂၃ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၅၄ မိုင် ၂ ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၀၉ မိုင်၊ ပေ ၁၀၀ အထက် တံတားကြီး ၃၆ စင်း၊ တံတားငယ် ၅၇၇ စင်း၊ Box Culvert ၅၆၈၉ စင်း၊ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၂၃ ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခု၊ ရေရရှိရေးကဏ္ဍတွင် သောက်သုံးရေရရှိရေးလုပ်ငန်း ခြောက်ခု၊ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်း ၃၄၄ မိုင်၊ မီးလင်းရေးကဏ္ဍတွင် လျှပ်စစ်မီးသွယ်တန်းခြင်း ၂၃ မိုင် ၆ ဖာလုံ၊ ဆိုလာမီးတပ်ဆင်ခြင်း ၉၁၃၄ စုံ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် IDP Camp တဲတန်းလျား ဆောက်လုပ်ခြင်း ၁၇၆ လုံး၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း ၇၇၉ လုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ထူးခြားတဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ကောင်းမွန်မှုကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်လုံခြုံရေးအတွက်ပါ အရေးပါတဲ့ နိုင်ငံနယ်နိမိတ်တစ်လျှောက် နယ်စပ်လမ်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သိသာထင်ရှားတဲ့ လမ်းအနေနဲ့ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းမှာရှိတဲ့ မဂွေဇ - ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ခေါင်လန်ဖူးဒေသဟာ ဧရိယာစတုရန်းမိုင် ၂၀၀၀ ခန့် ကျယ်ဝန်းပြီး လူဦးရေ ၁၅၀၀၀ ခန့်သာရှိရာ လူဦးရေသိပ်သည်းဆနည်းပါးတဲ့ ဒေသဖြစ်ပါတယ်။ သို့သော် ရာသီဥတုပြင်းထန်ဆိုးရွားခြင်းနဲ့ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတွေကြောင့် နှစ်စဉ်ဒေသတွင်း စားနပ်ရိက္ခာ လုံလောက်မှုမရှိဘဲ ဒေသဖွံ့ဖြိုးမှုအဘက်ဘက်က နောက်ကျကျန်နေတဲ့ ဒေသဖြစ်ပါတယ်။ ဒါ့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တပ်မတော်၊ ဌာနေပြည်သူ့စစ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တတိယစီမံကိန်းကာလတွင် မဂွေဇ-ခေါင်လန်ဖူးလမ်း လုပ်ငန်းစီမံကိန်းရဲ့ အခက်အခဲဆုံးဖြစ်တဲ့ အမြင့်ပေ ၇၈၀၀ ခန့်ရှိ ဆန်းလွတ်ချက်ကျောက်တောင်ထိပ် ၃၃ မိုင် ၆ ဖာလုံလမ်းကို ဖောက်လုပ်နိုင်ခဲ့ပါတယ်။ လုပ်ငန်းတွေအရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုစတုတ္ထနှစ်အတွင်း ဆန်းလွတ်ချက်တောင်ထိပ်ကနေ မေခမြစ်ကမ်းပါးအထိ (၄၃/၂) မိုင် လမ်းဖောက်နိုင်ခဲ့ပါပြီ။

မေခမြစ်ကို ပွင့်လင်းရာသီတွင် အချိန်ကိုက်ဖြတ်ကူးရေးက ဒီလမ်းဖောက်လုပ်ရေးရဲ့ အဓိကကျတဲ့ ဒုတိယအခက်အခဲဖြစ်ပြီး ကျွန်တော်တို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခုပွင့်လင်းရာသီမှာ မေခမြစ်တစ်ဖက်ကမ်းကို လမ်းဖောက်လုပ်မယ့်စက်၊ ယာဉ်နဲ့ယန္တရားတွေကို ပို့ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ မဝေးတော့တဲ့ကာလမှာ ခေါင်လန်ဖူးအထိ လမ်းဖောက်လုပ်ပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီလမ်းလုပ်ငန်းပြီးရင် ခေါင်လန်ဖူးကနေ တရုတ်နိုင်ငံ နယ်စပ်ဖြစ်တဲ့ ရှိန်းခေါင်ဒေသကို ဆက်လက်ဖောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရအခက်ခဲဆုံးဒေသဖြစ်တဲ့ ခေါင်လန်ဖူးဒေသဟာ မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။ ဒါတင်မကဘဲ ခေါင်လန်ဖူးနဲ့ လန်ဆယ်ဒေသကို ဆက်သွယ်ဖောက်လုပ်ပေးခြင်းဖြင့် လန်ဆယ်-ဖီမော်-ကန့်ဖန်မှတစ်ဆင့် ချီဖွေ၊ ချီဖွေကနေ မြစ်ကြီးနားကို လမ်းဆက်သွယ်လိုက်မယ်ဆိုရင် ပူတာအိုဒေသကို လက်ရှိဆွမ်ပရာဘွမ်လမ်းအပြင် တစ်ဖက်က မဟာဗျူဟာ လမ်းအသစ်တစ်ခု ထပ်မံပေါ်ပေါက်လာမှာဖြစ်လို့ အလွန်အရေးပါလှတဲ့လမ်းဖြစ်ပါတယ်။ အလားတူ ပူတာအိုခရိုင်အတွင်းမှာ ပန်နန်းဒင်-ဒဟွမ်ဒမ်းလမ်း ၆၃ မိုင် ဖောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒဟွမ်ဒမ်းလမ်းဆိုတာက မြန်မာပြည် မြောက်ဖျားမှာရှိတဲ့ ခါကာဘိုရာဇီတောင်ခြေက ကျေးရွာဖြစ်ပါတယ်။

ခါကာဘိုရာဇီ အမျိုးသားသဘာဝဥယျာဉ်ကိုသွားတဲ့ လမ်းမရှိသေးတဲ့အတွက် ဒီလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒီဒေသဟာ ဧရာဝတီမြစ်ကြီးရဲ့ ရေဝေရေလဲ ဒေသဖြစ်တဲ့အပြင် ရေခဲတောင်တွေက တစ်နှစ်ပတ်လုံး ရေခဲတွေ ဖုံးလွှမ်းနေတဲ့အတွက် ထူးခြားတဲ့ဂေဟစနစ်ရှိတာကြောင့် တစ်ချိန်ကျရင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးသာမက မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့်အဖွဲ့ ၉-၂-၂၀၂၀ ရက်က ပေါ့အင်ကျေးရွာအုပ်စု ညဏ်ပင်လမ်းခွဲ-ကျွဲဖြူကွင်း-လွယ်တက် ၂/၀ မိုင် ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တတိယ စီမံကိန်းကာလတွင် မဂွေဇ-ခေါင်လန်ဖူးလမ်း လုပ်ငန်းစီမံကိန်းရဲ့အခက်အခဲဆုံးဖြစ်တဲ့ အမြင့်ပေ ၇၈၀၀ ခန့်ရှိ ဆန်းလွတ်ချက် ကျောက်တောင်ထိပ် ၃၃ မိုင် ၆ ဖာလုံ လမ်းကို ဖောက်လုပ်နိုင်ခဲ့ပါတယ်။ လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုစတုတ္ထနှစ်အတွင်း ဆန်းလွတ်ချက်တောင်ထိပ်ကနေ မေခမြစ်ကမ်းပါးအထိ (၄၃/၂) မိုင် လမ်းဖောက်နိုင်ခဲ့**

»»» အထူးကဏ္ဍ [ ခ ] မှ

ဒါ့ပြင် ဒီနှစ်ရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးရာမှာ ရေသွယ်စနစ်၊ ရေတင်စနစ်နဲ့ ရေလှောင်စနစ်တွေသာမက သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေသန့်စနစ်ကိုပါ တစ်ပါတည်း တပ်ဆင်ပေးနိုင်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုနိုင်ခဲ့ပါတယ်။

လျှပ်စစ်ဓာတ်အား သွယ်တန်းခြင်းနဲ့ ပတ်သက်ပြီး ဒေသခံတွေအတွက် အလွန်ကြီးမားတဲ့ အကျိုးကျေးဇူးရရှိစေတဲ့အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရွာသစ်ကျေးရွာမှ ကျောက်ကချားကျေးရွာအထိ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့ရာ ယခုနှစ်မှာ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၈ ဒသမ ၄ မိုင်၊ ထရန်စဖော်မာ ၁၈ လုံးနဲ့ ၁၁ KV ဓာတ်အားလိုင်း ၁၀ ဒသမ ၄ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ ပန်းတင်ဇော (ကျူတော) ကိုးနဝင်းစေတီတော်မြတ်ကြီးနဲ့ အနီးဝန်းကျင်ရှိ ကျေးရွာ ခြောက်ရွာမီးလင်းရေးလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ နှစ်အလိုက်စီမံကိန်းနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရှားပြားကျေးရွာနဲ့ ရေပုတ်ကျေးရွာမှာ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်အားလိုင်းတွေ သွယ်တန်းခြင်း၊ ထရန်စဖော်မာတွေ တပ်ဆင်ခြင်းကို ယခုဘဏ္ဍာနှစ်ကစလို့ နှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စတုတ္ထနှစ် ကာလအတွင်းမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်လာမှုကလည်း ထူးခြားတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ အချို့ဒေသတွေမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပိုမိုလျင်မြန်တိုးတက်ပြီး အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ ဒေသခံပြည်သူလူထုဟာ မိမိတို့ဒေသဖွံ့ဖြိုးဖို့နဲ့ အကျိုးရှိဖို့အတွက် နိုင်ငံတော်က မြေလမ်းခွင့်ပြုပေးရင် ကျောက်ခင်းလမ်း/အမာခံဖြုန်းခင်းလမ်းအဆင့်မြှင့်တင်ကြပါတယ်။ ကျောက်ခင်းလမ်းခွင့်ပြုပေးရင် ကတ္တရာလမ်းအထိ အဆင့်မြှင့်တင်ကြပါတယ်။ စတုတ္ထ(၁)နှစ်တာကာလအတွင်းမှာ ဒေသတွေရဲ့ စိုက်ထုတ်မှုနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကတ္တရာထောက်ပံ့မှုနဲ့ လမ်းမိုင် ၆၁ မိုင်နဲ့ အခြားလမ်းငယ်တွေကို ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တာဝန်ရှိသူများ ၁၄-၃-၂၀၂၀ ရက်နေ့က မဝေ့ဇ-ခေါင်လန်ဖူးလမ်းဖောက်လုပ်ရေးတွင် အသုံးပြုမည့် ယန္တရားများ၊ စက်သုံးဆီများ၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို မေခမြစ်တစ်ဖက်ကမ်းသို့ ယန္တရားကူးဖောင်ဖြင့် သယ်ဆောင်ဖြတ်ကူးခြင်းအား ကြည့်ရှုစစ်ဆေးစဉ်။

**မေး။ ။ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး ရှေ့ပြေးစီမံကိန်း ဆောင်ရွက်ပေးနေမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

**ဖြေ။** ။မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှာရှိတဲ့ "အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့"ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပင်လောင်းမြို့နယ် ကျေးရွာအုပ်စုလေးခုနဲ့ ကျေးရွာ ၉၇ ရွာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သုံးနှစ်ရှေ့ပြေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ရှေ့ပြေးစီမံကိန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအဖြစ် မြေလမ်း (၄၆/၂)မိုင်၊ ကျောက်လမ်း နှစ်မိုင်၊ ကတ္တရာလမ်း သုံးမိုင်၊ တံတားခြောက်စင်း၊ Box Culvert ၁၅၄ စင်း၊ ရေသွယ်ယူခြင်း (၃၁/၅) မိုင်၊ ရေလှောင်ကန် ငါးကန်၊ စက်ရေတွင်း သုံးတွင်း၊ မီးသွယ်တန်းခြင်း ၁၁ မိုင်နဲ့ ဆိုလာ ၃၆၇ စုံ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအဖြစ် ကော်ဖီပျိုးပင် ၂၁ သိန်းကျော်နဲ့ လက်ဖက်ပျိုးပင် ၅၂၀၀၀၀ တို့ကို ဖြန့်ဝေစိုက်ပျိုးခဲ့ပါတယ်။ ရှေ့ပြေးစီမံကိန်းရလဒ်တွေအပေါ် ထိုင်းနိုင်ငံ မူးယစ်/ဗဟိုအဖွဲ့ အထောက်အပံ့နဲ့ ဆောင်ရွက်နေတဲ့ မယ့်ဖားလုံဖောင်ဒေးရှင်းအဖွဲ့က စိတ်ဝင်စားမှုရှိတဲ့အတွက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဒီဒေသမှာ ဆက်လက်ဆောင်ရွက်သွားဖို့ ဆွေးနွေးလာတဲ့အတွက် မကြာမီ MoU ရေးထိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေ ပြီးဆုံးချိန်မှာ အကျိုးဖြစ်ထွန်းမှုကို သုံးသပ်ပြီး အလားတူ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ရှင်းပြပေးပါဦး။**

**ဖြေ။** ။နိုင်ငံတော်ရဲ့ကာလရှည် ရည်မှန်းချက်မှာ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ နိုင်ငံတော်ဖြစ်ရေးမှာ နိုင်ငံတော်ရဲ့ နယ်စပ်ဒေသတွေ အပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ ဒေသတွေရဲ့ လိုအပ်ချက်က များပြားလှတဲ့အတွက် ဒေသအားလုံးရဲ့ လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်ဖို့၊ နယ်စပ်ဒေသတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ စီမံကိန်း ရည်မှန်းချက်တွေ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့ အဓိကအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေ အရင်းအမြစ်လိုအပ်ပါတယ်။ နိုင်ငံတော်က ရရှိနိုင်သမျှ ဘဏ္ဍာရေး မူဘောင်အတွင်းမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအလိုက် လုပ်ငန်းတွေ ဆောင်ရွက်ပေးနေသလို ဆောင်ရွက်ပြီး လုပ်ငန်းတွေ ရေရှည်တည်တံ့ခိုင်မြဲရေးကလည်း အရေးပါ ပါတယ်။

ဒေသမှာရှိတဲ့ လုပ်ငန်းတွေ ရေရှည်တည်တံ့ခိုင်မြဲရေးမှာ ဒေသခံလူထုရဲ့ ပူးပေါင်းပါဝင်မှုက အဓိကကျပါတယ်။ နယ်စပ်ဒေသမှာ ဆောင်ရွက်တဲ့ ကျေးလက်လမ်းတွေရဲ့ စံသတ်မှတ်ချက်အရ တည်ဆောက်ထားတဲ့ ၁၃ တန်ခံနိုင်ဝန်တံတားတွေအပေါ်မှာ တန်ပိုများစွာတင်ဆောင်ထားတဲ့ ကုန်တင်ယာဉ်တွေ ဖြတ်သန်းမှုအပေါ် ဒေသခံလူထုအနေနဲ့ မိမိတို့နဲ့ မသက်ဆိုင်သလို ဟန့်တားခြင်း၊ တားမြစ်ခြင်း မပြုဘဲနေလို့ တံတားကျိုးခဲ့ရင် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးသလို ဒေသဖွံ့ဖြိုးရေးအတွက် များစွာထိခိုက်မှု ရှိပါတယ်။ ဝိုင်းဝန်းထိန်းသိမ်းပြီး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဆက်စပ်နေပါတယ်။ ငြိမ်းချမ်းမှုမရှိတဲ့ ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ပါဘူး။ ဖွံ့ဖြိုးတိုးတက်မှုမရှိရင် ငြိမ်းချမ်းရေးက ရေရှည်တည်တံ့ခိုင်မြဲမှာ မဟုတ်ပါဘူး။ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေဟာ နယ်စပ်ဒေသတွေမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသတွေဟာ နယ်မြေကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆလည်း နည်းပါးပါတယ်။ ပြည်မနဲ့ ကူးလူးဆက်ဆံဖို့ ခက်ခဲပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ရှိနေပါတယ်။ အဲဒီအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေသည် ဒေသအပေါ်၊ ဒေသခံအားလုံးအပေါ် လွှမ်းခြုံဆောင်ရွက်ပေးနိုင်ဖို့ ခက်ခဲပါတယ်။

ဒါ့ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ဒေသတွေ တည်ငြိမ်ဖို့ လိုအပ်ပါတယ်။ နယ်စပ်ဒေသတွေ တည်ငြိမ်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပြုလုပ်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေဟာ အရေးပါပါတယ်။ ဒါကြောင့် နယ်စပ်ဒေသတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာအရေးကြီးတဲ့ကဏ္ဍ ဖြစ်ပါတယ်။

**မေး။ ။ပြည်သူလူထုကို တင်ပြလိုတဲ့ သတင်းစကားလေး သိပါရစေခင်ဗျာ။**

**ဖြေ။** ။နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတဲ့ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်၊ လူရွယ်တွေရဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ နိုင်ငံမှာ လက်ရှိတည်ဆောက်နေတဲ့ ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်လာစေရေးမှာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ နယ်စပ်ဒေသတွေအားလုံး ဖွံ့ဖြိုးတိုးတက်မှသာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာ ၁၉၈၉-၁၉၉၀ ကနေ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ နှစ် ၃၀ ကျော်ကာလအတွင်း နယ်စပ်ဒေသတွေဟာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ သို့သော် နယ်စပ်ဒေသတွေရဲ့ဒေသဖွံ့ဖြိုးရေး လိုအပ်ချက် ပမာဏကြီးမားတာကြောင့် ဆက်လက်ဆောင်ရွက်ပေးဖို့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ ဆက်လက်တာဝန်ယူကြမယ့် နိုင်ငံတော်အစိုးရအဆက်ဆက်ကလည်း နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ မဟာဗျူဟာတွေနဲ့အတူ ဆက်လက်ဆောင်ရွက်နေရဦးမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးစတဲ့ ကိစ္စရပ်တွေအောင်မြင်ရေးဟာ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်မှုက အဓိကဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘယ်လိုပဲ ဦးဆောင်ပါစေ၊ ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းမှု၊ ပါဝင်မှုမရှိရင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အောင်မြင်မှုမရနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသလို ဒေသခံတိုင်းရင်းသားပြည်သူတွေကလည်း ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါလို့ ပြောကြားလိုပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်



ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ဒေသတွေ တည်ငြိမ်ဖို့ လိုအပ်ပါတယ်။ နယ်စပ်ဒေသတွေ တည်ငြိမ်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပြုလုပ်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အရေးပါပါတယ်။ ဒါကြောင့် နယ်စပ်ဒေသတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်

**ဦးသိန်းဌေးဦး (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန)**

**မေး။ ။ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

**ဖြေ။** ။နယ်စပ်ရေးရာ ဝန်ကြီးဌာနမှာရှိတဲ့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကို နယ်စပ်ဒေသက တိုင်းရင်းသား လူငယ်လူရွယ်တွေအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ရုံးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နဲ့စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း(ရန်ကုန်)၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံး ၉ ရုံး၊ ခရိုင်ရုံး ၉ ရုံး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်း

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ

ကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်းတို့နဲ့ ဖွဲ့စည်းထားပါတယ်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနဟာ နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနဲ့ သက်မွေးပညာကဏ္ဍဆိုပြီး ကဏ္ဍ(၃)ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အခြေခံပညာကဏ္ဍမှာဆိုရင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ထားပြီး နယ်စပ်ဒေသက ပညာဆက်လက်သင်ကြားဖို့ အခက်အခဲရှိကြတဲ့ မိဘမဲ့၊ မိမဲ့၊ ဖမဲ့ ဆင်းရဲနွမ်းပါးလူငယ်တွေကို ငါးတန်းကနေ (၁၀)တန်းအထိ နေရေး၊ စားရေး၊ ဝတ်ရေးနဲ့ ပညာသင်ကြားရေးစရိတ်အားလုံး နိုင်ငံတော်ကကျခံပေးပြီး အခမဲ့တက်ရောက် ပညာသင်ကြားစေပါတယ်။ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသက လူငယ်ကျောင်းသားကျောင်းသူ ၆၇၀၀၉ ဦး တက်ရောက်ခဲ့ပြီး ဒီအထဲကမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၃၇၃၄ ဦးကို တက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာရပ်တွေ ဆက်လက်သင်ကြားပေးနိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှာ စုစုပေါင်း ၃၆၇ ဦး အောင်မြင်ခဲ့ပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၅၇၈၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ဒုတိယကဏ္ဍဖြစ်တဲ့ အဆင့်မြင့်ပညာကဏ္ဍမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်တစ်ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ကျောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်းတစ်ကျောင်းတို့ ပါဝင်ပါတယ်။

**မေး။ ။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့မှုနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

**ဖြေ။** ။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ရတဲ့ အကြောင်းရင်းတွေက နယ်စပ်ဒေသတွေဟာ တောတောင်ထူထပ်ပြီး၊ မြစ်ကူးချောင်းကူးတွေ ပေါများတာကြောင့် သွားလာဆက်သွယ်ဖို့ ခက်ခဲခြင်း၊ နယ်မြေကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆနည်းပါးခြင်း၊ ပြောဆိုတဲ့ ဘာသာစကားနဲ့ ဓလေ့ထုံးစံတွေ မတူကွဲပြားခြင်းတို့ကြောင့် အခြေခံပညာသင်ကြားရေးမှာ ဆရာဆရာမ အင်အားမလုံလောက်တဲ့စိန်ခေါ်မှုကို ကြုံတွေ့ခဲ့ရပါတယ်။

ဒီစိန်ခေါ်မှုကို ဖြေရှင်းကျော်လွှားနိုင်ဖို့အတွက် နယ်စပ်ဒေသတွေမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ နယ်မြေခံဘာသာစကားကို ပြောဆိုသင်ကြားနိုင်တဲ့ ဒေသခံလူငယ်လူရွယ်တွေကို B.Ed., ပညာရေးဘွဲ့ရရှိချိန်ထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ နိုင်ငံတော်စရိတ်နဲ့ အခမဲ့ခေါ်ယူ သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဆရာဆရာမ ၁၃၇၈၆ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပညာရေးဘွဲ့ငါးနှစ်သင်တန်းအမှတ်စဉ်(၃)မှ ကျောင်းသားကျောင်းသူ ၂၆၇ ဦး သင်တန်းဆင်းခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ပညာရေးဘွဲ့ငါးနှစ်သင်တန်း ပထမနှစ်မှ ပဉ္စမနှစ်ထိ ၁၅၄၂ ဦး၊ မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း ၂၈ ဦး၊ ဆရာ အတတ်ပညာ ဒီပလိုမာသင်တန်း ၇၃ ဦး စုစုပေါင်း ၁၆၄၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါတယ်။

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)ကို နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေ ဘွဲ့ရပညာတတ်ဖြစ်လာပြီး မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်ပါတယ်။

ကျောင်းဆင်းကျောင်းသားတွေကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင်ဒီပလိုမာနဲ့ အင်ဂျင်နီယာနည်းပညာဘွဲ့တွေ ပေးအပ်ချီးမြှင့်ပြီး အလုပ်ပါတစ်ပါတည်း ခန့်အပ်ပေးပါတယ်။ ယနေ့အထိ သင်တန်းဆင်း ကျောင်းသားဦးရေ ၄၂၇၁ ဦး မွေးထုတ်ပေးခဲ့ပြီး ပြီးခဲ့တဲ့ တစ်နှစ်တာ ကာလအတွင်း ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)က ကျောင်းသားကျောင်းသူ ၄၀၁ ဦး ကျောင်းဆင်းခဲ့ပါတယ်။

ကျောင်းဆင်း ကျောင်းသားတွေအနက် အရည်အချင်းပြည့်မီသူတွေကို ပါရဂူဘွဲ့နဲ့ မဟာဘွဲ့တွေကို ဆက်လက်တက်ရောက်သင်ယူစေခဲ့ပါတယ်။ ယနေ့အထိ ဒီဂရီကောလိပ်ကျောင်းဆင်းကျောင်းသားတွေထဲက ပါရဂူဘွဲ့ ၃၂ ဦး၊ မဟာသုတေသနဘွဲ့ ၁၀၃ ဦး၊ မဟာသိပ္ပံ ဘွဲ့ ၂၁၆ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ ၃၄ ဦးနဲ့ အင်ဂျင်နီယာဘွဲ့ ၅၆၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိ ဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)တို့တွင် ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၆၀၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

ဝန်ကြီးဌာနက ဝန်ထမ်းတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေဖို့အတွက် ဗဟိုလေ့ကျင့်ရေးကျောင်းကို ရန်ကုန်မြို့ မြောက်ဒဂုံမှာဖွင့်လှစ်ထားပြီး ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း၊ အဆင့်မြင့်စက်ချုပ် နည်းပြသင်တန်းနဲ့ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနရှိ ဝန်ထမ်းတွေအပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က ဝန်ထမ်းတွေ တက်ရောက်သင်ကြားလျက်ရှိပါတယ်။ ယနေ့အထိ သင်တန်းသားသင်တန်းသူ ၁၅၇၃၄ ဦး လေ့ကျင့်ပေးနိုင်ခဲ့ပြီး ပြီးခဲ့တဲ့(၁)နှစ်တာကာလအတွင်း သင်တန်းသားသင်တန်းသူ စုစုပေါင်း ၉၀၀ ကို သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ပါ။ သက်မွေးပညာကဏ္ဍ ဆောင်ရွက်မှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

**ဖြေ။** ။ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေကို စက်မှုလက်မှုပညာရပ်တွေတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေခြင်းဖြင့် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ချက်နဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်တွေအတွက် စက်မှုလက်မှုသက်မွေးပညာသင်တန်းကျောင်းကိုးကျောင်း ဖွင့်လှစ်ထားပါတယ်။ ဒီသင်တန်းကျောင်းတွေမှာ လက်ကိုင်ဖုန်းပြုပြင်သင်တန်း၊ ဆိုင်ကယ်ပြုပြင်သင်တန်း၊ အခြေခံ စက်ပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေး အခြေခံသင်တန်း၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်ဂဟေ၊ စတီးဂဟေ၊ အလူမီနီယံဂဟေသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားစုစုပေါင်း ၅၃၉၄ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သင်တန်းကာလက တစ်နှစ်လျှင် (၆)လသင်တန်း နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာ ကာလအတွင်း သင်တန်းသားပေါင်း ၉၄၈ ဦး သင်တန်း တက်ရောက်အောင်မြင်ခဲ့ပါတယ်။

တိုင်းရင်းသူ အမျိုးသမီးငယ်တွေကို အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာရပ်တွေ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်းကို ဖွင့်လှစ်ထားပြီး အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းတွေ နဲ့ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းတွေ သင်ကြားပေးပါတယ်။ ပခုက္ကူနဲ့ ပုသိမ်အိမ်တွင်းမှုသင်တန်းကျောင်းတို့မှာ အိမ်တွင်းမှုသင်တန်းတွေအပြင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွေဖြစ်တဲ့ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်သင်တန်း၊ အဖျော်ယမကာနဲ့ အစားအစာဝန်ဆောင်မှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးပြီး ဟိုတယ်တွေမှာ ဝန်ထမ်းတွေအဖြစ် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးပါတယ်။ ၁၉၉၂ ခုနှစ်မှ ယနေ့အထိ အိမ်တွင်းမှုသက်မွေး ပညာသင်တန်းကျောင်းတွေမှ သင်တန်းသူ ၉၁၈၀၆ ဦး လေ့ကျင့်သင်ကြားပေးပြီး ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ (၁)နှစ်တာကာလအတွင်း သင်တန်းသူစုစုပေါင်း ၅၈၅၉ ဦးတို့ကို လေ့ကျင့်သင်ကြားပေးပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသားသင်တန်းသူ ၃၀၀ တို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ (၁)နှစ်တာကာလအတွင်း အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းကို သင်တန်းကာလ ၁၈ ပတ်နဲ့သင်တန်းသူဦးရေ ၁၉၁၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

ဦးစီးဌာနအနေနဲ့ အခြေခံ၊ အဆင့်မြင့်ပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရရှိရေးကို တစ်ပါတည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းပြီး သင်တန်းသား သင်တန်းသူဦးရေ ၁၃၇၈၆ ကို ပညာရေးဝန်ကြီးဌာနမှာ အထက်တန်းပြဆရာဆရာမတွေအဖြစ် အလုပ်ခန့်အပ်ပေးခဲ့ပါတယ်။ ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း) ကျောင်းဆင်းပြီး ကျောင်းသား ၄၂၇၁ ဦးကို ဝန်ကြီးဌာန ၁၄ ခုနဲ့ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေမှာ နိုင်ငံ့ဝန်ထမ်းတွေအဖြစ် အလုပ်ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပါတယ်။

စက်မှုလက်မှု ပညာသင်တန်းကျောင်းကိုးကျောင်းမှ အောင်မြင်ပြီးသူတွေအနက် ၁၂၃၄ ဦးတို့ဟာ ဆောက်လုပ်ရေးကုမ္ပဏီတွေ၊ ကားဆားဗစ်စင်တာတွေ၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်တွေ၊ ဂဟေအလုပ်ရုံတွေနဲ့ ပြင်ပလျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းတွေမှာ အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။

အိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းမှ အောင်မြင်ပြီးသူ ၉၁၈၀၆ ဦးအနက် ၄၀၄၉၆ ဦးတို့ဟာ တတ်မြောက်ထားတဲ့ အိမ်တွင်းမှုပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း စစ်တမ်းကောက်ယူ ရရှိထားပါတယ်။

အိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းက အခြေခံအိမ်တွင်းမှုနဲ့ အဆင့်မြင့်စက်ချုပ်သင်တန်းအောင်မြင်ပြီးသူတွေကို ဗဟိုလေ့ကျင့်ရေးကျောင်းမှာ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း တက်ရောက်စေပြီး အောင်မြင်ပြီးသူ ၂၇၄၄ ဦးကို ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၂၉ ရုံမှာ အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပါတယ်။

ပခုက္ကူနဲ့ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်းတို့မှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကို ၂၀၁၇ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း ၆၀၀ အနက် ၄၄၄ ဦးကို ဟိုတယ်ဝန်ထမ်းတွေအဖြစ် အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းမှာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူတွေမှ သင်တန်းသူ ၂၅ ဦးကို ရွေးချယ်ပြီး လုပ်ငန်းခွင်သုံး ဂျပန်ဘာသာစကားသင်တန်း သင်ကြားပေးလျက်ရှိပါတယ်။

ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအနေနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေခံယူပြီး မူလရည်ရွယ်ချက် နှစ်ရပ်အတိုင်း နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်တွေကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တာဝန်ရှိသူများ ၁-၁၁-၂၀၁၉ ရက်က ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် AGTI ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းကျောင်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ၂၇-၁၁-၂၀၁၉ ရက်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (မြဝတီ)တွင် အခြေခံစက်ချုပ်သင်တန်း သင်ကြားပို့ချနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။